# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိကိုယ်ကို ယဉ်ကျေးအောင်ဆုံးမ**

မြောင်းတူးရေယူသမားတို့သည် အလိုရှိရာရေကို ဆောင်ယူကြကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သစ်သမားတို့သည် သစ်ကိုလိုတိုင်း ရအောင်ရွေကုန်၏။ ကောင်းသောအကျင့်ရှိသော သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

ဒဏ္ဍဝဂ် (ဓမ္မပဒ - ၁၄၅)


၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက် | ၂၀၂၀ ပြည့်နှစ်၊ မတ် ၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၉)၊ အမှတ် (၁၅၅)




ကိုရီးယား-မြန်မာ ချစ်ကြည်ရေး(ဒလ) တံတားအား စက်ယန္တရားများဖြင့် တည်ဆောက်နေမှုကို ဒလမြို့နယ်ဘက်ခြမ်းမှ တွေ့ရစဉ်။

# ကိုရီးယား-မြန်မာ ချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်မှု ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်းပြီးစီး

ရန်ကုန်  မတ်  ၂

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနှင့် ဒလမြို့နယ်ရှိ ဗိုလ်မင်းရောင်လမ်းမကြီးတို့ကို ဆက်သွယ် တည်ဆောက်လျက်ရှိသော ကိုရီးယား-မြန်မာ ချစ်ကြည်ရေး(ဒလ) တံတား တည်ဆောက်မှု၏ ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများကို မတ် ၂ ရက်တွင် ဒလဘက်ခြမ်း၌ ၉၀ ရာခိုင်နှုန်းနှင့် ရန်ကုန်ဘက်ခြမ်း၌ ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ သိရသည်။

"ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းအနေနဲ့ ဒလဘက်ခြမ်းမှာ ချဉ်းကပ်တံတားက စုစုပေါင်း ဘိုးပိုင် ၁၁၇ လုံးမှာ ၁၃ လုံးပဲ ကျန်ရှိတော့တယ်။ ၁၀၄ လုံး တူးပြီးသွားပြီ။ ဘိုးပိုင် လုပ်ငန်းရဲ့ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါတယ်။ ရန်ကုန်ဘက်ခြမ်းမှာ ချဉ်းကပ်တံတားက ဘိုးပိုင် ၅၈ လုံး တူးဖော်ရမှာ ရှစ်လုံးပဲကျန်တော့တယ်။ လုပ်ငန်းရဲ့ ၈၅ ရာခိုင်နှုန်း ပြီးစီးသွားပါပြီ။ ပင်မတံတားအနေနဲ့ ရက်အနည်းငယ် အတွင်းမှာ ပင်မတံတားရဲ့ ဒလဘက်ခြမ်း ဘိုးပိုင်တူးခြင်းကို စတင်တူးဖော် ဆောင်ရွက်သွားမှာ ဖြစ်တယ်။ မတ်လအလယ်လောက်မှာ ရန်ကုန်ဘက်ခြမ်းရဲ့ ပင်မတံတား ဘိုးပိုင်တူးဖော်တဲ့လုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက မတ် ၂ ရက်တွင် ပြောသည်။

ကိုရီးယား-မြန်မာ ချစ်ကြည်ရေး (ဒလ)မြစ်ကူးတံတား၏ ပင်မတံတား တည်ဆောက်မှုအနေဖြင့် ရန်ကုန်မြစ်အတွင်း ဒလဘက်ခြမ်း ပင်မတံတား ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများကို ယခုလ ပထမပတ်တွင်လည်းကောင်း၊ ရန်ကုန်ဘက်ခြမ်း ပင်မတံတား ဘိုးပိုင်တူးဖော်ခြင်းလုပ်ငန်းများကို မတ်လလယ်တွင်လည်းကောင်း စတင်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐

## တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၈၀၀၀၀ မှာ ဥရောပသို့ သွားရောက်ကြပြီဟု တူရကီပြော





နိုင်ငံတကာသတင်း စာ » ၁၄

## ကမ္ဘာအနှံ့ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူပေါင်း ၃၀၀၀ ကျော်လာပြီး နိုင်ငံပေါင်း ၆၀ ကျော် ပျံ့နှံ့လာ



နိုင်ငံတကာရေးရာ စာ » ၁၅




# နွေနှင့်ရေ

၂၀၂၀ ပြည့်နှစ် နွေရာသီ ရေရှားပါးကျေးရွာများ သောက်သုံးရေရရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ ရက်က နေပြည်တော်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက "နွေရာသီ ရေရှားပါးမှုပြဿနာကို ဖြေရှင်းရာတွင် သောက်သုံးရေဖြန့်ဝေခြင်းကဲ့သို့ လတ်တလောဆောင်ရွက်မည့် အစီအစဉ်များသာမက ကျေးရွာများ၏ ရေရှားပါးရခြင်း အဓိကအကြောင်းရင်းများကို ဖော်ထုတ်ပြီး ဖြေရှင်းနိုင်မည့် ကာလတို၊ ကာလလတ် အစီအမံများကို ရေးဆွဲ၍ စနစ်တကျဆောင်ရွက်ရန်" မှာကြားသွားခဲ့သည်။

ယမန်နှစ် နွေရာသီ ရေရှားပါးမှုကို စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ဧရာဝတီ၊ နေပြည်တော်၊ ကယား၊ မွန်၊ ရခိုင်၊ ရှမ်း တို့ပါဝင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုတို့ရှိ မြို့နယ်ပေါင်း ၉၃ မြို့နယ်၊ ကျေးရွာပေါင်း ၂၀၈ ရွာတို့မှ လူဦးရေ ၆၀၀၀၀ ကျော်တို့ ခံစားခဲ့ကြရသည်။ သာမန်အားဖြင့် ရေရှားပါးမှုဖြစ်ပေါ်မည်ဟု မျှော်မှန်းကြမည်မဟုတ်သည့် ဒေသများဖြစ်သည့် မြစ်ချောင်းအင်းအိုင်များ ပေါများသော ဧရာဝတီတိုင်းဒေသကြီးနှင့် အေးမြသောရာသီဥတုရှိသည့် ရှမ်းပြည်နယ်တို့တွင်ပါ ခြောက်သွေ့ရာသီ ရေရှားပါးပြတ်လပ်မှုကို ခံစားခဲ့ကြရသည်။

ရာသီဥတုပြောင်းလဲလာခြင်း၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာခြင်း စသည့် အကြောင်းတရားများကြောင့် ခြောက်သွေ့ရာသီ ရောက်ရှိလာသည်နှင့် မိမိတို့နိုင်ငံရှိ ဒေသအများအပြားတို့တွင် သောက်သုံးရေရှားပါးပြတ်လပ်မှုများ ကြုံတွေ့ကြရသည်မှာ နှစ်စဉ်လိုလို ဖြစ်လာနေပြီဖြစ်ရာ ဆယ်စုနှစ်နှင့် ချီနေပြီဖြစ်သည်။ ကျေးလက်ဒေသများ သောက်သုံးရေရှားပါးပြတ်လပ်မှုများနှင့် စပ်လျဉ်း၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ယမန်နှစ်က ကျေးရွာပေါင်း ၂၀၆ ရွာတွင် နွေရာသီကာလ ရေရှားပါးမှုအခက်အခဲနှင့် ကြုံတွေ့နိုင်မည်ဟု မျှော်မှန်းစီစဉ်ခဲ့ပြီး လက်တွေ့တွင် ကျေးရွာပေါင်း ၃၈၉ ရွာ၌ ရေဖြန့်ဝေခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်ပေးနိုင်ခဲ့သည်။ ယင်းကျေးရွာများ သောက်သုံးရေ ဖူလုံစေရေးအတွက် နိုင်ငံတော်သမ္မတအပါအဝင် အလှူရှင်များ၏ လှူဒါန်းငွေများ၊ နိုင်ငံတော်ရန်ပုံငွေများဖြင့် ကျေးရွာပေါင်း ၉၃ ရွာတွင် ရေပေးရေးလုပ်ငန်းများ ချက်ချင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာ ၂၇၃ ရွာကို ရေရရှိရေးဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန် ၅၉ ရွာကို လာမည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးရန် လျာထားကြောင်းလည်း သိရသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ဒေသများ သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးရာတွင် အဝီစိတွင်း၊ လက်တွင်းများ တူးဖော်ပေးခြင်း၊ မြေသားမိုးရေလှောင်ကန်များ တည်ဆောက်ပေးခြင်း၊ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း စသည့်နည်းလမ်းများဖြင့် အကောင်အထည်ဖော်ပေးလျက်ရှိပြီး အချို့ကျေးရွာများတွင် ဖော်ပြပါနည်းလမ်းများဖြင့် ဆောင်ရွက်ပေးနိုင်သည့် အခြေအနေ မရှိခြင်းကြောင့် ရေသယ်ယာဉ်များဖြင့် ရေပေးဝေခဲ့ရကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေပေးရေး၊ ကျန်းမာသန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိရာ ယခုအခါ ကျေးရွာပေါင်း ၈၀၆၄ ရွာရှိ ကျေးလက်ပြည်သူဦးရေ ၅ ဒသမ ၂၆ သန်းအတွက် ကျေးလက်ရေရရှိရေးလုပ်ငန်း ၉၅၇၁ ခုကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သည်။ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၆၉၁ ရွာရှိ လူဦးရေ ၁ ဒသမ ၃ သန်းအတွက် ကျေးလက်ရေရရှိရေးလုပ်ငန်းပေါင်း ၁၇၂၀ ကို ဆောင်ရွက်မည်ဖြစ်သည်ဟုလည်း သိရသည်။

မြန်မာနိုင်ငံသည် သဘာဝရေအရင်းအမြစ် ပေါကြွယ်ဝသောနိုင်ငံဖြစ်သည်။ သို့ရာတွင် ရေအရင်းအမြစ်များ မပျက်စီးအောင် ထိန်းသိမ်းခြင်း၊ ရေကို အလေအလွင့်မရှိအောင် စနစ်တကျသုံးစွဲခြင်း စသည့်အပိုင်းတို့တွင်မူ များစွာအားနည်းလျက်ရှိသည်။ သောက်သုံးရေရှားပါးပြတ်လပ်မှုသည် နှစ်စဉ်နွေရာသီရောက်ချိန်တိုင်း ရင်ဆိုင်ကြုံတွေ့နေကြရမည့် စိန်ခေါ်မှုပင်ဖြစ်ရာ ရေရှားပါးမှုပြဿနာ ဖြေရှင်းရေးအတွက် အစိုးရ၏ဆောင်ရွက်အကောင်အထည်ဖော်မှုများတွင် ဒေသခံပြည်သူများက ပူးပေါင်းပါဝင်ခြင်း၊ မိမိတို့နေထိုင်ရာ ဒေသတွင်းရှိ ရေအရင်းအမြစ်များ ပျက်စီးဆုံးရှုံးမှုမရှိအောင် လူတိုင်းက ဝိုင်းဝန်းထိန်းသိမ်းခြင်း၊ ရေကို အလေအလွင့်မရှိအောင် သုံးစွဲခြင်းတို့ဖြင့် နှစ်စဉ်ရေရှားပါးမှုပြဿနာကို ကျော်လွှားနိုင်ကြပါစေကြောင်း။ ။

## ၂၀၂၀ ပြည့်နှစ်၊ (၇၅) နှစ်မြောက် စိန်ရတုတပ်မတော်နေ့ ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေး (၃) ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးတာဝန်ထမ်းဆောင်ရေး။

(၂) ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နိုင်ရန် တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး။

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရေးတို့အတွက် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

(၄) နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ခေတ်အဆက်ဆက် ကျေပွန်စွာထမ်းဆောင်ခဲ့သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရေး။

## မြောင်မြို့နယ်တွင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းဖြင့် ကျေးရွာလေးရွာတွင် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်

မြောင် မတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်တွင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းဖြင့် မြစ်ကျေးရွာ၊ ပေါက်တော(န)၊ စဥ့်ရွာနှင့် ရသစ်ကျေးရွာတို့ကို တိုင်းဒေသကြီးရန်ပုံငွေ ကျပ် ၁၉၀ ဒသမ ၄၀၇ သန်းထဲမှ ယင်းကျေးရွာများကို လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်အင်ဂျင်နီယာ ဦးနေမျိုးဇော်က ပြောသည်။

ကျေးလက်နေပြည်သူများအတွက် မြစ်ကျေးရွာ၊ ပေါက်တော(န)နှင့် စဥ့်ရွာတို့ကို မတ်လအတွင်း လျှပ်စစ်မီးလင်းနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကာ မြစ်ကျေးရွာတွင် အိမ်ထောင်စု ၆၂ စု၊ လူဦးရေ ၂၇၇ ဦးအတွက် ၁၀၀ ကေဗွီအေ ထရန်စဖော်မာ၊ ပေါက်တော(န) ကျေးရွာတွင် အိမ်ထောင်စု ၂၇၇ စု၊ လူဦးရေ ၈၉၆ ဦးအတွက် ၂၀၀ ကေဗွီအေ ထရန်စဖော်မာနှင့် စဥ့်ရွာတွင် အိမ်ထောင်စု ၁၀၀၊ လူဦးရေ ၄၃၈ ဦးအတွက် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတို့ဖြင့် လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ပေးမည်ဟု ၎င်းက ပြောသည်။

ဆက်လက်၍ ရသစ်ကျေးရွာတွင် အိမ်ထောင်စု ၁၉၈ စု၊ လူဦးရေ ၈၆၃ ဦးအတွက် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတို့ဖြင့် ဧပြီလတွင် လျှပ်စစ်မီးလင်းနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လျှပ်စစ်အင်ဂျင်နီယာ ဦးနေမျိုးဇော်က ပြောသည်။

မွေးကြူဇင်

## ဥပ္ပါတသန္တိစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ

နေပြည်တော် မတ် ၂

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်၏ (၁၂) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ယမန်နေ့ နံနက်ပိုင်းမှစတင်၍ စေတီတော်ပွဲတော်ကွင်း၌ စတင်ကျင်းပသည်။

ပွဲတော်တွင် KIA၊ King Long၊ Souest နှင့် Hyundai မော်တော်ယာဉ်အရောင်းပြခန်းများ၊ အဝတ်အထည်အရောင်းအဆိုင်များ၊ လူသုံးကုန်ပစ္စည်းမျိုးစုံ အရောင်းပြခန်းများ၊ စားသောက်ဆိုင်ခန်းများနှင့် ကလေးကစားကွင်းများ ပါဝင်သည့်အပြင် ဖျော်ဖြေရေးအစီအစဉ်အနေဖြင့် မတ် ၁ ရက်မှ ၃ ရက်အထိ တင်မောင်ဆန်းမင်းဝင်း(ရွှေမန်းသဘင်)ဇာတ်အဖွဲ့၊ မတ် ၅ ရက် မှ ၆ ရက်အထိ ရွှေပွဲမင်းဇာတ်အဖွဲ့နှင့် မတ် ၇ ရက်မှ ၈ ရက်အထိ ရွှေအိမ်စံဇာတ်အဖွဲ့တို့က ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

ထက်လျှံ

## ရေစကြိုမြို့နယ်၌ လယ်ယာမြေ ၆၃၇၆ ဧကအတွက် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ၈၂ ရာခိုင်နှုန်းခန့်ပြီးစီး

ရေစကြို မတ် ၂

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခု ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရေစကြိုမြို့နယ် တေရောက်ကျေးရွာ၊ မိုးကွဲကျေးရွာ၊ ကံဦးကျေးရွာ၊ တောင်ကုန်းကျေးရွာ၊ မဲကုန်းကျေးရွာနှင့် မိဖုရားကျေးရွာတို့မှ ဒေသခံတောင်သူများ လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် လယ်ယာမြေဧက ၆၃၇၆ ဧကအတွက် အကျိုးပြုမည့် လမ်းအရှည်ပေ ၅ မိုင် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို တင်ဒါစနစ်ဖြင့် သန်းလွင်ဦးဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ၈၂ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း ရေစကြိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုလုပ်ငန်းကို ရေစကြိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၁၂၃ ဒသမ ၅၃၃ သန်းဖြင့် လမ်းအရှည်ပေ ငါးမိုင်ကို လမ်းအကျယ် ၁၂ ပေ၊ ထု တစ်ပေ၊ ကိုးလက်မ မြေနီကျောက်စရစ် ကျေးလက်ကုန်ထုတ်လမ်းအမျိုးအစား ဖောက်လုပ်ခြင်းဖြစ်ပြီး ယခုအခါ ကျေးလက်ကုန်ထုတ်လမ်း အရှည်ပေ လေးမိုင်အထိ ဖောက်လုပ်ဆောင်ရွက်ပြီးစီးသွားပြီဖြစ်၍ လုပ်ငန်းပြီးစီးမှုအနေဖြင့် ၈၂ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

ယင်းကျေးလက်ကုန်ထုတ်လမ်းကို ဒေသခံတောင်သူများ ရေရှည်အသုံးပြု ဆောင်ရွက်နိုင်ရေးအတွက် တင်ဒါပါ စည်းကမ်းများနှင့်အညီ လုပ်ငန်းအရည်အသွေး ပြည့်မီရေး မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ယနေ့ နံနက် ၉ နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး (အောက်ပုံ)



သတ်မှတ်လမ်းအကျယ် ပြည့်မီခြင်း ရှိ / မရှိ တိုင်းတာစစ်ဆေးကာ သတ်မှတ်ချိန်အတွင်း လုပ်ငန်းပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ယင်းကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးသွားပါက ရေစကြိုမြို့နယ် တေရောက်ကျေးရွာ၊ မိုးကွဲကျေးရွာ၊ ကံဦးကျေးရွာ၊ တောင်ကုန်းကျေးရွာ၊ မဲကုန်းကျေးရွာနှင့် မိဖုရားကျေးရွာတို့မှ ဒေသခံတောင်သူ ၁၆၁၄ ဦး၏ လယ်ယာမြေ ဧက ၆၃၇၆ ဧကကို လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုနိုင်မည့်အပြင် လယ်ယာမြေများမှ ထွက်ရှိသော သီးနှံထွက်ကုန်များကို ဈေးကွက်သို့ အချိန်ကုန် လူပင်ပန်းသက်သာစွာ အချိန်မီတင်ပို့ ရောင်းချသွားနိုင်မည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်မာထံမှ သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

## လေရှီးမြို့နယ်တွင် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ လှူဒါန်း

လေရှီး မတ် ၂

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် ကုံကိုင်လုံရွာမကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ယူနေသော ကျောင်းသား ကျောင်းသူများကို အလှူရှင်များက အင်္ကျီအနွေးထည်၊ ဦးထုပ်နှင့် ဆပ်ပြာခဲကို ဖေဖော်ဝါရီ ၂၉ ရက်က အဆိုပါကျောင်း၌ လှူဒါန်းခဲ့ကြောင်း သိရသည်။

အလှူရှင် ဦးကျော်ကျော်လှိုင် (OK Myanmar Foundation) မိသားစုက မူလတန်းကျောင်းသား ၂၀၉ ဦးအတွက် ဦးထုပ်၊ ဆပ်ပြာခဲ နှစ်ခဲစီနှင့် ဒေါ်တင်မေဝင်း (မကွေး-ဆေးတက္ကသိုလ်) မှ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူ ၁၁၈ ဦးကို အင်္ကျီအနွေးထည်၊ ဆပ်ပြာခဲနှင့် ဆရာ ဆရာမ ၂၂ ဦးအတွက် လုံချည်၊ ပုဆိုးနှင့် ဆပ်ပြာခဲများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

စနေမောင် (ခန္တီး)

# အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ဖွင့်ပွဲအခမ်းအနားကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် မတ် ၂**

အမျိုးသား စာကြည့်တိုက်(ရန်ကုန်) ဖွင့်ပွဲအခမ်းအနားကျင်းပနိုင်ရေး ဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် အမျိုးသား စာကြည့်တိုက်(ရန်ကုန်) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### တက်ရောက်

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကို၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းနာယက၊ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ပြောင်းရွှေ့ဖွင့်လှစ်သွားမည်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်း ၃၁ လမ်းနှင့် ၃၂ လမ်းကြားရှိ အမှတ် (၆၀၄/၆၀၈) အဆောက်အဦတွင် လာမည့် ဧပြီလပထမပတ်အတွင်း ဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရန် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ကို စာပေ၊ ယဉ်ကျေးမှု၊ သမိုင်း စသည့် ပညာရပ်များကို အလွယ်တကူလေ့လာနိုင်မည့် ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်သည့် ခေတ်မီ ဒစ်ဂျစ်တယ်စနစ်များ ပါဝင်သော နိုင်ငံတကာအဆင့်မီ စာကြည့်တိုက်ကြီးတစ်ခုအဖြစ် ပြောင်းရွှေ့ဖွင့်လှစ်သွားမည်ဖြစ်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ပြောင်းရွှေ့ ဖွင့်လှစ်နိုင်ရေးအတွက် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းထားမှုအခြေအနေများနှင့် ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ဖွင့်ပွဲအခမ်းအနားကျင်းပနိုင်ရေးဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

### လုပ်ငန်းစဉ်များဆွေးနွေး

ယင်းနောက် ဆပ်ကော်မတီအလိုက် ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးတက်ရောက်လာသူများက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ကယားပြည်နယ်ဝန်ကြီးချုပ် မယ်စဲ့မြို့နယ်ပြည်သူ့ဆေးရုံ တိုးချဲ့လူနာနှစ်ထပ်ဆောင်သစ်ဖွင့်ပွဲ တက်ရောက်

**မယ်စဲ့ မတ် ၂**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်တွင် မြို့နယ်ပြည်သူ့ဆေးရုံတိုးချဲ့လူနာ နှစ်ထပ်ဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁ ရက် ညနေ ၅ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဌေးလွင်၊ မြို့မိမြို့ဖ ဦးခင်မောင်ဌေးတို့က မြို့နယ်ပြည်သူ့ဆေးရုံတိုးချဲ့လူနာ နှစ်ထပ်ဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အိမ်နီးချင်းနိုင်ငံများထက် မနိမ့်ကျအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ပြည်သူများက ထဲထဲဝင်ဝင် ပူးပေါင်းပါဝင်ခြင်းဖြင့် အောင်မြင်မှု၏ အသီးအပွင့်များကို ခံစားရမည်ဖြစ်ကြောင်း၊ မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပြည်သူ၊ ဌာနတို့ ဟန်ချက်ညီညီပူးပေါင်းဖော်ဆောင်ခဲ့သဖြင့် မြို့အင်္ဂါရပ်နှင့် အညီ ဖွံ့ဖြိုးတိုးတက်မှုကို မျက်ဝါးထင်ထင် မြင်တွေ့ရကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်ချက်များရှိပါက အပြုသဘောမျိုးဖြင့် ကြောင်း၊ ဒီမိုကရေစီအရွေ့ကို ပြုပြင်ပြောင်းလဲစေလို လျှောက်လှမ်းရာတွင်



အမြော်အမြင်ရှိစွာဖြင့် မှန်ကန်စွာ လျှောက်လှမ်းစေလိုကြောင်းနှင့် ဆေးရုံကြီး ရေရှည်တည်တံ့ခိုင်မြဲအောင် အားလုံးပူးပေါင်း၍ မေတ္တာစေတနာထားကာ တက်ညီလက်ညီ၊ ဟန်ချက်ညီညီနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဌေးလွင်က တိုးချဲ့လူနာနှစ်ထပ်ဆောင် ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုးချဲ့လူနာနှစ်ထပ်ဆောင်နှင့် စပ်လျဉ်းသည့် အချက်အလက်များကို သက်ဆိုင်ရာတာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေကျပ် နှစ်သိန်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဆေးရုံသစ်အတွင်း လှည့်လည်ကြည့်ရှုကာ ဆေးရုံတက်ရောက်ဆေးကုသမှု ခံယူနေသောလူနာများအား အလှူငွေများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

❒ ရှေ့ဖုံးမှ

လက်ရှိအချိန်တွင် ရန်ကုန်မြစ်အတွင်း ပင်မတံတား တည်ဆောက်ရေးအတွက် ချဉ်းကပ်ယာယီတံတားတည်ဆောက်ခြင်း လုပ်ငန်းများကို CCECC Myanmar ကုမ္ပဏီက ဆောင်ရွက်ပြီးစီး၍ ပင်မတံတား ဘိုးပိုင်တူးဖော်ခြင်း လုပ်ငန်းများကို မကြာမီ အကောင်အထည်ဖော် ဆောင်ရွက်တော့မည်ဖြစ်သည်။



ဒလဘက်ခြမ်း၌ တံတားတည်ဆောက်ရေးစီမံကိန်း ဆောင်ရွက်နေမှုများကို မတ် ၂ ရက်က မြင်တွေ့ရစဉ်။

ရေလယ် ပင်မတံတား ဘိုးပိုင်တူးဖော် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်စဉ်အတွင်း တံတားစီမံကိန်းဧရိယာ မြစ်အတွင်းမှ ရေလမ်းကြောင်းဖြင့် ဖြတ်သန်းသွားလာမည့် သင်္ဘောများနှင့် ရေယာဉ်များသည် သတ်မှတ်ထားသည့် ရေလမ်းကြောင်းအတိုင်း မီးနီ နှစ်လုံး၊ မီးစိမ်း နှစ်လုံးကြားမှ ဖြတ်သန်းမောင်းနှင်ရမည်ဖြစ်ပြီး ဇော်ယာကို ဒလဘက်ခြမ်းတွင် အနီ နှစ်လုံး၊ အဝါ နှစ်လုံးနှင့် ရန်ကုန်ဘက်ခြမ်းတွင် အစိမ်း နှစ်လုံး၊ အဝါ နှစ်လုံး ချထားသတ်မှတ်ထားကြောင်း သိရသည်။

ဒလတံတားစီမံကိန်းမှာ စုစုပေါင်းတံတားအရှည် ၁၈၆၇ မီတာ၊ အကျယ် ၂၆ ဒသမ ၅ မီတာရှိသည့် လေးလမ်းသွားတံတားဖြစ်ပြီး ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်ကိုယ်ထည်အပေါ်တွင် သံမဏိကြိုးဆိုင်းတံတား အမျိုးအစားဖြစ်ကာ တံတား၏ခံနိုင်ဝန်မှာ ၇၅ တန်ဖြစ်သည်။ ကိုရီးယားသမ္မတနိုင်ငံမှ ချေးငွေ အမေရိကန်ဒေါ်လာ ၁၅၇ ဒသမ ၈၃ သန်းနှင့် မြန်မာအစိုးရမှ ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၃၄ သန်း စုစုပေါင်း ၁၈၈ ဒသမ ၁၇ သန်းဖြင့် တည်ဆောက်ခြင်းဖြစ်ကာ ၂၀၁၉ ခုနှစ် မေလက တည်ဆောက်ရေးလုပ်ငန်းများ စတင်၍ ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ဆောင်ရွက်ပြီးစီးမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ သိရသည်။

ကိုရီးယား-မြန်မာ ချစ်ကြည်ရေး (ဒလ)မြစ်ကူးတံတားကြီး တည်ဆောက်ပြီးစီးသွားပါက ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ဒလ၊ တွံတေး၊ ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်များရှိ ဒေသခံပြည်သူများအပြင် နယ်မြေတစ်ဆက်တည်းဖြစ်သော ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများပါ ကားလမ်းခရီးဖြင့် ရန်ကုန်မြို့တွင်းသို့ အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်၍ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့ကာ ကုန်စည်စီးဆင်းမှုများ မြန်ဆန်လာပြီး အဆိုပါဒေသများရှိ ပြည်သူများ၏ ဘဝများ ပို၍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - နိုင်လင်းကျော်(ဒလ)**

# တက္ကသိုလ်၊ ကောလိပ်များတွင် သက်ရှယ်ဆင့်တူကျန်းမာရေး ပညာပေးအစီအစဉ် စတင်ဆောင်ရွက်ခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် မတ် ၂**

တက္ကသိုလ်၊ ကောလိပ်များတွင် သက်ရှယ်ဆင့်တူကျန်းမာရေး ပညာပေး အစီအစဉ်စတင်ဆောင်ရွက်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက ကျောင်းသား ကျောင်းသူလူငယ်များ စုဝေးရာဖြစ်သည့် တစ်နိုင်ငံလုံးရှိ ကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူလူထု၏ အနီးဝန်းကျင်တွင် မူးယစ်ဆေးဝါးအန္တရာယ်ကင်းဝေးစေရန်၊ ဆေးလိပ်ကင်းစင်သော တက္ကသိုလ်ပတ်ဝန်းကျင်ဖြစ်လာစေရန်၊ အရက်ဘီယာအန္တရာယ်ကင်းဝေးစေရန်အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက် (၇) ရပ်ဖြစ်သည့် မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်ပပျောက်ရေး၊ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ကွမ်းယာသုံးစွဲမှုကင်းစင်ပပျောက်ရေး၊ အရက်အလွန်အကျွံသောက်သုံးခြင်းနှင့် နောက်ဆက်တွဲအန္တရာယ်များ လျော့ချရေး၊ ကျန်းမာရေးနှင့် ညီညွတ်သည့် လူနေမှုဘဝပုံစံများ လိုက်နာကျင့်သုံးရေး၊ ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်တို့ကြောင့် ထိခိုက်ဒဏ်ရာရရှိမှု လျော့နည်းပပျောက်ရေး၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများကို ထည့်သွင်းသင်ကြားပေးနိုင်ရေးနှင့် ဂိမ်းအလွန်အကျွံစွဲလမ်းမှုပပျောက်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊

### ပြုစုပျိုးထောင်မွေးထုတ်

မိမိတို့ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် လုံခြုံဘေးကင်း၍ ကျန်းမာရေးနှင့် ညီညွတ်သော အရည်အသွေးကောင်းမွန်သည့် သင်ယူမှုဝန်းကျင်ကောင်းဖြစ်အောင် ဖန်တီးဆောင်ရွက်၍ ၂၁ ရာစု စွမ်းဆောင်ရည်နှင့် လိုက်လျောညီထွေသည့် ကျွမ်းကျင်မှု၊ အရည်အသွေးများနှင့်ပြည့်စုံသော မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများ ပြုစုပျိုးထောင်မွေးထုတ်ပေးကြရမည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဆောင်ရွက်ကြရာတွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူအားလုံးက မိသားစုစိတ်ဓာတ်ဖြင့် ညီညီညွတ်ညွတ် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝန်ကြီးဌာနရှိ ကျောင်းကျန်းမာရေးဌာနခွဲနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြုစုထားရှိသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက် (၇) ရပ်မှ အဓိကအချက်များ၊ သက်ရှယ်ဆင့်တူပညာပေးမှု လက်စွဲစာအုပ်များနှင့် လုပ်ငန်းလမ်းညွှန်တို့ကို ကျွမ်းကျင်မှုပိုင်းဆိုင်ရာ ရှုထောင့်မှ အလွန်ကောင်းမွန် ပြည့်စုံကြောင်းတွေ့ရှိရပါကြောင်း။

### သမဂ္ဂများ၏ အခန်းကဏ္ဍသည် အရေးကြီး

တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများအား အခြားသူများမှ ပညာပေးနှိုးဆော်မှုများပြုလုပ်သည်ထက် ၎င်းတို့နှင့် သက်တူ၊ ရွယ်တူ၊ အတန်းတူသူများမှ အချင်းချင်း အသိပညာပေးမှုများ ပြုလုပ်ခြင်းသည် ပိုမိုထိရောက်ပြီးရရှိသည့်အသိပညာသည်လည်း ရေရှည်တည်တံ့ခိုင်မြဲစေပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဆရာများသမဂ္ဂ၊ ကျောင်းသားသမဂ္ဂများ၏ အခန်းကဏ္ဍသည် အရေးကြီးသဖြင့် ၎င်းတို့အနေဖြင့် မည်သို့ပါဝင်ပံ့ပိုးဆောင်ရွက်မည်ကိုလည်းဆွေးနွေးပြီး ဆောင်ရွက်စေလိုပါကြောင်း။

တက္ကသိုလ်၊ ကောလိပ်များတွင် ဤစီမံချက်ကို ပြုလုပ်နေသည်နှင့် တစ်ပြိုင်နက် အခြေခံပညာကျောင်းများတွင် တက်ရောက်နေသော (၉ ဒသမ ၇) သန်းရှိသော ကျောင်းသား၊ ကျောင်းသူများအတွက်လည်း ဆောင်ရွက်စေလိုပါကြောင်း၊ ဤစီမံချက်ကို နိုင်ငံတော် စီမံချက်အနေဖြင့် ဆောင်ရွက်စေခြင်းအားဖြင့် အနာဂတ်တွင် လူကြီးဖြစ်လာမည့် ကျောင်းသား၊ ကျောင်းသူများအားလုံး ကျန်းမာကြံ့ခိုင်ခြင်း၊ စိတ်ဓာတ်အားဖြင့် ပြည့်ဝခြင်း အစရှိသည့် အကျိုးဆက်များကို ရရှိမည်ဖြစ်သဖြင့် နိုင်ငံ၏ဘက်စုံဖွံ့ဖြိုးမှု၌ များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသိပညာဗဟုသုတရရှိရုံဖြင့် မပြီးမြောက်ဘဲ ၎င်းအသိပညာဗဟုသုတကို လက်တွေ့အသုံးချလာစေရေးအတွက်ကိုလည်း အစီအမံနှင့် ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးပေးရမည်ဖြစ်ပါကြောင်း။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး တက္ကသိုလ်၊ ကောလိပ်များတွင် သက်ရှယ်ဆင့်တူ ကျန်းမာရေးပညာပေး အစီအစဉ်စတင်ဆောင်ရွက်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

မူးယစ်ဆေးဝါးသုံးစွဲသူများသည် ကိုယ်ခန္ဓာတစ်ခုလုံးထိခိုက်ပျက်စီးခြင်း၊ ဉာဏ်ရည်ထုံထိုင်းခြင်း၊ စိတ်ရောဂါများဖြစ်ပွားခြင်း၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ဘက်ပေါင်းစုံ ထိခိုက်ပျက်စီးခြင်းတို့ကို ခံစားရမည်ဖြစ်သည့်အတွက် မူးယစ်ဆေးဝါးကင်းစင်ရေးကိစ္စကို ဦးစားပေးအစီအစဉ် (၁) အဖြစ် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် အရက်တို့ကို သုံးစွဲမှုကြောင့် ရေတိုကျန်းမာရေးထိခိုက်မှုသာမက ကင်ဆာရောဂါအပါအဝင် နာတာရှည်ရောဂါများကို ဖြစ်ပွားစေသည့်အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် မိသားစုများအတွက်ပါ ဝန်ထုပ်ဝန်ပိုးကြီးဖြစ်စေမည် ဖြစ်ပါကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို မလိုက်နာသဖြင့် မတော်တဆမှုများဖြစ်ပွားခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းတို့ကြောင့် ကိုယ်လက်အင်္ဂါများ ဆုံးရှုံးခြင်း၊ အသက်သေဆုံးခြင်းများ ဖြစ်ပွားနိုင်ပါကြောင်း၊ ယာဉ်မတော်တဆဖြစ်ပွား ထိခိုက်ဒဏ်ရာရရှိသူတစ်ဦးကို ကုသမှုပေးရန် ဆေးပညာရပ်အမျိုးမျိုးမှ ခန္ဓာကိုယ်အပိုင်းလိုက် အထူးကုသသည့် ခွဲစိတ်ကုဆရာဝန်များ၊ သူနာပြုများ၊ ခွဲစိတ်ခန်းဝန်ထမ်းများ၊ ဓာတ်ခွဲ၊ ဓာတ်မှန်ဝန်ထမ်းများနှင့် ဘက်စုံသော ကျန်းမာရေးဝန်ထမ်းများစွာက ဝိုင်းဝန်း၍ဆောင်ရွက်ရခြင်းဖြစ်သဖြင့် အခြားသော လူနာများအား ကုသမှုပေးချိန်များကိုလည်း ထိုသို့ထိခိုက်ဒဏ်ရာရရှိသူအား ပေးအပ်လိုက်ရသည်ဖြစ်ပါကြောင်း။

### ကျန်းမာရေးပြဿနာတစ်ရပ်

ယာဉ်မတော်တဆဖြစ်ပွား ထိခိုက်ဒဏ်ရာရရှိသူတစ်ဦးအား ခွဲစိတ်ကုသမှုပေးရာတွင် ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေးဝန်ထမ်းများမှ နာရီအနည်းငယ်မှ နာရီပေါင်းများစွာ လုပ်ဆောင်ရသည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဆေးနှင့်ဆေးပစ္စည်းများစွာကိုလည်း သုံးစွဲကုသမှုပေးရခြင်းဖြစ်သဖြင့် ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်လာပါက မိမိတို့၏ကျန်းမာရေးဝန်ထမ်းများတွင် အလုပ်တာဝန်ပိမှုလျော့ပါးလာခြင်း၊ အခြားလူနာများအတွက် ကုသချိန်ပိုမို ပေးအပ်နိုင်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းကုန်ကျမှုများ လျော့နည်းလာခြင်းတို့ကို ရရှိမည်ဖြစ်ပါကြောင်း၊ လိင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါများကို ကာကွယ်ရေး အပါအဝင် ဘဝတစ်သက်တာအတွက် လိုအပ်မည့် မျိုးဆက်ပွားကျန်းမာရေး အသိပညာဗဟုသုတများသည် အရေးကြီးပါကြောင်း၊ ဂိမ်းအလွန်အကျွံစွဲလမ်းမှုများကြောင့် ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများထိခိုက်ခြင်းတို့ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှလည်း ဂိမ်းအလွန်အကျွံစွဲလမ်းမှုများကို ကျန်းမာရေးပြဿနာတစ်ရပ် (gaming disorder) အဖြစ် International classification of diseases and health problems – 11 (ICD – 11) ၌ ထည့်သွင်းသတ်မှတ်ခဲ့ပါကြောင်း။

လက်ရှိရေးဆွဲထားသော မဟာဗျူဟာသည်လည်း ပုံသေမဟုတ်ဘဲ ပိုမိုကောင်းမွန်အောင်မြင်စေရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်၊ ပြောင်းလဲလျက်ရှိသော အခြေအနေအရပ်ရပ်နှင့်ကိုက်ညီစွာဖြင့် လိုအပ်သလို မွမ်းမံဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မဟာဗျူဟာတွင် ပါဝင်သည့် လုပ်ငန်းစဉ်များသည် လက်တွေ့မြေပြင်အခြေအနေတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များသာ ဖြစ်စေရေးမှာ အထူးအရေးကြီးပါကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိသူများက ပံ့ပိုးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သက်ရှယ်ဆင့်တူပညာပေးအစီအစဉ် လုပ်ငန်းများအပါအဝင် ကျောင်းအခြေပြုကျန်းမာရေး မြှင့်တင်မှုလုပ်ငန်းများကို အားလုံးစုစည်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများသည် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယင်းနောက် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် မူးယစ်ဆေးဝါးအန္တရာယ် ကင်းစင်ပပျောက်ရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံဆရာဝန်အသင်း နည်းပညာအကြံပေး (လူငယ်စီမံချက်) ဒေါက်တာ နေဝင်းက Modera-tor အဖြစ်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာန ပါမောက္ခဌာနမှူး ဒေါက်တာ နီလာကြူ၊ မူးယစ်ဆေးစွဲရောဂါကုသရေးနှင့် သုတေသန စီမံချက်မန်နေဂျာ ဒေါက်တာ နန္ဒမျိုးအောင်ဝမ်း၊ စိတ်ကျန်းမာရေး ပါမောက္ခ ဒေါက်တာဆန်းလင်း၊ ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနဌာန တွဲဖက်ပါမောက္ခ ဒေါက်တာရဲထွန်း၊ ရန်ကုန်ဆေးတက္ကသိုလ် (၁) အလုပ်သင်ဆရာဝန် ဒေါက်တာရာသူ(လ်)ပရာဆတ်နှင့် ရန်ကုန်တက္ကသိုလ် ကြက်ခြေနီအသင်း တွဲဖက်အတွင်းရေးမှူး ကိုနိုင်မင်းခန့်တို့က Panelists များအဖြစ် လည်းကောင်း Panel Discussion ကို ဆောင်ရွက်ခဲ့ပြီး သိရှိလိုသည့်မေးခွန်းများအား ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မူဆယ်မြို့တွင် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် မြေအသုံးချဓာတ်ခွဲခန်း၊ မျိုးစေ့ဓာတ်ခွဲခန်းနှင့် သီးနှံကာကွယ်ရေးဓာတ်ခွဲခန်းများ ဖွင့်လှစ်

**မူဆယ် မတ် ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် မြေအသုံးချဓာတ်ခွဲခန်း၊ မျိုးစေ့ဓာတ်ခွဲခန်းနှင့် သီးနှံကာကွယ်ရေး ဓာတ်ခွဲခန်း ဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မူဆယ်မြို့ (၁၀၅) မိုင် မိုင်းယု စိုက်ပျိုးရေးရုံးဝင်း၌ ကျင်းပသည်။




တရုတ်နိုင်ငံဘက်မှ မူဆယ်မြို့ (၁၀၅) မိုင် နယ်စပ်ဂိတ်များသို့ တင်သွင်းလာသည့် မှတ်ပုံတင်ထားသော မြေသြဇာများ၏ အရည်အသွေးများကို စံချိန်စံညွှန်းနှင့်အတူ ကိုက်ညီမှုရှိ/မရှိတို့ကို ဓာတ်ခွဲစစ်ဆေးနိုင်ရန်၊ စိုက်ပျိုးမြေနှင့် ရေချဉ်၊ ငန်နှုန်းများ၊ မြေဆီလွှာတွင် ပါဝင်သည့် အပင်အာဟာရဓာတ်များကို ဓာတ်ခွဲစစ်ဆေးရန်နှင့် တရုတ်နိုင်ငံ၊ တစ်ဖက်နိုင်ငံဘက်မှ နယ်စပ်ဂိတ်များသို့ တင်သွင်းလာသော မှတ်ပုံတင်ထားသည့် မျိုးစေ့များ၏ အရည်အသွေး၊ လက္ခဏာနှင့် မျိုးသန့်စင်မှု၊ အရည်အသွေးပြည့်မီမှုရှိ၊ မရှိ စစ်ဆေးနိုင်ရန်ရည်ရွယ်၍ မူဆယ်မြို့၌ ဓာတ်ခွဲခန်းကို ဖွင့်လှစ်ရခြင်းဖြစ်သည်။

မူဆယ်မြို့တွင် ဓာတ်ခွဲခန်းကို ဖွင့်လှစ်နိုင်ရန် ခရိုင်စိုက်ပျိုးရေးဌာနမှူး ဒေါ်နန်းလွင်လွင်စိန်က ဦးဆောင်၍ စီမံဆောင်ရွက်ခြင်းဖြစ်ပြီး မြေအသုံးချဓာတ်ခွဲခန်း၊ မျိုးစေ့ဓာတ်ခွဲခန်း၊ ပိုးမွှားဓာတ်ခွဲခန်းနှင့် အခြားဓာတ်ခွဲမျိုးစုံကို တပ်ဆင်ထားပြီး ကာလတန်ဖိုးစုစုပေါင်း ငွေကျပ်သိန်း ၁၉၀ ကျော်ခန့်ရှိ ဓာတ်ခွဲပစ္စည်းများကို တပ်ဆင်ထားသည်။

အဆိုပါ ဓာတ်ခွဲခန်းဖွင့်လှစ်ခြင်း အခမ်းအနားကို ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်၊ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူးဦးဥက္ကာ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရန်၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးကျော်မြင့်ဇော်၊ မူဆယ်– နမ့်ခမ်းကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးစိုင်းနွံနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်နန်းလွင်လွင်စိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ဝဲပုံ)

မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌ ဓာတ်ခွဲခန်းများကို ဖွင့်လှစ်ခဲ့ရာ မူဆယ်မြို့၌ ၁၁ ခုမြောက် ဓာတ်ခွဲခန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန် (ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဧရာဝတီတိုင်းဒေသကြီးရှိ လမ်း / တံတား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယမန်နေ့ နံနက်ပိုင်းတွင် ပုသိမ် – ကံကုန်း – မြောင်းမြ လမ်းအပိုင်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု၊ မရမ်းချောင် – ရွာသစ်လမ်းပေါ်ရှိ မီတာ ၂၄၀ ရှိ ကျွန်းကုန်းတံတားသစ် တည်ဆောက်နေမှုနှင့် ကျွန်းကုန်းကြိုးတံတားဟောင်း ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**လုပ်ငန်းလိုအပ်ချက်များ မှာကြား**

ထို့နောက် ပန်းတနော် – ရွှေလောင်း – ဝါးခယ်မ – ကျုံမငေး လမ်းပေါ်ရှိ ဝါးခယ်မတံတား အဆင့်မြှင့်တင်ခြင်းစီမံကိန်း ရှင်းလင်းဆောင်၌ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၅)မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးရဲနိုင်ဦးက ဝါးခယ်မတံတား ပင်မကြိုးတံတားအပိုင်းကို ဖြုတ်သိမ်း၍ HS 25 Load Class Steel Box Girder တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် အဆိုပါ လမ်းပေါ်ရှိ ရွှေလောင်းတံတား အဆင့်မြှင့်တင်တည်ဆောက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

**အစားထိုးအဆင့်မြှင့်တင်**

ဝါးခယ်မတံတားသည် ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ပန်းတနော် – ရွှေလောင်း – ဝါးခယ်မ – ကျုံမငေးလမ်းပေါ်တွင် တည်ရှိပြီး ဝါးခယ်မမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားပြီး ပင်မတံတားအပိုင်းကို ယခင်မူလကြိုးတံတားဟောင်းကို ဖြုတ်သိမ်း၍ Steel Box Girder သံကူကွန်ကရစ်ကြမ်းခင်းအဖြစ် အစားထိုးအဆင့်မြှင့်တင် ဆောင်ရွက်ခြင်းဖြစ်သည်။

**ကြည့်ရှုစစ်ဆေး**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင်ပါဝင်သော လမ်းအမှတ် (၁၀) ဘိုကလေး – မော်လမြိုင်ကျွန်း – ဝါးခယ်မ – မြောင်းမြလမ်းပေါ်တွင် တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၂)မှ တည်ဆောက်နေသော ကျွန်းပြဿဒ်တံတားနှင့် စော်ကဲတံတားတို့၏ သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**



ဘိုကလေး – မော်လမြိုင်ကျွန်း – ကျုံမငေး – မြောင်းမြလမ်းပေါ်ရှိ တံတားသစ်များဖြစ်သည့် စော်ကဲတံတားနှင့် ကျွန်းပြဿဒ်တံတား၊ ယခင်ကြိုးတံတားများကို အဆင့်မြှင့်တင်တည်ဆောက်နေသည့် ဝါးခယ်မတံတားနှင့် ကျွန်းကုန်းတံတားများ တည်ဆောက်ပြီးပါက ခရီးသွားပြည်သူများအနေဖြင့် ဘိုကလေးနှင့် မော်လမြိုင်ကျွန်းတို့မှ မြောင်းမြနှင့် ပုသိမ်မြို့သို့ အချိန်တိုအတွင်း သွားလာနိုင်မည့်အပြင် ကုန်စည်စီးဆင်းမှုလည်း သွက်လက်မြန်ဆန်လာမည် ဖြစ်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မအူပင် – ရေလဲကလေး – ကျိုက်ပိ – မော်လမြိုင်ကျွန်းလမ်းနှင့် မအူပင် – တွံတေး – လှိုင်သာယာလမ်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း The Global New Light of Myanmar သတင်းစာတိုက် စာတည်းအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးအောင်လှထွန်း The Global New Light of Myanmar သတင်းစာတိုက် စာတည်းအဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် မတ် ၂**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းသည် ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ The Global New Light of Myanmar သတင်းစာတိုက်သို့လာရောက်ပြီး သတင်းစာ အရည်အသွေး တိုးတက်ရေးအတွက် စာတည်းအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက The Global New Light of Myanmar သတင်းစာသည် နိုင်ငံတော်၏ အစိုးရအာဘော်ကို ထင်ဟပ်သည့် တစ်ခုတည်းသော အင်္ဂလိပ်သတင်းစာဖြစ်သဖြင့် သတင်းစာ အရည်အသွေးပိုင်း ဘက်စုံတိုးတက်ကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ သတင်းရွေးချယ်တင်ဆက်ပုံနှင့် အင်္ဂလိပ်စာ အရေးအသား တိုးတက်ကောင်းမွန်ရေး၊ ကျွမ်းကျင်ဝန်ထမ်းများ မျိုးဆက်မပြတ်စေရေးအတွက် ဝန်ထမ်းများလေ့ကျင့်ပျိုးထောင်ပေးရေးတို့အတွက် ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စာတည်းအဖွဲ့မှ တာဝန်ရှိသူများက လုပ်ငန်းလိုအပ်ချက်များနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ပြန်လည်ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာ ကျော်လင်း ကချင်ပြည်နယ် မချမ်းဘော့- ဖရူခ - ရပ်ဘော့- နောင်မွန်းလမ်းနှင့် ရပ်ဘော့ - ပန်နန်းဒင် - ဒဇွန်ဒမ်းလမ်းတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ကျော်လင်းနှင့် ကချင်ပြည်နယ်လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်တို့သည် မတ် ၁ ရက်က မချမ်းဘော့ – ဖရူခ – ရပ်ဘော့ – နောင်မွန်းလမ်း တံတားအမှတ် (၃/၂၂) တာခ သံကူကွန်ကရစ်တံတား၏ ကြံ့ခိုင်မှု၊ ရေကြောင်းအခြေအနေများနှင့် ချဉ်းကပ်လမ်း ကွန်ကရစ်ခင်းထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မဂွေဇ – ခေါင်လန်ဖူး လမ်းပေါ်တွင် တံတားအထူးအဖွဲ့ (၁) မှ တည်ဆောက်နေသော တံတားအမှတ် (၂/၁) မဂွေဇတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိကြပြီး တံတားရှင်းလင်းဆောင်တွင် တံတားအထူးအဖွဲ့ (၁) တာဝန်ခံက တံတားဆိုင်ရာ အချက်အလက်များနှင့် တံတား တည်ဆောက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရွှေလေးက တံတားဒီဇိုင်းနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက တံတားရှင်းလင်းဆောင်မှ တံတားတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး တံတား၏ Foundation လုပ်ငန်းများကို မိုးမကျမီ အပြီးတည်ဆောက်သွားရန် မှာကြားသည်။ မဂွေဇတံတားသည် အရှည် မီတာ ၁၈၀ နှင့် အကျယ် ၉ ဒသမ ၄၅ မီတာရှိ နှစ်လမ်းသွားတံတားဖြစ်သည်။ တံတားမှာ ၂ ဒသမ ၄ မီတာ Caisson အုတ်မြစ် ၊ Steel Plate Girder နှင့် အပေါ်ထည် သံကူကွန်ကရစ် တံတားအမျိုး အစားဖြစ်ကာ ယခုအခါ တံတား တစ်စင်းလုံး၏ ၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရပ်ဘော့– ပန်နန်းဒင် – ဒဇွန်ဒမ်းလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပန်နန်းဒင်မြို့သို့ ရောက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပန်နန်းဒင်– ဒဇွန်ဒမ်းလမ်းဖောက်လုပ်ရေး တာဝန်ခံတို့က လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဖောက်လုပ်နေသော ပန်နန်းဒင် – လုံနက်– ဒဟွန်ဒမ်းလမ်းမြေသား လမ်းလုပ်ငန်းများအား စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး အဆိုပါလမ်းပေါ်ရှိ Box Culvert များနှင့် တံတားများ တည်ဆောက်ရမည့် နည်းလမ်းများကို မှာကြားသည်။

ဆက်လက်၍ ပန်နန်းဒင်မြို့အဝင် ခါကာဘိုရာဇီ ရေခဲတောင်မှ စီးဆင်းလာသော မေခမြစ်၏ မြစ်ဖျားခံရာ နမ့်တစ်မိုင်ချောင်းအား တံတားတည်ဆောက်ရန်အတွက် တံတားနေရာကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တံတား Alignment အား အတည်ပြုသတ်မှတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# အားလုံးအနာဂတ်လှပဖို့ ခရီးသွားလုပ်ငန်းမြှင့်တင်စို့

တာရာ၊ ကေကေ



ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ဓမ္မရံကြီးဘုရား။ ဓာတ်ပုံ- ဇင်ဦး (မြန်မာ့အလင်း)

နိုင်ငံတကာခရီးသွားများအနေဖြင့် ပုဂံမြို့ရှိ အထင်ကရနေရာများကို လေ့လာလည်ပတ်ကြသလို သမိုင်းရာဇဝင်အသီးသီးဖြင့် တည်ထားခဲ့ကြသည့် ဟောင်းနွမ်းနေသော ရှေးဟောင်းဘုရားပုထိုး စေတီများကိုလည်း စိတ်ဝင်တစားကြည့်ရှုလေ့လာကြသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ် အနုပညာလက်ရာများက စူးစမ်းလေ့လာချင်စရာကောင်းလှပြီး ဒေသထွက်ကုန်အစားအစာများကလည်း ၎င်းတို့အတွက် မြည်းစမ်းချင်စရာပင်။

"မြန်မာနိုင်ငံက သမိုင်းရာဇဝင်တွေ ပြည့်နှက်နေတဲ့ အံ့ဩစရာကောင်းတဲ့ တိုင်းပြည်တစ်ခုပါ။ ဒီသမိုင်းကြောင်းနဲ့အတူ ယဉ်ကျေးမှုအမွေအနှစ်တွေ၊ ဗိသုကာလက်ရာတွေ၊ ဘုရားပုထိုးစေတီတွေ ပေါများပြီး နိုင်ငံသူနိုင်ငံသားတွေကလည်း နွေးထွေးပျူငှာကြပါတယ်" ဟု မြန်မာနိုင်ငံကို ပထမဆုံးအကြိမ် အလည်အပတ်ရောက်ရှိနေသည့် အီတလီနိုင်ငံမှ မစ္စတူနီနတီပက်ထရီဇာက ပြောသည်။

### လေ့လာလည်ပတ်

မစ္စတူနီနတီပက်ထရီဇာတို့အဖွဲ့တွင် ခရီးသွားဧည့်သည် ၁၀ ဦးကျော် ပါဝင်ကာ ဖေဖော်ဝါရီ ၁၃ ရက်မှ မတ်လ ၂ ရက်အထိ မြန်မာနိုင်ငံသို့ အလည်အပတ်ခရီးစဉ်ရောက်ရှိနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ အထင်ကရနေရာများဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ အမရပူရ၊ စစ်ကိုင်း၊ ပခန်းကြီး၊ ပခုက္ကူ၊ ပုဂံ၊ အင်းလေး စသည့်နေရာများကို လေ့လာလည်ပတ်သွားမည်ဟု ၎င်းက ဆိုသည်။

မစ္စတူနီနတီ ပက်ထရီဇာတို့ကဲ့သို့ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် ပြည်ပခရီးသွားဧည့်သည် အရေအတွက်သည် နှစ်စဉ်တိုးတက်လျက်ရှိရာ ၂၀၁၆ ခုနှစ်တွင် ကမ္ဘာလှည့် ခရီးသွား ၂ ဒသမ ၉ သန်း လာရောက်လည်ပတ်ခဲ့ရာမှ ၂၀၁၇ ခုနှစ်အတွင်း ၃ ဒသမ ၄၄ သန်းအထိ လာရောက်လည်ပတ်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ခရီးသွားဧည့်သည် ရောက်ရှိမှုသည် ၂ ဒသမ ၈၁ သန်းဖြစ်ပြီး ယခင်နှစ်အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ၂၅ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့သည်။



အင်းလေးဒေသရှိ ရှေးဟောင်းသမိုင်းဝင် ဖောင်တော်ဦး စေတီ။ ဓာတ်ပုံ-မာန်သစ်ငြိမ်း (ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးခင်အောင်ထွန်းက "မြန်မာနိုင်ငံအတွက် ခရီးသွားလုပ်ငန်းဟာ အင်မတန်သင့်လျော် ကောင်းမွန်တဲ့ စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းဟာ လူမျိုးပေါင်းစုံ၊ အလွှာပေါင်းစုံ ပါဝင်လုပ်ကိုင်လို့ရပြီး လူငယ်တွေအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိစေတဲ့အတွက် ကျွန်တော်တို့ နိုင်ငံလို မဖွံ့ဖြိုးသေးတဲ့နိုင်ငံတွေအတွက် အရေးပါတဲ့လုပ်ငန်းဖြစ်ပါတယ်" ဟု ပြောသည်။

### မီးခိုးမထွက်သည့် စက်ရုံလုပ်ငန်း

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုခြင်း၊ နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ လူထုလူတန်းစား အသီးသီးထံသို့ ဝင်ငွေများ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်ဆင့်ခံနည်းလမ်းများဖြင့် စီးဝင်ရောက်ရှိစေသော အကျိုးကျေးဇူးများစွာရရှိသည့်အတွက် ခရီးသွားလုပ်ငန်းကို မီးခိုးမထွက်သည့် စက်ရုံလုပ်ငန်းတစ်ခုဟုလည်း တင်စားကြသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆွဲဆောင်မှုရှိသော ခရီးစဉ်ဒေသများ ပေါ်ထွက်စေရေး၊ သွားလာမှုလွယ်ကူစေရေးနှင့် တည်းခိုနေရာများ တည်ရှိလာစေရေး၊ စီမံခန့်ခွဲမှုဆိုင်ရာနိုင်နင်းရေးတို့အတွက် နိုင်ငံတော်မှ ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

နှစ်စဉ် မြန်မာနိုင်ငံသို့ ပြည်ပခရီးသွား ဝင်ရောက်မှု တိုးတက်လာခြင်းနှင့် ပတ်သက်၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က "မြန်မာနိုင်ငံကို ပြည်ပခရီးသည် ဝင်ရောက်မှုဟာ ၂၀၁၇ ခုနှစ်မှာ ၁၈ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ်မှာ ၃ ဒသမ ၁၅ ရာခိုင်နှုန်း၊ ၂၀၁၉ ခုနှစ်မှာ ၂၃ ရာခိုင်နှုန်းအသီးသီး တိုးတက်ဝင်ရောက်ခဲ့ပါတယ်။ ဒါကြောင့် ခရီးသွားလုပ်ငန်းမှာ တစ်နှစ်ထက်တစ်နှစ် ခရီးသည်တွေ တိုးတက်ဝင်ရောက်လာတာကို တွေ့ရှိရပါတယ်" ဟု ပြောကြားသည်။

### ထိပ်ဆုံးက ပါဝင်

ထို့အတူ ခရီးသွားလုပ်ငန်းအမြန်ဆုံး ဖွံ့ဖြိုးတိုးတက်လာသည့် နိုင်ငံ ၂၀ စာရင်းတွင် မြန်မာနိုင်ငံသည် ထိပ်ဆုံးက ပါဝင်ကြောင်း ဗြိတိန်နိုင်ငံ Independent သတင်းစာနှင့် အမေရိကန်နိုင်ငံ Forbes စီးပွားရေး မဂ္ဂဇင်းတို့က ဖော်ပြခဲ့သည်။

*စာမျက်နှာ ၇ သို့*

"မြန်မာနိုင်ငံအတွက် ခရီးသွားလုပ်ငန်းဟာ အင်မတန်သင့်လျော် ကောင်းမွန်တဲ့ စီးပွား ရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းဟာ လူမျိုးပေါင်းစုံ၊ အလွှာပေါင်းစုံ ပါဝင်လုပ်ကိုင်လို့ရပြီး လူငယ်တွေအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိစေတဲ့အတွက် ကျွန်တော်တို့ နိုင်ငံလို မဖွံ့ဖြိုးသေးတဲ့နိုင်ငံတွေအတွက် အရေးပါတဲ့ လုပ်ငန်းဖြစ်ပါတယ်"



တောင်သမန်အင်းအတွင်းရှိ ဦးပိန်တံတား၌ လာရောက်လည်ပတ်သူများဖြင့် စည်ကားနေစဉ်။
ဓာတ်ပုံ-မင်းထက်အောင် (မန်းကိုယ်ပွား)

*စာမျက်နှာ ၆ မှ*

လတ်တလောအခြေအနေ၌ ကူးစက်မှု မြင့်မားနေသည့် ကိုရိုနာဗိုင်းရပ်စ်သည်ပင် ခရီးသွားလုပ်ငန်းအပေါ် ရပ်တန့်နိုင်စွမ်းမရှိသည်ကို တွေ့မြင်ရကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှုရှိသည့်တိုင် နိုင်ငံတကာခရီးသွားလုပ်ငန်းသည် တိုးတက်လျက်ရှိကြောင်းနှင့် United Nations World Tourism Organization (UNWTO) က နိုင်ငံတကာခရီးသွားအရေအတွက်သည် ၂၀၁၉ ခုနှစ်အတွင်း ၁ ဒသမ ၅ ဘီလီယံရှိကာ ၄ ရာခိုင်နှုန်း တိုးတက်လာကြောင်းကိုလည်း ဖော်ပြထားသည်။

**ခရီးသွားများ နှစ်စဉ်တိုးတက်**

မြန်မာနိုင်ငံတွင် ခရီးသွားဧည့်သည်လွယ်ကူစွာလာရောက်လည်ပတ်နိုင်စေရေးအတွက် ဗီဇာဖြေလျှော့မှုများ ဆောင်ရွက်ပေးလျက်ရှိကာ တရုတ်နိုင်ငံက ခရီးသွားဝင်ရောက်မှုမှာ ၂၀၁၆ ခုနှစ်တွင် တစ်သိန်းရှစ်သောင်းကျော်ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ခုနစ်သိန်းငါးသောင်းနီးပါး တိုးတက်လာခဲ့သည်။ ထို့အတူ ဂျပန်နိုင်ငံမှ ခရီးသွားဝင်ရောက်မှုမှာ ၂၀၁၆ ခုနှစ်တွင် တစ်သိန်းခုနစ်ရာကျော်ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် တစ်သိန်းသုံးသောင်းနီးပါး တိုးတက်လာခဲ့ပြီး တောင်ကိုရီးယား၊ အိန္ဒိယ၊ ဟောင်ကောင်နှင့် မကာအိုတို့မှလည်း လာရောက်လည်ပတ်သည့် ခရီးသွားများ နှစ်စဉ်တိုးတက်လျက်ရှိသည်။

"ပြည်ပခရီးသွားဝင်ရောက်မှုကို စီးပွားရေးနဲ့ ချိတ်ဆက်ပြီး ဥပမာအနေနဲ့ ပြောရမယ်ဆိုရင် စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဟာ သူ့ရဲ့ အားလပ်ရက်မှာ ကျွန်တော်တို့ နိုင်ငံကို လာလည်မယ်ဆိုပါတော့၊ သူက စီးပွားရေးလုပ်ငန်းရှင် တစ်ယောက်ဖြစ်တဲ့အတွက် အခြားခရီးသွားတွေနဲ့ အမြင်မတူနိုင်ဘူး။ သူ့ရဲ့စိတ်အပန်းဖြေတာမျိုးဖြစ်သလို မြန်မာနိုင်ငံမှာ ဘယ်လိုစီးပွားရေးလုပ်ငန်းတွေ လုပ်နေကြသလဲ။ ဘယ်စီးပွားရေးလုပ်ငန်းတွေက အခွင့်အလမ်းရှိသလဲ၊ အခွင့်အလမ်းရှိရင် ရင်းနှီးမြှုပ်နှံချင်တဲ့စိတ် ဖြစ်ပေါ်လာမယ်။ နိုင်ငံကို ခရီးသွားများများဝင်လာရင် ဟိုတယ်နဲ့ခရီးသွားလုပ်ငန်းတွေတင်မကဘူး အခြားစီးပွားရေးလုပ်ငန်းတွေကိုပါ အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်"ဟု ဟိုတယ်လုပ်ငန်းရှင်များအသင်း (နေပြည်တော်ဇုန်) ဥက္ကဋ္ဌ ဦးကျော်မင်းထွန်းက ပြောသည်။



ရွှေတိဂုံစေတီတော် ။ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)



ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ရွှေစည်းခုံစေတီတော်။ ဓာတ်ပုံ-ဇင်ဦး (မြန်မာ့အလင်း)

**အကျိုးသက်ရောက်**

ထို့အတူ ခရီးသွားလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက "မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်း တိုးတက်မှုဟာ အခုဆိုရင် တိုင်းဒေသကြီးနဲ့ ပြည်နယ် အတော်များများမှာ တိုးတက်မှုတွေ ရှိနေပါပြီ။ မဖွံ့ဖြိုးသေးတဲ့ ဒေသတွေဖြစ်တဲ့ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့မှာလည်း အကျိုးသက်ရောက်မှုတွေကို ခံစားနေရပြီဖြစ်ပါတယ်" ဟု ဆိုသည်။

မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများအကြောင်းကို ပြည်တွင်းပြည်ပ ခရီးသွားများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် Digital Marketing စနစ်ဖြင့် မြှင့်တင်ဆောင်ရွက်လျက်ရှိရာ www.tourism.gov.mm Website ကို မြန်မာ၊ အင်္ဂလိပ်၊ ကိုရီးယား၊ ဂျပန်၊ ဂျာမနီ၊ စပိန်၊ တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ ရုရှားနှင့် အီတလီ စုစုပေါင်းဘာသာစကား ၁၁ မျိုးဖြင့် ၂၀၁၉ ခုနှစ် ဧပြီလကပင် လွှင့်တင်ခဲ့ပြီးဖြစ်သည်။

ထို့အတူ ပုဂ္ဂလိက လုပ်ငန်းများနှင့် ခရီးသွားဧည့်သည်များ အလွယ်တကူထိတွေ့ ဆက်ဆံနိုင်ရန်နှင့် အချင်းချင်းချိတ်ဆက်၍ ခရီးစဉ်များ ရောင်းချမှုအား ဆောင်ရွက်နိုင်ရန် ရည်ရွယ်ကာ Tourism Web Portal https://tourisminmyanmar.com.mm ကို လွှင့်တင်ထားပြီးဖြစ်သည်။ ဆက်လက်၍ ကိုရီးယား၊ ဂျပန်၊ ဂျာမနီ၊ စပိန်၊ တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ ရုရှားနှင့် အီတလီ ဘာသာစကားများဖြင့် လွှင့်တင်နိုင်ရေးဆောင်ရွက်လျက် ရှိသည်။

ဒေသခံပြည်သူလူထုကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည့် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း (Community Base Tourism) ကို ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ရှမ်း၊ ရန်ကုန်၊ မန္တလေး၊ မကွေး၊ တနင်္သာရီနှင့် စစ်ကိုင်းတို့မှ ကျေးရွာပေါင်း ၄၂ ရွာတွင် CBT site ၁၉ ခု ဖွင့်လှစ်ခဲ့ပြီး ထပ်မံ၍ ကျေးရွာပေါင်း ၁၀ ရွာပါဝင်သည့် CBT site ခုနစ်ခုကို ဖော်ထုတ်နိုင်ရေး စီစဉ်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

**ခရီးသွားလုပ်ငန်းရဲ့ သဘာဝ**

"ကိုရိုနာဗိုင်းရပ်စ်(COVID-19) ကြောင့် တစ်ကမ္ဘာလုံးမှာ ခရီးသွားလုပ်ငန်း ကျဆင်းနေပါတယ်။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအပေါ်မှာလည်း အနည်းနဲ့အများ ရိုက်ခတ်မှု ရှိနိုင်ပါတယ်။ ခရီးသွားလုပ်ငန်းမှာ High Season နဲ့ Low Season မှာ နောက်တစ်ကျော့လာမယ့် High Season အတွက် ကြိုတင်ဆောင်ရွက်မှုတွေလုပ်ရတာ ကျွန်တော်တို့ ခရီးသွားလုပ်ငန်းရဲ့ သဘာဝဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ COVID-19 ကို စိန်ခေါ်မှုတစ်ခုအဖြစ် ယူဆနိုင်သလို Quantity ကနေ Quality Tourism ပြောင်းဖို့ အခွင့်အလမ်းကောင်းအဖြစ်လည်း ယူဆလို့ ရပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဆိုသည်။

**ပိုမိုဖွံ့ဖြိုး တိုးတက်**

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက "ခရီးသွားလုပ်ငန်းတွေ တိုးတက်လာရင် ကျွန်တော်တို့နိုင်ငံက လူငယ်တွေ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်မယ်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတွေပါ တိုးတက်လာမှာဖြစ်ပါတယ်။ ပိုမိုငြိမ်းချမ်းလာတာနဲ့အမျှ ခံစားလာရမှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်တွေမှာ လေ့လာလည်ပတ်ချင်စရာကောင်းတဲ့နေရာတွေ အများကြီးရှိပါတယ်။ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တွေမှာလည်း အရင်ကထက်စာရင် ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်လာပြီ ဖြစ်ပါတယ်" ဟု ဆိုသည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် လုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့်များကို ၂၀၁၉ ခုနှစ် မတ်လ ၁၄ ရက်တွင် ထုတ်ပြန်နိုင်ခဲ့သည်။

"ကျွန်တော်တို့နိုင်ငံက ခရီးသွားလုပ်ငန်းကို အားပေးနေတဲ့အချိန်မှာပဲ ကျွန်တော်တို့နိုင်ငံကို မသိသေးတဲ့ နိုင်ငံတွေ ကမ္ဘာမှာ အများကြီးရှိနေပါသေးတယ်။ ဒါ့ကြောင့် ကျွန်တော်တို့နိုင်ငံကို ကမ္ဘာကသိအောင် ဆောင်ရွက်ဖို့လိုပါတယ်။ မြန်မာနိုင်ငံကို လေ့လာရေးအလည်အပတ်ခရီးတွေခေါ်တာ၊ နိုင်ငံတကာခရီးသွားပြပွဲတွေမှာ ပါဝင်ပြသတာ၊ မီဒီယာတွေဖိတ်ခေါ်တာ၊ နိုင်ငံခြားရုပ်ရှင်ရိုက်ကူးခွင့်ပြုတာတွေကို စဉ်ဆက်မပြတ်ဆောင်ရွက်ဖို့လိုပါတယ်" ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက အကြံပြုသည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေမည့် အားနည်းချက်များနှင့် ပတ်သက်၍လည်း "ပလတ်စတစ်တွေ၊ အမှိုက်သရိုက်တွေ စနစ်တကျ မစွန့်ပစ်တဲ့ ကိစ္စကတော့ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်၊ ခရိုင်အလိုက် ဒါတွေကို အမြန်ဆုံးပြုပြင်ဖို့ လိုပါတယ်။ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်ပါတယ်။ ဒါက ကျွန်တော်တို့အတွက် အားနည်းချက် ဖြစ်နေပါတယ်" ဟုလည်း ဆက်လက်ပြောသည်။

**ပညာရှင်များက သုံးသပ်**

မြန်မာနိုင်ငံတွင် သဘာဝအလှအပများစွာ တည်ရှိနေပြီး ထိုအရာများကို Destination Management Plan များ ချမှတ်ကာ စနစ်တကျဆောင်ရွက်ရန် လိုအပ်သလို လူထုအခြေပြုခရီးသွားလုပ်ငန်းများ၊ ခရီးစဉ်အသစ်များ ဖော်ဆောင်ခြင်းဖြင့် ဒေသခံပြည်သူလူထု၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သင့်ကြောင်းကိုလည်း ပညာရှင်များက သုံးသပ်ကြသည်။

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးသည့် အရေးကြီးသော စီးပွားရေးကဏ္ဍတစ်ခုဖြစ်ရာ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ယဉ်ကျေးမှုအမွေအနှစ် ဓလေ့ထုံးစံများ၊ ရေမြေတောတောင် သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် အများပါဝင်မှုရှိသည့် တာဝန်သိ ခရီးသွားလုပ်ငန်းဖြစ်အောင် ဖော်ဆောင်ကြရမည်ပင်ဖြစ်သည်။ ။



မန္တလေးမြို့ရှိ ယူနက်စကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းဝင် ကုသိုလ်တော် ကျောက်စာများ။ ဓာတ်ပုံ-မင်းထက်အောင် (မန်းကိုယ်ပွား)

# ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန၏ နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် အခမ်းအနားမှ ဂုဏ်ယူဝမ်းမြောက်ဖွယ် စကားသံများ



ဦးဝင်းမြင့်(ဒုတိယရှေ့နေချုပ်)
ပြည်ထောင်စုရှေ့နေချုပ်ရုံး



ဝဏ္ဏကျော်ထင် ဒေါက်တာတင်အောင်အေး
ပါမောက္ခချုပ်(ငြိမ်း)



ဒေါက်တာဒေါ်ခင်ချစ်ချစ်(ပါမောက္ခဌာနမှူး)
ရန်ကုန်တက္ကသိုလ်
ဥပဒေပညာဌာန



ဦးစိုးမြင့် (ဥက္ကဋ္ဌ၊ ရန်ကုန်တက္ကသိုလ်
ဥပဒေပညာဌာန ရာပြည့်အထိမ်းအမှတ်
အခမ်းအနားကျင်းပရေးကော်မတီ)



ဦးအောင်ထွဋ် (အထွေထွေအတွင်းရေးမှူး၊
ရာပြည့်အထိမ်းအမှတ်အခမ်းအနား
ကျင်းပရေးကော်မတီ)

**မြန်မာ့ပညာရေးသမိုင်းတွင် ရန်ကုန်တက္ကသိုလ်သည် အစဉ်အလာကြီးမားသည့် တက္ကသိုလ်ကြီးတစ်ခုဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် စတင်တည်ထောင်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် နှစ် ၁၀၀ ပြည့် မြောက်တော့မည်ဖြစ်သည်။**

**အလားတူ ရန်ကုန်တက္ကသိုလ်ကြီးနှင့်အတူ မွေးဖွားလာသည့် ဥပဒေပညာဌာနသည်လည်း ယခုဆိုလျှင် နှစ် ၁၀၀ ပြည့်မြောက်တော့မည်ဖြစ်ပြီး ဥပဒေပညာဌာန နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အခမ်းအနားကြီးကို ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ(RC)၌ မတ် ၁ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ တက်ရောက်လာကြသည့် အငြိမ်းစား ဆရာ ဆရာမကြီးများ၊ ကျောင်းသားဟောင်းများ၊ မျိုးဆက်သစ်ကျောင်းသားလူငယ်များ၏ ဂုဏ်ယူဝမ်းမြောက်ဖွယ် ရင်တွင်းစကားသံများကို မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။**

**ဦးဝင်းမြင့်**
**ဒုတိယရှေ့နေချုပ်**
**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

ရန်ကုန်တက္ကသိုလ်ကနေ ၁၉၇၄ ခုနှစ်မှာ ကျောင်းပြီးခဲ့ပါတယ်။ နှစ်ပေါင်းများစွာ ခွဲခွာနေရပြီးကာလနောက်ပိုင်းမှာ အခုလို ပြန်ပြီးဆုံရတာ ကျွန်တော့်အနေနဲ့ ရင်ထဲမှာ အတိုင်းမသိ ဝမ်းသာပီတိကို ခံစားရပါတယ်။ ကျွန်တော်တို့ တက်ခဲ့တဲ့ ၁၉၇၀ ပြည့်နှစ်ကနေ ၁၉၇၄ ခုနှစ်ကာလကို ပြန်ပြောရမယ်ဆိုရင်တော့ အခုထက်ပိုပြီး ကျယ်ပြန့်တယ်လို့ ပြောရပါလိမ့်မယ်။ အဲဒီတုန်းက အရေအတွက်အားဖြင့် တစ်ပြည်လုံးမှာ ရန်ကုန်တက္ကသိုလ်မှာပဲ ဥပဒေဌာန ရှိပါတယ်။ အဲဒီတော့ အနယ်နယ်အရပ်ရပ်က ကျောင်းသားတွေက ဒီမှာဆုံတွေ့ကြပါတယ်။ များသောအားဖြင့် သူငယ်ချင်းတွေကို ဘယ်မြို့က ဘယ်သူဆိုတာကို သိရပါတယ်။ နာမည်နဲ့ မြို့ပြောလိုက်တာနဲ့ တွဲသိရပါတယ်။ အဲဒါလေးက ဒီနေ့နဲ့ မတူတော့တဲ့ ထူးခြားတဲ့အခြေအနေလို့ ပြောလို့ရပါတယ်။ ပညာဆည်းပူးတယ်ဆိုတာ ဘယ်တော့မှလည်း အဆုံးမသတ်နိုင်ပါဘူး။ ငယ်ငယ်ကတည်းက ပညာကို ထူးချွန်အောင် ကြိုးစားစေချင်ပါတယ်။ တတ်တဲ့ ပညာက နိုင်ငံတော်အတွက်ဆိုတာကို အလေးအနက်ထားစေချင်ပါတယ်။ ကျွန်တော်တို့နိုင်ငံ ဒီနေ့လျှောက်လှမ်းနေရတဲ့ကာလမှာ ပိုမိုပြီးကြိုးစားကြဖို့ လိုပါတယ်။ ကျွန်တော်တို့ ဖြတ်သန်းနေရတဲ့ ကာလက နိုင်ငံတော်အတွက် အင်မတန်အရေးကြီးသောကာလ ဖြစ်ပါတယ်။ အားလုံးဝိုင်းဝန်းပြီး ကြိုးစားဖို့ လိုပါတယ်။

**ဝဏ္ဏကျော်ထင် ဒေါက်တာတင်အောင်အေး**
**ပါမောက္ခချုပ်(ငြိမ်း)**

တက္ကသိုလ်ကြီးက နှစ် ၁၀၀ ပြည့်ပြီ။ နှစ် ၁၀၀ မှာ ဆရာကြီးလည်းပဲ ပါဝင်ဆင်နွှဲနိုင်တဲ့အတွက် တက္ကသိုလ်ဂုဏ်၊ တက္ကသိုလ်သိက္ခာ၊ တက္ကသိုလ်က မွေးထုတ်ပေးလိုက်တဲ့ ပုဂ္ဂိုလ်တွေ ဒီမှာတွေ့ရတဲ့ ဥပဒေဘွဲ့ရတွေ၊ တာဝန်ကြီးကြီး ထမ်းဆောင်နေတဲ့ ပုဂ္ဂိုလ်တွေ တွေ့ရတဲ့အတွက် ဆရာကြီးက အများကြီး ဂုဏ်ယူဝမ်းမြောက်ရတာပေါ့။ ဆရာကြီးက ပါမောက္ခချုပ် တာဝန်အထိ ဥပဒေဌာနမှာ တာဝန်ထမ်းဆောင်ခဲ့တာပါ။ ၃၈ နှစ်ပါ။ တပည့်တွေကို ဆရာထက်ပိုတဲ့၊ သာတဲ့ ပညာရှင်တွေဖြစ်မှ တိုင်းပြည်တိုးတက်မယ်လို့ ယူဆပြီး ပညာပေးတာကို ဝါသနာပါတယ်။ အသက်က ၈၃ နှစ်ပါ။ တက္ကသိုလ် ရွှေရတုတုန်းက ၁၉၇၀ ပြည့်နှစ် လက်ထောက်ကထိကပါ။ နိုင်ငံခြားပညာတော် သင်သွားနေပါတယ်။ ဂျာမနီမှာပါ။ ၁၉၇၅ ခုနှစ်ကျတော့ ဆရာက ဒုတိယပါမောက္ခချုပ်ပါ။ ပွဲတော်ကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့တယ်။ ရာပြည့်မှာလည်း ပါဝင်ဆင်နွှဲနိုင်တဲ့အတွက်ကြောင့် အလွန်ကို ဝမ်းသာစရာကောင်းတဲ့ ပွဲကြီးပါ။ ဖော်ပြလို့ မရနိုင်တဲ့ ခံစားမှုတွေ အပြည့်ပါ။ ဥပဒေမျိုးဆက်သစ်တွေအတွက် ဥပဒေနဲ့ပတ်သက်ပြီး အလွန်အားကောင်းတဲ့ ဥပဒေပညာရပ်ကို သင်ကြားပေးတဲ့ ဌာနကြီး တစ်ခုလိုအပ်ပါတယ်။ ဥပဒေပညာဌာနက အစကတည်းက ထူးချွန်တဲ့ဥပဒေပညာရှင်တွေ မွေးထုတ်ပေးခဲ့တယ်။ နောက်လည်း နိုင်ငံတကာအဆင့်မီတဲ့ ဥပဒေပညာရှင်တွေဖြစ်အောင်၊ ပညာသင်ကြားပေးတဲ့ ဌာနကြီးဖြစ်အောင် လုပ်ပေးဖို့ လိုတယ်လို့ ပြောချင်ပါတယ်။

**ဒေါက်တာ ဒေါ်ခင်ချစ်ချစ်(ပါမောက္ခ ဌာနမှူး)**
**ရန်ကုန်တက္ကသိုလ်**
**ဥပဒေပညာဌာန**

၁၉၂၀ ပြည့်နှစ်ကစပြီး ရန်ကုန်တက္ကသိုလ်အနေနဲ့ တည်ထောင်ကတည်းက ရန်ကုန်တက္ကသိုလ် ဥပဒေဌာနအဖြစ် ရှိခဲ့တာဖြစ်ပါတယ်။ နှစ် ၁၀၀ ပြည့်တဲ့အနေနဲ့ ဥပဒေပညာရှင် ပေါင်းများစွာလည်း မွေးထုတ်ခဲ့ပြီး ဖြစ်တဲ့အတွက်ကြောင့် ပြန်လည်စုစည်းပြီး နောင်ဒီထက်ပိုကောင်းတဲ့ ဌာနအဖြစ် ရပ်တည်ဖို့အတွက် ရည်ရွယ်ပြီး လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ ဒီနေ့ နံနက်ပိုင်းမှာ ရာပြည့်သဘင်ဖွင့်ပြီး အတန်းလိုက် စတုဒိသာ ကျွေးမွေးတာရှိပါတယ်။ ဆရာကြီး ဒေါက်တာတင်အောင်အေး အဖွင့်အမှာစကား ပြောကြားပါတယ်။ စာတမ်းဖတ်ပွဲလည်း ရှိပါတယ်။ အငြိမ်းစားယူတဲ့ ဆရာမကြီး ဒေါက်တာဒေါ်သန်းနွဲ့၊ ဆရာမကြီး ဒေါ်ကြင်ဦး၊ ဒေါက်တာ ခင်မာရီတို့က ပြောကြားမယ်။ ဆရာမအနေနဲ့ နှစ် ၁၀၀ မှာ တစ်ခါသာ ကြုံရတဲ့အတွက် အတိုင်းမသိ မဖော်ပြနိုင်အောင် ဝမ်းသာပါတယ်။ ဥပဒေပညာနဲ့ ကျောင်းသားဟောင်းတွေရော၊ ကျောင်းသားသစ်တွေရော ပေါင်းပေါင်းစည်းစည်းနဲ့ တစ်နည်းအားဖြင့် မျိုးဆက်ဟောင်း၊ မျိုးဆက်သစ်တွေကို ပေါင်းစည်းပေးတဲ့ပွဲ ဖြစ်သလို ဥပဒေပညာအမွေကိုလည်း လက်ဆင့်ကမ်းပေးပြီး ဆတက်ထမ်းပိုးနိုင်ငံကို အကျိုးပြုနိုင်ဖို့ ရည်ရွယ်လုပ်ကိုင် ဆောင်ရွက်တာ ဖြစ်တာကြောင့် အောင်မြင်ပြီး နောင်ဒီထက်မက နိုင်ငံကို အထောက်အကူပြုနိုင်မှာဖြစ်တဲ့အတွက်ကြောင့် အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။

**ဦးစိုးမြင့်**
**ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန**
**ရာပြည့်အထိမ်းအမှတ်အခမ်းအနား**
**ကျင်းပရေးကော်မတီဥက္ကဋ္ဌ**

ကျွန်တော်တို့ စတင်ကျောင်းတက်ခဲ့တာ ၁၉၇၁ ခုနှစ်ကပါ။ ငါးနှစ်တက်တော့ ၁၉၇၆ မှာ ကျွန်တော်ကျောင်းပြီးခဲ့ပါတယ်။ ရန်ကုန်တက္ကသိုလ်ရဲ့ နှစ်တစ်ရာသမိုင်းက အဆင့်သုံးဆင့်ရှိတယ်။ ပထမဆုံးအဆင့်က ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက် အဲဒီနေ့က ရန်ကုန်တက္ကသိုလ် အက်ဥပဒေထွက်တဲ့နေ့ပေါ့။ အဲဒီနေ့ကစပြီး ရန်ကုန်တက္ကသိုလ်ဆိုတာ ပေါ်ပေါက်လာတာပါ။ ဝမ်းသာဖို့ ကောင်းတာက ကျွန်တော်တို့ ဥပဒေပညာဌာနကလည်း အဲဒီအချိန်ကတည်းက စပြီးတည်ရှိလာတာ။ ဒါပထမအဆင့်ပေါ့။ ဒုတိယအဆင့်က စစ်ဖြစ်တော့ တက္ကသိုလ်ကြီး ခဏပိတ်ရတယ်။ ပြန်ဖွင့်တဲ့ ၁၉၄၉ ခုနှစ် ဇူလိုင်ပေါ့။ အဲဒီမှာ ပြင်ဆင်ချက်ဥပဒေအရ ထပ်ပြီး ဆက်သွားတော့ ဂုဏ်ယူဖို့ကောင်းတာက မဟာဌာနကြီး ခုနစ်ခုထဲမှာ ကျွန်တော်တို့ ဥပဒေဌာနက ဆက်ပြီးတော့ ဌာနကြီးအဖြစ် ရပ်တည် နေပါတယ်။ ဝိဇ္ဇာဘာသာရပ်ရဲ့ အောက်မှာ မဟုတ်ဘူး။ သီးခြားဌာနပါ။ ၁၉၆၂ ခုနှစ် တော်လှန်ရေး အစိုးရတက်ပြီး ၁၉၆၄ ခုနှစ် ဥပဒေတစ်ခုလည်း ထွက်တော့ အသက်မွေးဝမ်းကျောင်းထဲ မထည့်လိုက်တော့ဘဲနဲ့ ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်အောက်က ဝိဇ္ဇာဘာသာရပ် ကိုးခုထဲ ပြန်ရောက်သွားတယ်။ တကယ်တမ်းပြောရင် ဥပဒေပညာက အားလုံးသိတဲ့အတိုင်း အဓိကသိပ်ကျတဲ့ ခက်မကြီးသုံးဖြာ ဥပဒေပြုကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍ ကျွန်တော်တို့နဲ့ လွတ်ကင်းတဲ့ ကဏ္ဍရယ်လို့မှ မရှိတာ။ နောက်ပိုင်းတိုင်ပင်ပြီးတော့ အသက်မွေးဝမ်းကျောင်းတက္ကသိုလ် တစ်ခုအဖြစ် ဆောင်ရွက်ဖို့ ကြိုးပမ်းနေတယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂ ရက်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဘွဲ့နှင်းသဘင်ခန်းမမှာ ရာပြည့်အခမ်းအနားစပြီး ဖွင့်လိုက်ပါတယ်။ မတ် ၁ ရက်မှာ ကျွန်တော်တို့ ဥပဒေပညာဌာန အလှည့်ကျပါတယ်။ ကျန်တဲ့ ဌာနတွေကတော့ နှစ် ၇၀၊ နှစ် ၆၀ သူတို့ သက်တမ်းရှိသလောက် လုပ်တယ်။ ကျွန်တော်တို့ကတော့ တက္ကသိုလ်ကြီးနဲ့အတူ နှစ် ၁၀၀ ပြည့်ကို လုပ်နိုင်ခဲ့ပါတယ်။ ကော်မတီအဆင့်ဆင့်က တက်ညီလက်ညီနဲ့ အနှစ်နှစ်အလလက ပုဂ္ဂိုလ်တွေ အကုန်လုံး ပျော်ပျော်ရွှင်ရွှင်ဆင်နွှဲတဲ့အတွက် အတိုင်းမသိ ဝမ်းသာပါတယ်။

**ဦးအောင်ထွဋ်**
**ရာပြည့်အထိမ်းအမှတ်အခမ်းအနား**
**ကျင်းပရေးကော်မတီ**
**အထွေထွေအတွင်းရေးမှူး**

၁၉၈၆ ခုနှစ် ဥပဒေပညာဌာနမှာ ဥပဒေဘွဲ့ရဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်မှာ စစချင်းဖွင့်တဲ့ မဟာဌာန ခုနစ်ခုမှာ ကျွန်တော်တို့ ဥပဒေဌာနတစ်ခု အပါအဝင်ဖြစ်ပြီး လက်ရှိ ရန်ကုန်တက္ကသိုလ်မှာရှိနေတဲ့ ဌာနတိုင်းမှာ ကျွန်တော်တို့ ဥပဒေဌာနတစ်ခုပဲ ရာပြည့်အခမ်းအနား ကျင်းပလို့ရတာပါ။ ၁၉၂၀ ပြည့်နှစ်ကတည်းက ရန်ကုန်တက္ကသိုလ် စဖွင့်ကတည်းက ကျွန်တော်တို့ ဥပဒေပညာဌာနကလည်း အတူတူဖွင့်လာခဲ့တာပါ။ ဒီပွဲအတွက် ရည်ရွယ်ချက်က ဥပဒေရာပြည့် အခမ်းအနားကြီးကို ၁၉၆၈ ခုနှစ် ဥပဒေဘွဲ့ရကနေ ၂၀၀၂ ခုနှစ် ဘွဲ့ရ၊ ကျောင်းပြန်ပိတ်ပြီး ၂၀၁၃ ခုနှစ်က စတင်ပြီး ၂၀၁၈-၂၀၁၉ ခုနှစ် စည်တော်တီးဘွဲ့ရတွေအထိ ပါဝင်ဆင်နွှဲပြီး ရာပြည့်အထိမ်းအမှတ် အမှတ်တရဖြစ်အောင် စီစဉ်ပြီး

*စာမျက်နှာ ၉ သို့*

“ပညာဆည်းပူးတယ်ဆိုတာ ဘယ်တော့မှလည်း အဆုံးမသတ်နိုင်ပါဘူး။ ငယ်ငယ်ကတည်းက ပညာကို ထူးချွန်အောင် ကြိုးစားစေချင်ပါတယ်။ တတ်တဲ့ပညာက နိုင်ငံတော်အတွက်ဆိုတာကို အလေးအနက်ထားစေချင်ပါတယ်။ ကျွန်တော်တို့နိုင်ငံ ဒီနေ့လျှောက်လှမ်းနေရတဲ့ ကာလမှာ ပိုမိုပြီး ကြိုးစားကြဖို့ လိုပါတယ်။ ကျွန်တော်တို့ ဖြတ်သန်းနေရတဲ့ ကာလက နိုင်ငံတော်အတွက် အင်မတန်အရေးကြီးသောကာလဖြစ်ပါတယ်။ အားလုံးဝိုင်းဝန်းပြီး ကြိုးစားဖို့ လိုပါတယ်”

*စာမျက်နှာ ၈ မှ*

ကျင်းပပေးတာ ဖြစ်ပါတယ်။ ဥပဒေဌာန ရာပြည့်ပွဲကြီးကို အခုလို ကြီးကျယ်ခမ်းနားစွာ ကျင်းပခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ တက္ကသိုလ်တက်ခဲ့ရတဲ့ အတွေ့အကြုံကတော့ မြန်မာပြည်မှာရှိတဲ့ တက္ကသိုလ်ထဲမှာ ရန်ကုန်တက္ကသိုလ်ကတော့ အပျော်ဆုံးပါ။ အခမ်းအနားဆုံးပါ။ ကျောင်းသူ ကျောင်းသားအားလုံးကို တစ်နေ့လုံး ရာပြည့်အခမ်းအနား စတုဒိသာ ကျွေးမွေးတယ်။ တစ်နေ့လုံး ရာပြည့်အခမ်းအနား ဖွင့်ပွဲ၊ ပျော်ပွဲ၊ ရွှင်ပွဲ၊ ဖျော်ဖြေပွဲတွေ၊ စာတမ်းဖတ်ပွဲ၊ ညစာစားပွဲတွေ ကျင်းပမှာ ဖြစ်ပါတယ်။

**မသက်ဆင့်နေနေ**
**ဥပဒေပညာ**
**ပဉ္စမနှစ်ကျောင်းသူ**

ရန်ကုန်တက္ကသိုလ်ထဲမှာပဲ တက်နေပါတယ်။ နှစ် ၁၀၀ ပြည့်ကို တွေ့ကြုံရတဲ့အတွက် ထူးခြားတယ်လို့ ခံစားရပါတယ်။ နောက် နှစ် ၁၀၀ ဆိုတာက မဖြစ်နိုင်ဘူးလေ၊ နှစ်(၁၀၀)ပြည့်က ကြုံတောင့်ကြုံခဲ ကြုံရတဲ့အတွက် ပျော်မိပါတယ်။ ၁၀ တန်းအောင်မြင်ပြီးကတည်းက ရန်ကုန်တက္ကသိုလ်ကိုပဲ လျှောက်တာပါ။ ရန်ကုန်တက္ကသိုလ်ကို တက်ချင်တဲ့အတွက်၊ ရန်ကုန်တက္ကသိုလ်ကို ဝင်ခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ အနယ်နယ်အရပ်ရပ်က သူငယ်ချင်းတွေကိုလည်း တွေ့ခဲ့ရပါတယ်။ ရန်ကုန်တက္ကသိုလ် အရသာဖြစ်တဲ့ RC သွားလိုက်၊ ကင်န်တင်းထိုင်လိုက်၊ သစ်ပုပ်ပင်နဲ့ ဓာတ်ပုံရိုက်လိုက်တွေလုပ်ပြီး ရန်ကုန်တက္ကသိုလ်ကြီးက အခြားတက္ကသိုလ်တွေနဲ့မတူတဲ့ ခံစားမှုကို ဒီတက္ကသိုလ်ကြီးမှာ ခံစားရလိုက်ပါတယ်။ ရန်ကုန်တက္ကသိုလ်ကို ကိုယ်တက်ချင်တဲ့ဘာသာရပ်တွေရှိရင် ကြိုးစားပြီး လာရောက်တက်ပါလို့ မျိုးဆက်သစ်တွေကို ဖိတ်ခေါ်ပါတယ်။ သမီးက ရာမညဆောင် ဥပဒေပညာဌာနမှာ ကျောင်းတက်ခဲ့ပါတယ်။

**ဦးသန့်ဇင်**
**ဥပဒေကျောင်းသားဟောင်း**

၁၉၉၄ ခုနှစ် ကျောင်းသားဟောင်းပါ။ ကျွန်တော့်ဘဝမှာ လူတစ်လုံး သူတစ်လုံးဖြစ်လာအောင် ဒီကျောင်းတော်ကြီးက သင်ကြားပေးတာ ဖြစ်ပါတယ်။ ဒီဥပဒေဌာနကြီးက ပညာသင်ပေးတယ်။ ရာပြည့်အမှတ်တရကတော့ သူငယ်ချင်းတွေနဲ့ဆုံအောင်၊ ဆရာ ဆရာမတွေ ဂါရဝပြုလို့ရအောင် လာရောက်ခြင်း ဖြစ်ပါတယ်။ တက္ကသိုလ်တက်ခဲ့တဲ့ ဘဝမှာ အလွန်ပျော်စရာကောင်းခဲ့ပါတယ်။ ကျွန်တော်တို့ ခေတ်တုန်းက ဥပဒေဆိုတာ ရန်ကုန်တက္ကသိုလ်တစ်ခုတည်းရှိသေးတာ။ အဲဒီတော့ ဒီထဲမှာ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်နဲ့ စာကြည့်ကြလုပ်ခဲ့တာပါ။ ဒီမှာ မြင်လိုက်ရတာကတော့ ကျွန်တော်တို့ရဲ့ အထက်တန်းက အစ်ကို အစ်မတွေ တကယ့်ဦးဆောင်တဲ့ နေရာကြီးတွေမှာ ဦးဆောင်နေကြတယ်။ အလယ်အလတ်အဆင့်မှာလည်း သူ့ဘာသာသူ ဦးဆောင်နေကြတယ်။ ကျွန်တော်တို့တွေ ကဏ္ဍအသီးသီးမှာ ဦးဆောင်နေကြတယ်။ တကယ်ပဲ နောင်မောင်မယ်သစ်လွင်တွေကို ပြောချင်တာက ကြိုးစားဖို့ လိုပါတယ်။ နောင်တစ်ချိန် ကိုယ်နေရာယူတဲ့အချိန်မှာ အရည်အသွေးကောင်းတဲ့ ကျောင်းသားတွေ ဖြစ်လိမ့်မယ်လို့ ခံစားမိပါတယ်။ ဒီပွဲကို ဒီလိုစည်ကားအောင် ကျင်းပပေးတာကို ဝမ်းသာပါတယ်။ အားလုံးအတွက်လည်း ပြန်ပြီး စိတ်တွေနုပျိုလန်းဆန်းလာလိမ့်မယ်လို့ ထင်ပါတယ်။



ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။

**ကံ့ကော်တောမျိုးအောင်**
**ဒုတိယဥက္ကဋ္ဌ**
**ဥပဒေရာပြည့်အထိမ်းအမှတ်အခမ်းအနား ကျင်းပရေးကော်မတီ**

ကျွန်တော်က ၁၉၇၆ ခုနှစ် ကျောင်းသားဟောင်းပါ။ ရန်ကုန်တက္ကသိုလ်ကြီးကလည်း နှစ် ၁၀၀ ပြည့်တယ်။ ကျွန်တော်တို့ မဟာဌာနကြီးတစ်ခုဖြစ်တဲ့ ဥပဒေဌာနကလည်း နှစ် ၁၀၀ ပြည့်တယ်။ အဲဒါကြောင့် တစ်ညီတည်းပဲ ခြိမ့်ခြိမ့်သဲ စည်ကားအောင် ဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့်လည်း အဖွင့်သီချင်းတွေနဲ့ ကြီးကျယ်ခမ်းနားစွာ ကျင်းပဖို့ စီစဉ်ထားပါတယ်။ တက္ကသိုလ်တက်ခဲ့တုန်းကတော့ အဆောင်ကျောင်းသားလည်းဖြစ်တယ်။ အဲဒီကာလ အဲဒီအချိန်တုန်းကတော့ တက္ကသိုလ်ကျောင်းသားဘဝက အင်မတန်မှ ပျော်စရာကောင်းပါတယ်။ အဆောင်ကျောင်းသားဘဝ၊ ကျောင်းမှာစာသင်ရတဲ့ဘဝ အဲဒီအကြောင်းအရာတွေကို ပြန်တွေးရင် ပြောမကုန်ဘူး၊ အများကြီးပါ။ ကျောင်းပရဝဏ်အတွင်းမှာ ကျောင်းကပေးတဲ့ နာမည်လေးပါ။ ကံ့ကော်တောဆိုတာ အဲဒီ ဥပဒေပညာဌာနမှာ လာတက်တဲ့အတွက်ကြောင့် ဒီကျောင်းကြီးမှာ ပညာဆည်းပူးတဲ့အတွက်ကြောင့် အစွဲပြုပြီး ကျွန်တော့်နာမည်က တေးသံရှင် ကံ့ကော်တောမျိုးအောင်ဖြစ်တာပါ။ အမှန်က ကျွန်တော့်နာမည်က မျိုးအောင်ပါ။ ငယ်သူငယ်ချင်းတွေ၊ ကျေးဇူးရှင် ဆရာ ဆရာမတွေကပေးတဲ့ နာမည်ပေါ့၊ ဥပဒေပညာဟာ ဒီမြေကမ္ဘာမှာ အဓိက ကျပါတယ်။ အရေးအကြီးဆုံးလည်း ဖြစ်တယ်။ ဒါကြောင့် ဒီဘာသာရပ်ကို ရရှိတဲ့ ကျောင်းသား ကျောင်းသူများအားလုံးကို တိုက်တွန်းချင်တာက စာကြိုးစားကြပါလို့၊ နောင်တစ်ချိန်မှာ ကိုယ့်နိုင်ငံ၊ ကိုယ့်တိုင်းပြည်အတွက် အမြဲတမ်းအကျိုးပြုရမှာ ဒီဥပဒေနဲ့ပဲ အကျိုးပြုရမှာ ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့်မို့ အလေးအနက်ထားပြီး ဒီပညာရပ်ကို ကြိုးစားကြပါလို့ တိုက်တွန်းချင်ပါတယ်။ ပွဲတော်ကြီးကို ကျင်းပပေးရတဲ့ အကြောင်းအရာကတော့ မျိုးဆက်သစ်တွေရော၊ ကျောင်းသား ကျောင်းသူဟောင်းတွေရော သူတို့ရဲ့ ဆက်ဆံရေးတွေ ရင်းနှီးအောင်၊ သူတို့ရဲ့ ဥပဒေဌာနကြီးက ဒီ့ထက်ပိုပြီး ခမ်းနား အောင်မြင်အောင် အဲဒီလိုရည်ရွယ်ပြီး စိတ်ထဲမှာဖြစ်နေပါတယ်။ အဲဒီလိုလည်း ဆောင်ရွက်ပေးနေပါတယ်။ အားလုံးဝိုင်းကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်း-ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ-ဇော်မင်းလတ်**



မသက်ဆင့်နေနေ
ဥပဒေပညာ
ပဉ္စမနှစ်ကျောင်းသူ



ဦးသန့်ဇင်
ဥပဒေကျောင်းသားဟောင်း



ကံ့ကော်တောမျိုးအောင်(ဒုတိယဥက္ကဋ္ဌ၊ ဥပဒေရာပြည့်အထိမ်းအမှတ်အခမ်းအနား ကျင်းပရေးကော်မတီ)

## တောင်သူလယ်သမားနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာ နွားအလှပြိုင်ပွဲနှင့် လှည်းယဉ်ကျော့ပြိုင်ပွဲ ရေကြည်မြို့နယ်၌ ကျင်းပ

**ရေကြည် မတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ကွင်းသုံးဆင့်ကျေးရွာအုပ်စု၌ တောင်သူလယ်သမားနေ့ ဂုဏ်ပြုပွဲအထိမ်းအမှတ်အဖြစ် မြန်မာ့ရိုးရာ နွားအလှပြိုင်ပွဲနှင့် လှည်းယဉ်ကျော့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ကျင်းပသည်။

ပြိုင်ပွဲကို ရေကြည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အသုတ်မြို့အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးပိုင်၊ အသုတ်နယ်မြေရဲစခန်းမှူး ရဲအုပ်တင်မောင်လွင်နှင့် ဒိုင်ချုပ် ဦးအေးမောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ဦးတို့က ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲတွင် ရေကြည်မြို့နယ်၊ ပန်းတနော်မြို့နယ်၊ အင်္ဂပူမြို့နယ်၊ ဓနုဖြူမြို့နယ်၊ လေးမျက်နှာမြို့နယ်နှင့် မြန်အောင်မြို့နယ်တို့မှ လာရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို မတ် ၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းတင့် (ရေကြည်)**

**လှိုင်း အနည်းငယ်မှ အသင့်အတင့်ရှိမည်**

နေပြည်တော် မတ် ၂

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## တောင်သူလယ်သမားများ ဂုဏ်ပြုသည့် လယ်တောသူအလှမယ်နှင့် ကျေးလက်သံစဉ်သီချင်းဆို ပြိုင်ပွဲဆုပေးပွဲကျင်းပ

**ရန်ကုန် မတ် ၂**

မြန်မာနိုင်ငံ ဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်းက ကြီးမှူး၍ တောင်သူလယ်သမားများကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာ အပြည်ပြည်ဆိုင်ရာ လယ်ယာသုံးစက်ကိရိယာပြပွဲကို ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၂ ရက်အထိ သာကေတမြို့နယ် မင်းနန္ဒာလမ်း Fortune Plaza ရှိ Myanmar Expo Hall ၌ ကျင်းပသည်။

ပြပွဲနှင့်အတူ လယ်တောသူအလှမယ်နှင့် ကျေးလက်တောသဘာဝ ဝေလေ့ကို ဖော်ညွှန်းသည့် မြန်မာသံစဉ် ကျေးလက်တေးသီချင်း အဆိုပြိုင်ပွဲကို ထည့်သွင်းကျင်းပခဲ့ရာ မတ် ၂ ရက်က ဆုရရှိသူများကို ဆုများပေးအပ်သည်။




လယ်တောသူ အလှမယ်ပြိုင်ပွဲတွင် Miss Farmer ဆုကို မြတ်နိုးသိင်္ဂီစိ၊ 1st Runner Up ဆုကို မိတလချမ်း၊ 2nd Runner Up ဆုကို နော်သီရိစန္ဒာ၊ Miss Photo genic ဆုကို မေဇင်ဦး၊ Best Costume ဆုကို အိန္ဒြာမောင်၊ Member's Choice ဆုကို ထက်မြတ်လှိုင်တို့က ရရှိကြသည်။ **(အပေါ်ပုံ)**

ဆုရရှိကြသူများကို မြန်မာနိုင်ငံ ဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်နှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရွှေသားသရဖူနှင့် ဆုငွေများတို့ကို ပေးအပ်ကြသည်။ ထို့နောက် မြန်မာသံစဉ်ကျေးလက်တေးသီချင်း အဆိုပြိုင်ပွဲတွင် ဆုရရှိကြသည့် အဆိုရှင် အမျိုးသား၊ အမျိုးသမီး ၁၂ ဦးတို့ကို ဆုများပေးအပ်ကြသည်။

**အောင်သူရ**

# ပွန်ဂဲလ်(ခေါ်) ကောက်သစ်စားပွဲနှင့် တောင်သူလယ်သမားဦးကြီးများ ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

ရန်ကုန်   မတ် ၂

**မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က ကြီးမှူးကျင်းပသည့် ၂၀၂၀ ပြည့်နှစ် ပွန်ဂဲလ်(ခေါ်)ကောက်သစ်စားပွဲနှင့် တောင်သူလယ်သမားဦးကြီးများ ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ညပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏလမ်းဆုံအနီး သုဝဏ္ဏဘူမိ Event Park ၌ ကျင်းပသည်။**

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို) ဂုဏ်ထူးဆောင်နာယက ဦးအောင်ဆန်းနှင့် နာယကများ၊ ဥက္ကဋ္ဌ ဦးသိန်းလွင်နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆီမီးထွန်းညှိ၍ အခမ်းအနားကို စတင်သည်။

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်းအသင်းဥက္ကဋ္ဌ ဦးသိန်းလွင်က ကြိုဆိုနှုတ်ခွန်း ဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း အထွေထွေအတွင်းရေးမှူး ဦးချစ်ဝင်းက တမီလ်ဘာသာဖြင့် အသင်း၏ လုပ်ဆောင်ချက်များကို ရှင်းလင်းတင်ပြသည်။

**ဖျော်ဖြေတင်ဆက်**

ယနေ့ကျင်းပသည့် ပွန်ဂဲလ်(ခေါ်) ကောက်သစ်စားပွဲနှင့် တောင်သူလယ်သမားဦးကြီးများ ဂုဏ်ပြုပွဲအခမ်းအနားတွင် အိန္ဒိယရိုးရာအက၊ မြန်မာရိုးရာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့်တာဝန်ရှိသူများက ပွန်ဂဲလ်(ခေါ်)ကောက်သစ်စားပွဲနှင့် တောင်သူလယ်သမားဦးကြီးများ ဂုဏ်ပြုပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

(၄-၁-၂၀၂၀ ရက်နေ့မှ ၂-၃-၂၀၂၀ ရက်နေ့ထိ)

(၂-၃-၂၀၂၀) ရက်နေ့၊ ည (၈:၁၅) နာရီ

၁။ **ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ**

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၁-၃-၂၀၂၀) ရက်နေ့ မြန်မာစံတော်ချိန် နံနက်(၀၁:၃၀)နာရီအချိန် ထုတ်ပြန်ချက်)

ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့် နိုင်ငံစုစုပေါင်း - ၅၈ နိုင်ငံ
ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း - ၈၇,၁၃၇ ဦး
ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - ၂,၉၇၇ ဦး

- ကမ္ဘာ့ဒေသအသီးသီးတွင် ရောဂါကူးစက်ဖြစ်ပွားသောနိုင်ငံများ ဆက်တိုက်များပြားလာခဲ့ကြောင်းနှင့် နိုင်ငံပြင်ပမှ ရောဂါကူးစက်မှု (Imported case) များသာမက နိုင်ငံတွင်း၌ပါ ရောဂါကူးစက်မှု(Local transmission) များရှိလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ သိရှိရပါသည်။
- တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြင်ပတွင် နိုင်ငံတွင်းကူးစက်မှုဖြစ်ပွားသော နိုင်ငံ(၂၀) နိုင်ငံမှာ -

| စဉ် | ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ထားသော ဒေသကြီးများ | နိုင်ငံ |
|---|---|---|
| ၁။ | အနောက်ပစိဖိတ်ဒေသ | - ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်၊ စင်ကာပူ၊ သြစတြေးလျ၊ မလေးရှား၊ ဗီယက်နမ် |
| ၂။ | ဥရောပဒေသ | - အီတလီ၊ ဂျာမနီ ၊ ပြင်သစ်၊ စပိန် ၊ အင်္ဂလန်၊ ခရိုအေးရှား၊ ဆန်မာရီနို၊ နော်ဝေး၊ နယ်သာလန်၊ |
| ၃။ | အရှေ့တောင်အာရှဒေသ | - ထိုင်း |
| ၄။ | အရှေ့အလယ်ပိုင်းဒေသ | - အီရန် ၊ ယူအေအီး |
| ၅။ | အမေရိကဒေသ | - အမေရိကန်၊ ကနေဒါ |

- သို့ဖြစ်ပါ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၈-၂-၂၀၂၀) ရက်နေ့ ထုတ်ပြန်ချက်တွင် COVID-19 ရောဂါကူးစက်ပြန့်ပွားနိုင်မှုအခြေအနေ (Risk Assessment) အား-

- တရုတ်ပြည်သူ့သမ္မတနိုင်ငံ (China) ၊ ဒေသတွင်းနိုင်ငံများ (Regional) နှင့် ကမ္ဘာ့နိုင်ငံများအားလုံး (Global) တွင် အလွန်မြင့်မားသည့်အဆင့် (Very High) အဖြစ် တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

၂။ **မြန်မာနိုင်ငံ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ (၂-၃-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀) နာရီအချိန်ထိ**

| | ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | | | လူနာဦးရေ စုစုပေါင်း |
|---|---|---|---|---|
| | ပိုးတွေ့ | ပိုးမတွေ့ | ဆောင်ရွက်ဆဲ | |
| စောင့်ကြည့်လူနာ | - | ၄၃ | ၅ | ၄၈ |
| သံသယလူနာ | - | ၂ | - | ၂ |
| **စုစုပေါင်း** | - | ၄၅ | ၅ | ၅၀ |

၃။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၁-၃-၂၀၂၀) ရက်နေ့အထိ သံသယလူနာနှင့်စောင့်ကြည့်လူနာတွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၁၇) ဦး၊ ရှမ်းပြည်နယ်တွင်(၁၂) ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၉) ဦးနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် (၁၂) ဦး စုစုပေါင်း (၅၀) ဦးတို့ဖြစ်ပါသည်။

၄။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID- 19 ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများအား ဆောင်ရွက်ရာတွင်-

(က) ဆင့်ပွားကူးစက်ပျံ့နှံ့မှုများအား ကာကွယ်နိုင်ရေးအတွက် လူနာနှင့်အနီးကပ် ထိတွေ့သူများ(အတူနေမိသားစုများနှင့် ကျန်းမာရေးဝန်ထမ်းများစသည်)အား ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆေးရုံ၊ ဆေးခန်းများတွင် ရောဂါပိုးကူးစက်မှုကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများအား အစဉ်တစိုက် အားဖြည့်ဆောင်ရွက်ခြင်း၊

(ခ) သံသယလူနာနှင့် စောင့်ကြည့်လူနာများအား စောစီးစွာရှာဖွေဖော်ထုတ်ခြင်း၊ သီးခြားထားရှိ ကုသခြင်းနှင့် ထိရောက်ကောင်းမွန်သည့်ကုသမှုများပေးခြင်း၊

(ဂ) ကျန်းမာရေးဝန်ထမ်းများအား မှန်ကန်ထိရောက်သည့်ရောဂါ ကာကွယ်ရေး လုပ်ငန်းများအား တိကျစွာဆောင်ရွက်နိုင်ရန် လုပ်ငန်းလမ်းညွှန်ချက်များအား ဖြန့်ဝေခြင်းနှင့် ပြည်သူလူထုမှ လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များအား ဖြန့်ဝေခြင်း၊

(ဃ) ကမ္ဘာ့နိုင်ငံများအပါအဝင် မြန်မာနိုင်ငံ၌ လတ်တလောဖြစ်ပွားနေသော အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား နိုင်ငံပိုင်သတင်းစာမျက်နှာများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov. mm) နှင့် လူမှုကွန်ရက်စာမျက်နှာများ (https://www.facebook.com/ MinistryOf HealthAndSportsMyanmar နှင့် https://www.facebook.com/Myanmar CDC) တို့တွင် ဖော်ပြခြင်းနှင့် တစ်ပြိုင်တည်းမှာပင် ပြည်သူလူထုအကြား ပျံ့နှံ့လေ့ရှိသည့် သတင်းအမှားများအား သတင်းအမှန်များဖြင့် အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ခြင်း၊

(င) COVID – 19 ရောဂါကြောင့် ပြည်သူလူထု၏ လူမှုစီးပွားထိခိုက်မှုများ နည်းပါးစေရန် သက်ဆိုင်ရာ နီးနွယ်ဌာနများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၅။ မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ COVID-19 ရောဂါ ဖြစ်ပွားသူလူနာမတွေ့ရှိသေးသော်လည်း -

- ရောဂါစတင်ဖြစ်ပွားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံအပြင် စင်ကာပူနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ အီတလီနိုင်ငံနှင့် အီရန်နိုင်ငံတို့၌ အရှိန်အဟုန်ဖြင့် ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသည်ကို သိရှိရပါသည်။
- အဆိုပါနိုင်ငံများမှ ခရီးသည်များသည် လေကြောင်းခရီးဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ အခြားနိုင်ငံများတွင် ရပ်နားဖြတ်သန်းပြီးသော်လည်းကောင်း၊ မြန်မာနိုင်ငံသို့ ဝင်ရောက်နိုင်သည့် အခြေအနေများစွာ ရှိနေပါသည်။
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၌ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို နီးနွယ်ဝန်ကြီးဌာနများနှင့်ပူးပေါင်းကာ အထူးအားဖြည့်၍ ဆောင်ရွက်လျက်ရှိပါသည်။
- အပြည်ပြည်ဆိုင်ရာဝင်ပေါက်များမှ သံသယရောဂါလက္ခဏာရှိသူများ မဝင်ရောက်နိုင်စေရန် ထိန်းချုပ်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတကာခရီးသည်များ တည်းခိုနေထိုင်မည့် ဟိုတယ်၊ တည်းခိုခန်းနှင့် အိမ်များ၌ ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများ ဆောင်ရွက်မှုမှာ အရေးကြီးသည့် အချက်တစ်ချက်ဖြစ်ပါသည်။
- COVID-19 ရောဂါ လူနာများနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်းမရှိသူ (သို့မဟုတ်) ရောဂါဖြစ်ပွားရာ ဒေသ၊ နိုင်ငံများသို့ လတ်တလောသွားရောက်ခဲ့သော ခရီးသွားရာဇဝင်မရှိသူများတွင်လည်း ရောဂါကူးစက်ဖြစ်ပွားမှုဖြစ်စဉ် (နိုင်ငံတွင်းရောဂါကူးစက်မှု - Local transmission) များအား နိုင်ငံအချို့တွင် တွေ့ရှိနေရပါသည်။
- လူစုလူဝေးများသောနေရာများတွင် COVID-19 ရောဂါဖြစ်ပွားသူ (သို့မဟုတ်) ရောဂါလက္ခဏာမပြသေးသော်လည်း ရောဂါရှိသူ (Asymptomatic carrier) တစ်ဦးထံမှ အခြားသူများထံသို့ ရောဂါကူးစက်ပြန့်ပွားနိုင်ပါသည်။

၆။ မြန်မာနိုင်ငံတွင်လည်း ရောဂါဖြစ်ပွားသူအများအပြား ရုတ်တရက်တစ်ပြိုင်နက် တွေ့ရှိလာနိုင်ပြီး ပြည်သူများအတွင်း၌ ကူးစက်ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် ပြည်သူများနှင့် လူမှုရေးအဖွဲ့အစည်းများအနေဖြင့် -

(က) ယခုကာလအတွင်း လူစုလူဝေးများပြားရာနေရာများနှင့် ပွဲလမ်းသဘင်ရှိရာနေရာများကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ကြပါရန်၊

(ခ) အခြေအနေ အကြောင်းကြောင်းကြောင့် မဖြစ်မနေကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကိုသာ ပြုလုပ်ကြပါရန်နှင့်

(ဂ) အကယ်၍ ထိုသို့မလွှဲမရှောင်သာကျင်းပရပါက တက်ရောက်သည့်လူအရေအတွက် နည်းနိုင်သမျှနည်းပါးစေရန်နှင့် ဖျားနာသူများနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါရှိသူများ မလာရောက်စေရေး အစီအမံများ တင်းကျပ်စွာပြုလုပ်ရမည့်အပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေး နှိုးဆော်ချက်များကိုလည်း တိကျစွာ စနစ်တကျလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာအုပ်စု၌ တောင်သူလယ်သမားနေ့ အခမ်းအနားကျင်းပ

ပုသိမ် မတ် ၂

**တောင်သူလယ်သမားနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာအုပ်စု၌ ကျင်းပသည်။**

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာအား ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်းက ဖတ်ကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က မြန်မာနိုင်ငံသည် လယ်ယာကဏ္ဍကို အားထားနေရသည့် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စပါးကျီကြီးဖြစ်သည်နှင့်အညီ မိုးစပါး၊ နွေစပါး စုစုပေါင်းစိုက်ဧက ၅၁ သိန်းကျော် စိုက်ပျိုးလျက်ရှိကြောင်း၊ အဓိကသီးနှံ စပါးအပြင် ပြည်ပပို့ကုန် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စားဖိုဆောင်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ စသည့် အမယ်စုံသီးနှံများလည်း စိုက်ပျိုးလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးဆောင်ကာ ဌာနဆိုင်ရာ အားလုံး တောင်သူ လယ်သမားများနှင့် ပူးပေါင်းလက်တွဲပြီး စားနပ်ရိက္ခာ ဖူလုံရေး၊ အာဟာရပြည့်ဝမှုနှင့် အစားအစာဘေးအန္တရာယ် ကင်းရှင်းမှုတို့ တိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်သူလယ်သမားများ၏ အခွင့်အရေးများ ပြည့်ဝစွာ ရရှိခံစားနိုင်စေရန်နှင့် အကျိုးစီးပွားမြင့်မားလာစေရန် ဧရာဝတီတိုင်းဒေသကြီး၏ လယ်ယာကဏ္ဍတွင် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ကြသည့် ထူးချွန်တောင်သူများနှင့် ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဓနုဖြူ၊ မအူပင်၊ ရေကြည်၊ ဒေးဒရဲနှင့် ကျောင်းကုန်းမြို့နယ်တို့မှ စွန့်လွှတ်မြေများ တောင်သူများလက်ဝယ်သို့ လုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်ခြင်း အခမ်းအနားကို ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများက တောင်သူများအား လုပ်ပိုင်ခွင့်ပြုလက်မှတ်များ ပေးအပ်သည်။

ထို့နောက် စွန့်လွှတ်မြေများ လုပ်ပိုင်ခွင့်ပြုလက်မှတ် လက်ခံရရှိသည့် တောင်သူများ ကိုယ်စား တောင်သူတစ်ဦးမှ ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာသည့် တောင်သူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် ထူးချွန်တောင်သူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လယ်မြေပေါ်တွင် ကောင်းကင်မျိုးစေ့ကြဲကိရိယာဖြင့် မျိုးစေ့ကြဲပက်ခြင်း၊ ကောင်းကင်ဆေးဖျန်းစက်ဖြင့် ဆေးဖျန်းပြသခြင်းတို့ကို ကြည့်ရှုကြသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၁၉ ခုနှစ် နှစ်ကုန်အထိ ဧကပေါင်း ၈၉၉၂ ဧကအား တောင်သူများလက်ဝယ်သို့ ပြန်လည်လွှဲပြောင်း၍ လုပ်ပိုင်ခွင့် လက်မှတ်ပေးအပ်ခဲ့ပြီး ဖြစ်ရာ ယနေ့ကျင်းပသည့် တောင်သူလယ်သမားနေ့ အခမ်းအနားတွင် တောင်သူ ၆၃၉ ဦးအတွက် ၂၉၆၅ ဧကအား လုပ်ပိုင်ခွင့်လက်မှတ်ပေးအပ်ခဲ့ကြောင်း သိရသည်။

ယနေ့ကျင်းပသည့် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး မြို့နယ် ၂၆ မြို့နယ်မှ တောင်သူ ၃၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

**သတင်း-သီသီမင်း၊ မင်းသစ်**
**ဓာတ်ပုံ-နေလင်း**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂-၃-၂၀၂၀) ရက်နေ့ ည (၈: ၀၀)နာရီ

## လေကြောင်းခရီးနှင့် ရေကြောင်းခရီးများမှ ပြည်တွင်းသို့ ဝင်ရောက်လာရောက်ကြသူများကျန်းမာရေး အခြေအနေ ဖော်ပြချက်ကတ်ကို ပြည့်စုံတိကျစွာ ဖြည့်စွက်ကြပါရန် တိုက်တွန်းနှိုးဆော်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံ (၅၉)နိုင်ငံတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 ရောဂါဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတကာ ကျန်းမာရေးဝန်ကြီးဌာနများနှင့် လည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် လည်းကောင်း ချိတ်ဆက်၍ သတင်းပေးပို့ဖလှယ်ခြင်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ယခုအချိန်၌ အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသည့် ခရီးသည်များမှတစ်ဆင့် ရောဂါကူးစက်ပြန့်ပွားနိုင်သည့် အခြေအနေများရှိသဖြင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ လေကြောင်းခရီးသည်များအား ကျန်းမာရေးအခြေအနေဖော်ပြချက်ကတ်(health declaration card) တွင် ကျန်းမာရေးအခြေအနေ၊ တည်းခိုနေထိုင်မည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ဖြည့်စွက်စေပြီးမှသာ ပြည်တွင်းသို့ ဝင်ရောက်ခွင့်ပြုခြင်းတို့ကို တိကျစွာအထူးဂရုပြု ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။

၃။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် -

(က) ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်ရှိ စက်ရုံတစ်ရုံတွင် အလုပ်လုပ်ကိုင်လျက်ရှိသော အသက် (၂၉) နှစ်အရွယ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသား အမျိုးသားတစ်ဦးသည် (၁၈-၂-၂၀၂၀) ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တိုင်ပေရှိ ၎င်း၏နေအိမ်သို့သွားရောက်ခဲ့ပြီး (၂၅-၂-၂၀၂၀) ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။ အဆိုပါအမျိုးသားသည် (၂၈-၂-၂၀၂၀) ရက်နေ့မှစ၍ ဖျားခြင်း၊ လည်ချောင်းနာခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်းစသည့် လက္ခဏာများခံစားခဲ့ရသဖြင့် (၁-၃-၂၀၂၀) ရက်နေ့၊ နေ့လယ်ပိုင်းတွင် ပန်းလှိုင်ဆေးရုံသို့ သွားရောက်ပြသခဲ့ရာ ဝေဘာဂီအထူးကုဆေးရုံသို့ ညွှန်းပို့ခဲ့ပါသည်။ အဆိုပါလူနာအားစောင့်ကြည့်လူနာအဖြစ်သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာရယူ စစ်ဆေးလျက်ရှိပါသည်။

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်တွင် နေထိုင်သော အသက် (၃၇) နှစ်အရွယ် နယူးဇီလန်နိုင်ငံသား အမျိုးသားတစ်ဦးသည် (၁၇-၂-၂၀၂၀) ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့ပြီး ဟောင်ကောင်လေဆိပ်၊ အမေရိကန်နိုင်ငံ၊ ဂျွန်အက်ဖ်ကနေဒီလေဆိပ်နှင့် မီယာမီလေဆိပ်များမှတစ်ဆင့် ကင်းစတုန်းလေဆိပ်သို့ ရောက်ရှိခဲ့ပြီး၊ ၎င်းသည် အမေရိကန်နိုင်ငံ၊ ကင်းစတုန်းမြို့တွင် (၈)ရက်ခန့် နေထိုင်ခဲ့ပြီး (၂၈-၂-၂၀၂၀) ရက်နေ့တွင် ကင်းစတုန်းလေဆိပ်နှင့် ကာတာနိုင်ငံ၊ ဒိုဟာလေဆိပ်တို့မှတစ်ဆင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာခဲ့ပါသည်။ အဆိုပါအမျိုးသားသည် (၂၉-၂-၂၀၂၀) ရက်နေ့မှစ၍ COVID-19 ရောဂါနှင့်ဆင်တူသော သံသယလက္ခဏာများ ခံစားခဲ့ရသဖြင့် (၂-၃-၂၀၂၀) ရက်နေ့၊ နံနက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြသခဲ့ရာ ဝေဘာဂီအထူးကုဆေးရုံသို့ ညွှန်းပို့ခဲ့ပါသည်။ အဆိုပါ လူနာအား စောင့်ကြည့်လူနာအဖြစ်သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာရယူ စစ်ဆေးလျက်ရှိပါသည်။

(ဂ) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟူနန်ပြည်နယ်တွင် (၃)နှစ်ခန့် ကျောင်းတက်ရောက်ခဲ့သည့် အသက် (၃၂) နှစ်အရွယ် အမျိုးသားတစ်ဦးသည် (၁၈-၂-၂၀၂၀) ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံတွင် တစ်ဆင့်ခံရပ်နား၍ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ပါသည်။ ၎င်းသည် (၁-၃-၂၀၂၀) ရက်နေ့တွင် COVID-19 ရောဂါနှင့်ဆင်တူသော သံသယလက္ခဏာများ ခံစားခဲ့ရသဖြင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း) ဆေးရုံသို့ သွားရောက်ပြသခဲ့ရာ ၎င်း၏ခရီးသွားရာဇဝင်အရ (၂-၃-၂၀၂၀) ရက်နေ့တွင် ဝေဘာဂီအထူးကုဆေးရုံသို့ ညွှန်းပို့ခဲ့ပါသည်။ အဆိုပါ လူနာအား စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာရယူ စစ်ဆေးလျက်ရှိပါသည်။

(ဃ) ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်တွင် နေထိုင်သော အသက်(၂၉) နှစ်အရွယ် အမျိုးသားတစ်ဦးသည် (၁၈-၂-၂၀၂၀) ရက်နေ့တွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီး (၂၁-၂-၂၀၂၀) ရက်နေ့မှစတင်၍ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရင်ဘတ်အောင့်ခြင်း စသည့်ရောဂါ လက္ခဏာများ စတင်ခံစားခဲ့ရပြီး စစ်တွေမြို့ရှိ ပြင်ပဆေးခန်းတစ်ခုသို့ ပြသခဲ့ရာ (၂-၃-၂၀၂၀) ရက်နေ့တွင် ၎င်းဆေးခန်းမှ စစ်တွေပြည်သူ့ဆေးရုံကြီးသို့ ညွှန်းပို့ခဲ့ပါသည်။ အဆိုပါလူနာအား စောင့်ကြည့်လူနာအဖြစ် သတ်မှတ်၍ သီးခြားထားရှိ ကုသမှုပေးလျက်ရှိပြီး ဓာတ်ခွဲနမူနာရယူ စစ်ဆေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(င) (၁-၃-၂၀၂၀) ရက်နေ့၌ စင်ကာပူနိုင်ငံ၊ ကျန်းမာရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ "စင်ကာပူနိုင်ငံတွင် လက်ရှိနေထိုင်နေသော မြန်မာနိုင်ငံသား၊ အသက် (၂၅)နှစ်အရွယ် အမျိုးသမီးသည် စင်ကာပူနိုင်ငံမှ COVID-19 ရောဂါဖြစ်ပွားသူတစ်ဦးနှင့် အနီးကပ်နေထိုင်ထိတွေ့ခဲ့သူ (close contact) ဖြစ်သဖြင့် စင်ကာပူနိုင်ငံရှိ နေအိမ်တွင် အသွားအလာကန့်သတ်၍ ရောဂါဖြစ်ပွားမှု ရှိ၊ မရှိ စောင့်ကြပ်ကြည့်ရှု (home quarantine) ခဲ့စဉ် ရောဂါလက္ခဏာများပြသခဲ့ပြီး (၁-၃-၂၀၂၀) ရက်နေ့တွင် COVID-19 ရောဂါပိုးရှိကြောင်း ဓာတ်ခွဲအတည်ပြုခဲ့ကြောင်းနှင့် အဆိုပါအမျိုးသမီးအား စင်ကာပူနိုင်ငံတွင် ကုသမှုပေးလျက်ရှိကြောင်း" အသိပေးအကြောင်းကြားလာခဲ့ပါသည်။ ထို့အပြင် "အဆိုပါအမျိုးသမီးနှင့် စင်ကာပူနိုင်ငံတွင် အနီးကပ်နေထိုင်ထိတွေ့ခဲ့သူ (close contact) ဖြစ်သည့် မြန်မာနိုင်ငံသား၊ အသက် (၂၆)နှစ်အရွယ် အမျိုးသား (၁) ဦးသည် (၂၆-၂-၂၀၂၀) ရက်နေ့တွင် စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ခဲ့ကြောင်း" အကြောင်းကြားလာခဲ့ပါသည်။

ထိုသို့သတင်းရရှိသည်နှင့် တစ်ပြိုင်နက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းများသည် လေကြောင်းလိုင်းမှတ်တမ်းများကို စစ်ဆေးခြင်းနှင့် အဆိုပါအမျိုးသား၏ ကျန်းမာရေးအခြေအနေဖော်ပြချက်ကတ်(health declaration card) တွင် ဖြည့်စွက်ထားသော လိပ်စာနှင့် ဖုန်းနံပါတ်တို့မှတစ်ဆင့် လိုက်လံရှာဖွေခြင်းတို့ဆောင်ရွက်ခဲ့ရာ အဆိုပါအမျိုးသားသည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ရောက်ရှိနေကြောင်း တွေ့ရှိခဲ့ပါသည်။ အဆိုပါ အမျိုးသားအား စောင့်ကြည့်လူနာအဖြစ် သတ်မှတ်ကာ ကျောက်ပန်းတောင်းမြို့နယ်ဆေးရုံတွင် အသွားအလာကန့်သတ်၍ ရောဂါဖြစ်ပွားမှုရှိ၊ မရှိစောင့်ကြပ်ကြည့်ရှု (quarantine)လျက်ရှိပြီး ၎င်း၏ဇနီးအားလည်း ဆေးရုံတွင်ထားရှိ၍ စောင့်ကြပ်ကြည့်ရှု(quarantine) လျက်ရှိပါသည်။

၄။ သို့ဖြစ်ပါ၍ လေကြောင်းခရီးနှင့် ရေကြောင်းခရီးများမှ ပြည်တွင်းသို့ ဝင်ရောက်လာရောက်ကြသူများအနေဖြင့် ကျန်းမာရေးအခြေအနေ ဖော်ပြချက်ကတ် (health declaration card)ကို ပြည့်စုံတိကျစွာ ဖြည့်စွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

COVID-19 ရောဂါဖြစ်ပွားသူနှင့် အနီးကပ်နေထိုင်ထိတွေ့ခဲ့သူ (close contact) များ (သို့မဟုတ်) ရောဂါကူးစက်ပြန့်ပွားမှုများပြားရာ နေရာဒေသမှ ပြည်တွင်းသို့ လာရောက်ကြသူများအနေဖြင့် လက်ရှိတွင် ရောဂါပျိုးချိန် (incubation period) အတွင်းဖြစ်၍ ရောဂါလက္ခဏာများ ပြသခြင်းမရှိသေးသော်လည်း ရောဂါပျိုးချိန်ကာလတစ်ခုတွင် ရောဂါဖြစ်ပွားနိုင်သဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အသွားအလာကန့်သတ်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (quarantine) ဆောင်ရွက်ခြင်းတွင် ပြည်သူများ နှင့် ကာယကံရှင်ကိုယ်တိုင် နီးစပ်ရာကျန်းမာရေးဌာနသို့ အကြောင်းကြားခြင်းဖြင့် ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ထိုသို့ အသွားအလာကန့်သတ်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (quarantine) ဖြင့် ရောဂါလက္ခဏာစတင်ဖြစ်ပွားသည်နှင့် ချက်ချင်းကုသမှုခံယူနိုင်မည်ဖြစ်သဖြင့် ရောဂါပြင်းထန်မှုနှင့် အသက်သေဆုံးနိုင်ခြေကို လျှော့ချနိုင်မည်ဖြစ်ပြီး မိမိကိုယ်တိုင်အတွက်လည်းအကျိုးရှိကာ မိမိ၏ မိသားစု၊ မိတ်ဆွေများနှင့် ပတ်ဝန်းကျင်သို့ ရောဂါကူးစက်ပြန့်ပွားခြင်းမှလည်း ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားအား ခေတ္တဆိုင်းငံ့ထားမည်ဖြစ်ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ အသိပေးချက်ထုတ်ပြန်

**နေပြည်တော် မတ် ၂**

တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ခေတ္တဆိုင်းငံ့ထားမည်ဖြစ်ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က မတ်(၁)ရက် ရက်စွဲဖြင့် အသိပေးချက်တစ်ရပ် ထုတ်ပြန်ထားသည်။

အဆိုပါ အသိပေးချက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) အနေဖြင့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလမှစတင်၍ ဖြစ်ပွားခဲ့သည့်COVID-19 ကူးစက်ရောဂါနှင့် ပတ်သက်၍ ဇန်နဝါရီ ၃၀ ရက်တွင် အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ (Public Health Emergency of International Concern) အဖြစ်ကြေညာခဲ့ကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့်လည်း လတ်တလောကမ္ဘာ့နိုင်ငံများ၌ ဖြစ်ပွားလျက်ရှိသည့် COVID-19 ကူးစက်ရောဂါနှင့် ပတ်သက်၍ ပြည်သူလူထုသို့ အသိပေးနှိုးဆော်လွှာနှင့် ရှောင်ကြဉ်ရမည့် အချက်များအား နေ့စဉ်အသိပေး ပြန်ကြားလျက်ရှိကြောင်း။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ COVID-19 ရောဂါ ခံတ်ခွဲအတည်ပြုလူနာ မတွေ့ရှိသေးသော်လည်း ကိုရီးယားသမ္မတနိုင်ငံ၊ အီရန်နိုင်ငံ၊ အီတလီနိုင်ငံ အစရှိသည့် နိုင်ငံများတွင် ရောဂါဖြစ်ပွားသူများ ရုတ်တရက် တစ်ပြိုင်နက် တွေ့ရှိရသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း အလားတူအခြေအနေမျိုး အချိန်၊ နေရာမရွေး၊ လူအများ၌ ကူးစက်ဖြစ်ပွားနိုင်ကြောင်းနှင့် လူစုလူဝေးများပြားရာ နေရာများကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ရန်၊ မဖြစ်မနေကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကိုသာ ပြုလုပ်ရန်နှင့် အကယ်၍ ပွဲလမ်းသဘင်များ မလွှဲမရှောင်သာ ကျင်းပရပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး၊ ကျန်းမာရေး အသိပညာပေးနှိုးဆော်ချက်များအား တိကျစွာလိုက်နာရန် အသိပေးနှိုးဆော်လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့၌ COVID-19 ရောဂါအား ကူးစက်မြန်ရောဂါ (သို့မဟုတ်) တိုင်ကြားရမည့် ကူးစက်ရောဂါအဖြစ် သတ်မှတ်သည့် အမိန့်အမှတ်စဉ် ၁၉/၂၀၂၀ ကို ထုတ်ပြန်ခဲ့ကြောင်း။

သို့ဖြစ်၍ တပ်မတော်အနေဖြင့် မတ် ၂၇ ရက်တွင် ကျင်းပပြုလုပ်မည့် စိန်ရတု တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားနှင့် ပတ်သက်၍ ခေတ္တဆိုင်းငံ့ထားမည်ဖြစ်ကြောင်းနှင့် WHO နှင့် နိုင်ငံတကာမှ COVID-19 ကူးစက်မြန်ရောဂါ ထိန်းချုပ်နိုင်မှုနှင့် ပတ်သက်၍ တစ်စုံတစ်ရာထုတ်ပြန်မှသာ စိန်ရတု တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကျင်းပနိုင်ရေး ဆက်လက်စီမံဆောင်ရွက်ရန်လျာထားကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်ဟု ဖော်ပြပါရှိသည်။

**သတင်းစဉ်**



တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် အိမ်မဲမြို့နယ် ရှမ်းစုကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦသစ်ဖွင့်ပွဲကို မတ် ၂ ရက်က ကျင်းပရာ ပုသိမ်မြို့ တိုင်းဆေးရုံအုပ်ကြီး ဒေါက်တာ သန်းမင်းထွန်း၊ မြောင်းမြခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာ နှစ်ဆန်းဦး၊ ဆေးခန်းအဆောက်အဦ အလှူရှင် ဒေါ်ခင်အေးအေးနိုင်နှင့် ဒေါ်အေးအေးခိုင် (ရန်ကုန်မြို့)တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (အဆိုပါ ဆေးခန်းသည် ပေ ၃၀ x ၄၂ ပေ၊ အုတ်တစ်ထပ်တိုက်၊ ကွန်ကရစ်ခင်း၊ သွပ်မိုး၊ အဝီစိတွင်းနှင့် ငွေကျပ်သိန်း ၂၀၀ အကုန်ကျခံ ဆောက်လုပ်ထားသည်။)

အောင်မင်း (မြောင်းမြ)

❀ *ကျော်ဖုံးမှ*

ဗီလာနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားသည့် ကာရာဘောင်ဖလား ဗိုလ်လုပွဲကို ပရိသတ် ရှစ်သောင်းကျော် လာရောက်ကြည့်ရှုခဲ့သည်။

အက်စ်တွန်ဗီလာအသင်းသည် မင်းစ်၊ မက်တားဂက်၊ နာကမ်ဘာ၊ လူးဝစ်၊ ဂျက်ဂရီရယ်လစ်၊ အလ်ဂါဇီ၊ ဆမ်မတ်သာ တို့ကို အသုံးပြုကာ ၄-၂-၃-၁ ပုံစံဖြင့် ပွဲထွက်လာခဲ့သည်။ မန်စီးတီးအသင်းကလည်း အင်အားအတောင့်တင်းဆုံး ပုံစံကိုအသုံးပြုကာ ဂိုးသမားနေရာတွင် ဘရာဗို၊ ဂွါန်စတုန်း၊ ဖာနန်ဒင်ဟို၊ ဝေါကာ၊ ရိုဒရီ၊ ဂန်ဒိုဂန်၊ ဖိုဒန်၊ စတားလင်း၊ အဂူရိုတို့ကို အသုံးပြုကာ ၄-၃-၃ ပုံစံဖြင့် ပွဲထွက်လာခဲ့သည်။

ဒုတိယပိုင်းတွင် ဂိုးရရန်အတွက် နှစ်သင်းစလုံး လူစားလဲပြီး အရှိန်မြှင့်ခဲ့သော်လည်း မန်စီးတီးရော၊ ဗီလာအသင်းပါ ဂိုးများထပ်မရဘဲ ပထမပိုင်းရလဒ်အတိုင်းသာ ပြီးဆုံးခဲ့သည်။ မန်စီးတီးအသင်းသည် လီဗာပူးအသင်းပြီးနောက် ကာရာဘောင်ဖလားကို သုံးနှစ်ဆက်ရသည့် ဒုတိယမြောက်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ အဆိုပါဖလားကို အကြိမ်ရေအများဆုံးဖြင့် လေးနှစ်ဆက် ဆွတ်ခူးနိုင်သည့်အသင်းအဖြစ် လီဗာပူးအသင်းက မှတ်တမ်းတင်ထားသည်။ ထို့အပြင် ဖလားရရှိသည့် အရေအတွက်မှာလည်း လီဗာပူးအသင်းက ရှစ်ကြိမ် ရရှိပြီး မန်စီးတီးအသင်းက ခုနစ်ကြိမ်အထိ ရှိလာခဲ့သည်။ အက်စ်တွန်ဗီလာအသင်းက ငါးကြိမ်၊ မန်ယူအသင်းက ငါးကြိမ်၊ ချယ်လ်ဆီးအသင်းက ငါးကြိမ် အသီးသီးရရှိထားကြောင်း မှတ်တမ်းများတွင် ဖော်ပြထားသည်။

ယခုအခါ မန်စီးတီးနည်းပြ ဂွါဒီယိုလာသည် မန်စီးတီးအသင်းကို ကာရာဘောင်ဖလား သုံးကြိမ်၊ ပရီမီယာလိဂ်ဖလား နှစ်ကြိမ်၊ အက်ဖ်အေဖလား တစ်ကြိမ်နှင့် ကွန်မြူနတီဒိုင်း သုံးကြိမ်ရရှိအောင် စွမ်းဆောင်ပေးထားနိုင်သည်။

မန်စီးတီးအသင်းသည် ယခုနှစ်ရာသီတွင် အမှတ်ပေးဇယားထိပ်ဆုံးမှ လီဗာပူးအသင်းနှင့် ၂၂ မှတ်အထိ ကွာဟနေသည့်အတွက် ပရီမီယာလိဂ်ဖလားကို လက်လွှတ်ရဖွယ်ရှိနေသည်။ အက်စ်တွန်ဗီလာအသင်းသည် လာမည့်ပွဲစဉ်အဖြစ် ပရီမီယာလိဂ်၌ မတ် ၁၀ ရက်တွင် လက်စတာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မန်စီးတီးအသင်းက မတ် ၅ ရက်တွင် အက်ဖ်အေဖလားပြိုင်ပွဲအဖြစ် ရှက်ဖီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

✤ *ကျော်ဖုံးမှ*

ခြောက်သင်းနှင့် ရတနာပုံ၊ ဟံသာဝတီ၊ ရခိုင်နှင့် စစ်ကိုင်းအသင်း၊ ကွာတားဖိုင်နယ်တွင် တတိယအဆင့်မှ အနိုင်ရထားသည့် ငါးသင်းနှင့် ရှမ်းယူနိုက်တက်၊ ရှေဝတီ၊ ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အပျော်တမ်း ငါးသင်းအနက် ရန်ကုန်လိဂ်ပြိုင်ပွဲမှ ပထမနှင့် ဒုတိယရအသင်း၊ We Are One Cup Grand Final ပြိုင်ပွဲ ချန်ပီယံအသင်း၊ ရန်ကုန်ပရီမီယာလိဂ် ချန်ပီယံအသင်း၊ ရန်ကုန်လိဂ် ပြိုင်ပွဲမှ တတိယရအသင်းနှင့် ရန်ကုန်ပရီမီယာလိဂ် FA ပြိုင်ပွဲမှ ချန်ပီယံအသင်းတို့ Play-Off ကစားပြီး အနိုင်ရသည့်အသင်းတို့မှာ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

ပထမအဆင့်ပွဲစဉ်များကို ဧပြီလ ဒုတိယပတ်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မတ်လ ဒုတိယပတ်တွင် ပွဲစဉ်မဲနှိုက်ရေးဆွဲသည့် အခမ်းအနားကျင်းပရန်စီစဉ်ထားသည်။ ရှုံးထွက်ပြိုင်ပွဲကို ၂၀၁၀ ပြည့်နှစ်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းဒိုင်းပြိုင်ပွဲ အမည်ဖြင့် ကျင်းပခဲ့သည်။

ရှုံးထွက်ပြိုင်ပွဲတွင် ရှေဝတီနှင့် ရန်ကုန်အသင်းတို့က သုံးကြိမ်စီဖြင့် အကြိမ်အများဆုံး ဗိုလ်စွဲထားပြီး ဟံသာဝတီ၊ မကွေးနှင့် ရှမ်းယူနိုက်တက်အသင်းတို့က တစ်ကြိမ်စီ ဗိုလ်စွဲထားသည်။ နောက်ဆုံးကျင်းပသည့် ၂၀၁၉ ပြိုင်ပွဲတွင် ရန်ကုန်အသင်းက ရှမ်းယူနိုက်တက်အသင်းကို အချိန်ပိုတွင် အနိုင်ရဗိုလ်စွဲခဲ့သည်။

**ညီမြတ်သော်တာ**



၂၀၁၉ ရှုံးထွက်ချန်ပီယံ ရန်ကုန်အသင်း။

ဓာတ်ပုံ-စိုးညွန့်

○ *ကျော်ဖုံးမှ*

စင်ကာပူနိုင်ငံ၌ကျင်းပမည့် ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန်စီစဉ်ထားကြောင်း သိရသည်။ သက်ထားသူဇာသည် မတ် ၅ ရက်မှ ၈ ရက်အထိ ပေါ်တူဂီနိုင်ငံ၌ ကျင်းပမည့် International Series ပြိုင်ပွဲ၊ မတ် ၁၂ ရက်မှ ၁၅ ရက်အထိ ချက်နိုင်ငံ၌ကျင်းပမည့် International Series ပြိုင်ပွဲ၊ မတ် ၁၇ ရက်မှ ၂၂ ရက်အထိ ဆွစ်ဇာလန်နိုင်ငံ၌ ကျင်းပမည့် HSBC BWF World Tour Super 300 ပြိုင်ပွဲ၊ ဧပြီ ၂ ရက်မှ ၅ ရက်အထိ ဖင်လန်နိုင်ငံ၌ ကျင်းပမည့် International Challenge ပြိုင်ပွဲများ ယှဉ်ပြိုင်မည်ဖြစ်ပြီး ဥရောပနိုင်ငံများအပြီးတွင် စင်ကာပူနိုင်ငံ၌ ဧပြီ ၇ ရက်မှ ၁၂ ရက်အထိ ကျင်းပမည့် HSBC BWF World Tour Super 500 ပြိုင်ပွဲတွင် ထပ်မံယှဉ်ပြိုင်မည်ဖြစ်သည်။

သက်ထားသူဇာသည် ယူဂန္ဓာနှင့် ကင်ညာနိုင်ငံ၌ ကျင်းပသည့်ပြိုင်ပွဲများတွင် ချန်ပီယံကာကွယ်ပွဲများယှဉ်ပြိုင်ခဲ့ပြီး ယူဂန္ဓာနိုင်ငံ၌ ကျင်းပသည့် International Series ပြိုင်ပွဲတွင် ချန်ပီယံဆုကာကွယ်နိုင်ခဲ့သော်လည်း ကင်ညာနိုင်ငံ၌ ကျင်းပသည့် Future Series ပြိုင်ပွဲတွင်မူ ချန်ပီယံဆုလက်လွှတ်ခဲ့ရကာ ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခဲ့ရသည်။ **ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

❑ *ကျော်ဖုံးမှ*

"စိတ်ဝင်စားတဲ့သူတွေ၊ ဝါသနာရှင်တွေလည်း မြင်တွေ့သွားရအောင်၊ နိုင်ငံခြားမှာလိုပေါ့။ စစ်တုရင်နဲ့ပတ်သက်ပြီး အားပေးအားမြှောက်ပြုချင်တဲ့ စေတနာရှင်တွေ၊ စီးပွားရေးလုပ်ငန်းစုကြီးတွေ ပေါ်ပေါက်လာမယ်ဆိုရင်လည်း အိုင်ဒီယာတစ်ခုအနေနဲ့ မြင်တွေ့သွားအောင်ပေါ့။ ဒါတွေကိုလည်း ရည်ရွယ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ထို့ပြင် စစ်တုရင်အမြန်ရွှေ့ (Rapid )ပြိုင်ပွဲနှင့် လျှပ်တစ်ပြက် (Blitz) ပြိုင်ပွဲများကိုလည်း မတ် ၄ ရက်တွင် အောင်ဆန်းအားကစားပြိုင်ဝင်း အထူးတန်းရှေ့ရှိ OK Art Gallery ခန်းမတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားတစ်ခုလျှင် ခြောက်ပွဲစီ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယင်းနေ့တွင်ပင် နာမည်ကျော် ပန်းချီပညာရှင်များ၏ စစ်တုရင် ပန်းချီကားများကို နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ တစ်ရက်တည်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

### ရီးရဲမက်ဒရစ် အမှတ်ပေးဇယား ပြန်လည်ဦးဆောင်

မတ် ၂ ရက် နံနက်ပိုင်းက လာလီဂါပွဲစဉ် (၂၆) အဖြစ် ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာအသင်းတို့ ဘာနေဗျူး၌ ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲမက်ဒရစ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အမှတ်ပေးဇယားကို ပြန်လည်ဦးဆောင်နိုင်ခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းအတွက် ဂိုးများကို ဗင်နီစီးယပ်စ်က ပွဲကစားချိန် ၇၁ မိနစ်တွင် ခရူးစ်၏ ဖန်တီးပေးမှုမှတစ်ဆင့် သွင်းယူနိုင်ခဲ့ပြီး ဒုတိယဂိုးကို လူစားဝင်ကစားသမား ဒီးယပ်စ်က သွင်းယူပေးနိုင်ခဲ့သည်။ ဘောလုံးပိုင်ဆိုင်မှုတွင် ဘာစီလိုနာအသင်းက ရီးရဲမက်ဒရစ်အသင်းကို အနည်းငယ်အသာစီးရယူနိုင်ခဲ့သော်လည်း ဂိုးကန်သွင်းမှုအပိုင်း၊ ဂိုးပေါက်တည့်မတ်မှုအပိုင်းတွင် ရီးရဲမက်ဒရစ်အသင်းကို အသာမရခဲ့ပေ။ အဓိကတောင်ပံကစားသမားတစ်ဦးဖြစ်တဲ့ ဟာဇက် ဒဏ်ရာကြောင့် မကစားနိုင်ချိန်မှာ ရီးရဲမက်ဒရစ်နည်းပြ ဇီဒန်းနှင့် ပရိသတ်တွေအတွက် အားတက်စရာဖြစ်ခဲ့သည်။

### အူဘာမီယန်ကို ခေါ်ယူရန် ဘာစီလိုနာ ပစ်မှတ်ထား

ဘာစီလိုနာအသင်းသည် လာမည့်ရာသီတွင် အသင်းနှင့်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သော အာဆင်နယ်တိုက်စစ်ကစားသမား အူဘာမီယန် (၃၀နှစ်) ကို ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### ဂရီရယ်လစ်ကို အိုးထရက်ဖို့ဒ်သို့ ခေါ်ယူရန် အဆင်သင့်ရှိနေ

မန်ယူအသင်းသည် အက်စ်တွန်ဗီလာအသင်းခေါင်းဆောင် ဂျက်ဂရီရယ်လစ်ကို တစ်ပတ် ပေါင် ၁၅၀၀၀၀ ဖြင့် ကမ်းလှမ်းပြီး အိုးထရက်ဖို့ဒ်သို့ ခေါ်ယူရန် အဆင်သင့်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### လူဆမ်ဘာကို အလွတ်ပြောင်းရွှေ့ဖြင့် ခေါ်ယူရန် လက်စတာ နီးစပ်

လက်စတာအသင်းသည် နိုက်စ်အသင်းနှင့် ရာသီကုန်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သော ပြင်သစ်လူငယ်ကွင်းလယ်ကစားသမား လူဆမ်ဘာ (၂၃နှစ်) ကို အလွတ်ပြောင်းရွှေ့ဖြင့် ခေါ်ယူရန် နီးစပ်လာပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### ဟိုးဂိတ်ကို ခေါ်ယူမည်ဆိုပါက ပေါင်သန်း ၄၀ ပေးချေရမည်

မန်စီးတီးအသင်းသည် အသက် ၂၃ နှစ်အရွယ် အဲဗာတန်ခံစစ်ကစားသမား မေဆွန် ဟိုးဂိတ်ကို ခေါ်ယူမည်ဆိုပါက ပေါင်သန်း ၄၀ ပေးချေရမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အခြားသတင်းတစ်ရပ်တွင်မူ နည်းပြ အန်ဆယ်လော့တီသည် မန်စီးတီးအသင်း၏ စိတ်ဝင်စားမှုကို ဟန့်တားနိုင်ရန်အလို့ငှာ ဟိုးဂိတ်ကို စာချုပ်သစ်ချုပ်ဆိုရေးနှင့်ပတ်သက်ပြီး ကမ်းလှမ်းသွားရန် ပြင်ဆင်နေကြောင်း ဖော်ပြထားသည်။

### ရက်ချ်ဖို့ဒ် ရာသီမကုန်မီတွင် ပြန်ကစားနိုင်မည်ဟု ယုံကြည်

မန်ယူတိုက်စစ်ကစားသမား မားကပ်ရက်ချ်ဖို့ဒ်သည် ရာသီမကုန်မီတွင် ပြန်ကစားနိုင်မည်ဟု ယုံကြည်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**

# ဆီဆိုင်-မဘိမ်းမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁ ရက် မွန်းလွဲ ၂ နာရီက ဆီဆိုင်မြို့နယ် ဆိုက်ခေါင်စံပြကျေးရွာရှိ တိုက်နယ်ဆေးရုံအနီး ကားလမ်းတွင် သန်းထွန်းမောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့ နံနက် ၁၁ နာရီခန့်က မဘိမ်းမြို့နယ် မအူကုန်းကျေးရွာအုပ်စု အလယ်ရွာကျေးရွာအနီး တောလမ်းဘေးတွင် တွေ့ရှိသူ အိုက်မောင်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



အိုက်မောင်အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူ တွေ့ရစဉ်။

# တံတားဦးမြို့နယ်တွင် ဟိုက်ဂျက်ယာဉ်တိမ်းမှောက်၍ ခြောက်ဦးသေ၊ ခြောက်ဦး ဒဏ်ရာရ

**နေပြည်တော် မတ် ၂**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင် (၃၂၉/၂-၃) ကြား၌ မတ် ၁ ရက် ညနေ ၄ နာရီ ၁၀ မိနစ်က ဟိုက်ဂျက်ယာဉ်တစ်စီး လမ်းလမ်းကျွန်းကို တိုက်မိ၍ တိမ်းမှောက်သဖြင့် ခြောက်ဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။

တံတားဦးမြို့နယ်ဘက်မှ နေပြည်တော်ဘက်သို့ ဝမ်းတွင်းမြို့နယ် ပြည်တော်သာကျေးရွာနေ ဇော်ဇော်(၅၀နှစ်) မောင်းနှင်ပြီး ခံဘဲ့ကျေးရွာနေ တင်မိုး (၄၆နှစ်)ပါ ၁၂ ဦးတို့ လိုက်ပါလာသည့် 3G/----- ဟိုက်ဂျက်ယာဉ်သည် အခင်းဖြစ်နေရာအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းအား တိုက်မိပြီး တိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ဇော်ဇော်ပါ ခြောက်ဦးတို့တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး ဒေါ်သန်းညွန့်(၇၁နှစ်)ပါ ခြောက်ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ဇော်ဇော်အား စကားအင်းအမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## မြန်မာ့ရုပ်မြင်သံကြား

၃-၃-၂၀၂၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၇:၃၅ - လေ့လာစရာစုံလင် အမိမြန်မာပြည်တစ်ခွင် "ထူးဆန်းတစ်မူ ရသေ့ပျံဂူ"
- ၈:၃၅ - ပြည်သူ့အကျိုးပြုမှတ်တိုင်များ
- ၉:၄၀ - "တောင်သူလယ်သမားနေ့ ဂုဏ်ပြုအစီအစဉ်" (တောင်သူ့တစ်နေ့တာ)
- ၁၀:၃၅ - ဥပဒေရေးရာအဖြာဖြာ "ဒေါ်ကံကောင်း"
- **၁၁:၀၀ - "၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု သီကောင်းစရာများ" (ဘောဂဗေဒဘာသာရပ်)**
- ၁၁:၃၅ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "မြက်ကလေးတစ်ပင်"
- ၁၃:၃၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (အပိုင်း-၂၈)(၂)
- ၁၅:၃၅ - "ကရင်ပြည်နယ်အလှ" (အပိုင်း-၁)

**ညပိုင်း**

- **၁၆:၂၅ - "၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု သီကောင်းစရာများ" (ပထဝီဝင်ဘာသာရပ်)**
- ၁၇:၂၀ - "ကမ္ဘာ့အင်ဂျင်နီယာနေ့ အထိမ်းအမှတ်စကားဝိုင်း"
- ၁၈:၂၅ - "စိတ်ဝင်စားဖွယ်ရာမြွေကျွန်းသို့"
- ၁၉:၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်" (အပိုင်း-၂၈)(၃)
- ၁၉:၄၅ - တက္ကသိုလ်ရာပြည့်ဂုဏ်ပြုတေးများ
- ၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသ အခြေအနေ
- ၂၀:၃၅ - တက္ကသိုလ်ရာပြည့်ဂုဏ်ပြု ရုပ်ရှင်"မယ်သီတာလိုမိန်းကလေး"

# မင်းလှမြို့နယ်တွင် တရားမဝင် ဝင်ရောက်လာသူ ခြောက်ဦး ဖမ်းဆီးရမိ

**အထက်မင်းလှ မတ် ၂**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် မတ် ၁ ရက် ည ၁၀ နာရီက တရားမဝင် ဝင်ရောက်လာသူ ခြောက်ဦး ဖမ်းဆီးရမိကြောင်း သိရသည်။

မင်းလှမြို့နယ် ရဲတပ်ဖွဲ့ ရေနံမြေရဲစခန်းမှူး ရဲအုပ်အောင်မင်းဦးနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညပိုင်းက မင်းလှမြို့နယ်အတွင်း၌ တရားမဝင် ဝင်ရောက်လာသူများ ရောက်ရှိနေကြောင်း သတင်းအရ ရှာဖွေစဉ် လင်းကယ်ရဲကင်း မြောက်ဘက် ကိုးမိုင်ခန့်အကွာ သရက်-မင်းလှ ကားလမ်း မိုင်တိုင်အမှတ် (၂၁/၁) အနီး ရေတွင်းကြီးကျေးရွာ အရှေ့ဘက် တစ်ဖာလုံခန့်အကွာ လျှိုမြောင်တောထဲတွင် တရားမဝင် ဝင်ရောက်လာသူ အမျိုးသားခြောက်ဦးအား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသည့် တရားမဝင် ဝင်ရောက်လာသူများအား ဥပဒေအရ အရေးယူနိုင်ရေး ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း မင်းလှမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

# လှိုင်သာယာမြို့နယ်အတွင်း ခိုးမှုကျူးလွန်သူသုံးဦး ဖမ်းဆီးရမိ

**ရန်ကုန် မတ် ၂**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ တရားလို ဒေါ်----၏ နေအိမ်တွင် ဖေဖော်ဝါရီလဒုတိယပတ်က အမျိုးသားတစ်ဦး ဝင်ရောက်ကာ ရွှေထည်ပစ္စည်း၊ ဖုန်းနှင့် ငွေကျပ် ၃၀၀၀၀၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၈၉၃၀,၀၀၀ ထည့်ထားသော လွယ်အိတ်ကိုယူ၍ ထွက်ပြေးသွားသဖြင့် ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် သောင်ကြီးနယ်မြေရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဦးဆောင်သည့် ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် အမှုမှပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ လှိုင်သာယာမြို့နယ် ညောင်တုန်းလမ်း (၉) ရပ်ကွက်နေ သန်းစိုးနိုင်(ခ)အသေးလေး ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

၎င်းအား လှိုင်သာယာမြို့နယ် (၉)ရပ်ကွက် ရန်ကုန်-ညောင်တုန်းလမ်းရှိ ကားပျက်တစ်စီးပေါ်တွင် သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ၎င်းနှင့်အတူ သူငယ်ချင်းများဖြစ်သည့် သီဟနိုင်(ခ)ကုလား၊ အောင်ကျော်လင်း(ခ)ငလုံးတို့က အဆိုပါခိုးမှုအား ကျူးလွန်ခဲ့ပြီး ရွှေဆွဲကြိုးတစ်ကုံးနှင့် ငွေကျပ် ၂,၃၀၀,၀၀၀တို့မှာ အခင်းဖြစ်နေအိမ်မှ ထွက်ပြေးစဉ် လမ်း၌ ကျကျန်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သည်။ အမှုမှ ပူးပေါင်းပါဝင်သူ သီဟနိုင်(ခ)ကုလားနှင့် အောင်ကျော်လင်း(ခ)ငလုံးတို့ နှစ်ဦးကို လှိုင်သာယာမြို့နယ် (၇) ရပ်ကွက် တေးဥယျာဉ်လမ်းမပေါ်၌ ဖမ်းဆီးရမိခဲ့သည်။





သန်းစိုးနိုင်၊ သီဟနိုင်နှင့် အောင်ကျော်လင်းတို့ သုံးဦးအား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

၎င်းတို့သည် ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလများ အတွင်း လှိုင်သာယာမြို့နယ်ရှိ ရပ်ကွက်များအတွင်းမှ စုစုပေါင်း ဖုန်း ၂၁ လုံးကို ခိုးယူခဲ့ကြကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်သည်။ စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှသက်သေခံပစ္စည်းဖုန်းများကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ခိုးမှုကျူးလွန်သူ သန်းစိုးနိုင်(ခ)အသေးလေးပါ သုံးဦးကို ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးဆောင်ရွက်စဉ် ဆိုင်ကယ်အပိုပစ္စည်းများဖမ်းမိ

**နေပြည်တော် မတ် ၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၆၃၁ စီး၊ သွင်းကုန် ၁၅၆၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၈၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၉ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် တစ်သန်းတန်ဖိုးရှိ ဆိုင်ကယ်အပိုပစ္စည်းများကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဗန်းမောက်၌ တရားမဝင်ရွှေတူးဖော်သူအား ဖမ်းမိ

**ဗန်းမောက် မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် လယ်ဦးကျေးရွာအနီး လယ်ကွက်အတွင်း၌ တရားမဝင်ရွှေသတ္တုတူးဖော်သူများအား ဖမ်းမိခဲ့ကြောင်း သိရသည်။

ဗန်းမောက်မြို့မရဲစခန်းမှ ဒုရဲအုပ် အောင်နိုင်ထိုက် ဦးစီးသောအဖွဲ့သည် ယမန်နေ့ညနေ ၆ နာရီခွဲခန့်က ဗန်းမောက်မြို့နယ် လယ်ဦးကျေးရွာအနီး လယ်ကွက်အတွင်း၌ တရားမဝင် ရွှေတူးဖော်နေသည့် လယ်ဦးကျေးရွာနေ ဦးပေါက်စနီ(ခ)ဦးအုံးရွှေအား ရွှေတူးဖော်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ဗန်းမောက်မြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ဂန့်ဂေါ - ကလေးကားလမ်းတွင် ယာဉ်တစ်စီး မီးလောင်

**ဂန့်ဂေါ မတ် ၂**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ဂန့်ဂေါ - ကလေး ကားလမ်း ကျွန်းဒတ်ကျေးရွာအနီးတွင် မတ် ၁ ရက် ည ၁၁ နာရီခွဲခန့်က ကွမ်းသီးများ တင်ဆောင်လာသည့် ယာဉ်တစ်စီး မီးလောင်မှုဖြစ်ကြောင်း သိရသည်။

မြင်းခြံမြို့မှ ယာဉ်မောင်း ကျော်မြင့် မောင်းနှင်သည့် 3G/---- ဟီးနိုးကုန်တင်ယာဉ်သည် ရန်ကုန်မြို့မှ ကလေးမြို့သို့သွားရောက်စဉ် ကျွန်းဒတ်ကျေးရွာအနီးအရောက်၌ နောက်ဘီးတာယာ အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ကာ ဆီတိုင်ကီသို့ ကူးစက်လောင်ခဲ့သည်။ မီးလောင်မှုကြောင့် အဆိုပါယာဉ်နှင့်အတူ ယာဉ်ပေါ်ပါ ကွမ်းသီးအိတ်များ မီးလောင်ဆုံးရှုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ယာဉ်မောင်း ကျော်မြင့်အား ဂန့်ဂေါမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**၁၄၄**

# ကျောက်ထု၌ ရှေးဟောင်းပစ္စည်းဟု ယူဆရသည့် ကြေးပန်းကန်များတွေ့ရှိ

**ဂန့်ဂေါ မတ် ၂**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ ရင့်ရဲကျေးရွာတွင် ကျေးရွာအတွင်း ရေစီးရေလာကောင်းမွန်ရန် ရေမြောင်းတူးဖော်ရာမှ ရှေးဟောင်းပစ္စည်းဟု ယူဆရသော ကြေးပန်းကန်ပြားများ ဖေဖော်ဝါရီ ၂၉ ရက်က တွေ့ရှိသဖြင့် သိမ်းဆည်းထားကြောင်း သိရသည်။

အဆိုပါရေမြောင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်း (ဆောမြို့နယ် ) က တူးဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး တူးဖော်ရာမှရရှိသောပစ္စည်းများမှာ ကြေးပန်းကန် အကောင်း သုံးချပ်၊ အက်ကွဲ ၁၂ ချပ်တို့ **(ယာပုံ)** ဖြစ်ကာ အများဆန္ဒဖြင့် ဦးစိန်အောင်မင်း၏ နေအိမ်တွင် သိမ်းဆည်းထားကြောင်း သိရ သည်။

ကြေးပန်းကန်များ တွေ့ရှိခြင်းနှင့် စပ်လျဉ်း၍ "ဦးတင်စိုး - ဒေါ်ပပ အိမ်ဝိုင်းအနီးမှာ ရေမြောင်းတူးဖော်ရာက တွေ့ရှိတာဖြစ်ပါတယ်။ အချင်း ၁၅ လက်မ နှစ်ချပ်၊ ၁၄ လက်မ လေးချပ်၊ ၁၃ လက်မ သုံးချပ်၊ ၁၂ လက်မ သုံးချပ် ရရှိပါတယ်" ဟု မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်က ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**



# တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၈၀၀၀၀ မှာ ဥရောပသို့ သွားရောက်ကြပြီဟု တူရကီပြော

**အစ္စတန်ဘူလ် မတ် ၂**

တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၈၀၀၀၀ မှာ တူရကီအနောက်မြောက်ပိုင်း နယ်စပ်မှတစ်ဆင့် ဥရောပသို့ သွားရောက်ကြသည်ဟု တူရကီသမ္မတရုံးမှ ဆက်သွယ်ရေးညွှန်ကြားရေးမှူး ဖာရီတင် အယ်တန်က မတ် ၁ ရက်တွင် ပြောသည်။

လာမည့်နေ့များတွင် ဥရောပသို့သွားကြသည့် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူအရေအတွက် များပြားလာနိုင်ကြောင်းကိုလည်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ ဆီးရီးယားနိုင်ငံအတွင်း လူသားချင်းဆိုင်ရာ စာနာထောက်ထားမှုပြဿနာများ၊ နေရပ်စွန့်ခွာသူအရေအတွက် များပြားလာခြင်းတို့မှာ တူရကီတစ်နိုင်ငံတည်း ရင်ဆိုင်ရမည့်ပြဿနာမဟုတ်ကြောင်း၊ ဥရောပနှင့်ဒေသတစ်ခုလုံးရင်ဆိုင်ရမည့်ပြဿနာပင်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

တူရကီသည် ပူးပေါင်းဆောင်ရွက်မှုများအတွက် တံခါးဖွင့်ထားကြောင်း၊ တခြားသောနိုင်ငံများကလည်း ယင်းပြဿနာကိုဖြေရှင်းရန် ကြိုးပမ်းအားထုတ်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ဆီးရီးယား၊ အီရတ်၊ အီရန်နှင့် ပါကစ္စတန်တို့မှ ဒုက္ခသည်များသည် ပိုမိုကောင်းမွန်သည့် ဘဝတစ်ခုရရှိရေးအတွက် တူရကီအနောက်မြောက်ပိုင်းဒေသကို ဖြတ်သန်းကာ ဥရောပသို့သွားရောက်ရန် ကြိုးပမ်းနေကြသည်။ တူရကီသမ္မတ အာဒိုဂန်သည် ဖေဖော်ဝါရီ ၂၇ ရက်မှ စတင်ကာ ရွှေ့ပြောင်းဒုက္ခသည်များကို ဆက်လက်ထိန်းမထားနိုင်တော့ကြောင်း ကြေညာခဲ့သည်။ ထိုသို့ ကြေညာပြီးနောက် ပါဇာကူလီ နယ်စပ်ဂိတ်သို့ ဒုက္ခသည်များစုပြုံရောက်ရှိလာခဲ့သည်။ ဒုက္ခသည်များသည် ဦးစွာ ဂရိနယ်စပ်ကိုဖြတ်ကျော်ရန် ကြိုးစားကြောင်း ဒေသခံဂျာနယ်လစ်များက ပြောသည်။

တူရကီရွာသားများသည် ၎င်းတို့၏ငါးဖမ်းလှေများဖြင့် ဒုက္ခသည်များကို တင်ဆောင်ကာ အက်ဗ်ရို့စ်မြစ်ကို ဖြတ်သန်းပေးပြီး ဂရိနယ်စပ်ကိုလိုက်ပို့ကြကြောင်း ခေတ်ပုံဂျာနယ်လစ်တစ်ဦးက ဆင်ဟွာသို့ပြောသည်။ လိုက်လံပို့ဆောင်ခမှာတစ်ဦးလျှင် အမေရိကန် ဒေါ်လာ ၇၀ ဖြစ်ကြောင်း၊ ကလေးငယ်များအတွက်မူ ငွေကြေးပေးစရာမလိုကြောင်း သိရသည်။

ဂရိလုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းမိသည့် တရားမဝင်ခိုးဝင်သူများကို တူရကီဘက်သို့ပြန်ရန် တွန်းအားပေးခဲ့ကြသည်။ တူရကီ၌ လက်ရှိတွင် ဆီးရီးယားဒုက္ခသည် ၃ ဒသမ ၇ သန်း လက်ခံထားရပြီး နောက်ထပ်စီးဝင်လာမည့် ဒုက္ခသည်များကို လက်မခံနိုင်တော့ကြောင်း တူရကီအစိုးရက ကြေညာခဲ့သည်။

ဆင်ဟွာ




ဂရိနိုင်ငံအတွင်းသို့ ဝင်ရောက်ရန် မီရစ်မြစ်ကိုဖြတ်ကူးနေသည့် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများကို တွေ့ရစဉ်။

# မနီလာရှိ ဈေးဝယ်စင်တာတွင် သေနတ်သမားတစ်ဦးက ဓားစာခံများကို ဖမ်းဆီးထား

**မနီလာ မတ် ၂**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်နယ်နိမိတ်အတွင်းရှိ စန်ဂျူအန်မြို့ ဈေးဝယ်စင်တာတွင် သေနတ်သမားတစ်ဦးက လူ ၃၀ ကို ဓားစာခံများအဖြစ် ဖမ်းဆီးထားကာ လူတစ်ဦး ပစ်ခတ်ခံခဲ့ရသည်ဟု မတ် ၂ ရက်တွင် ဒေသခံအာဏာပိုင်များက ပြောသည်။

သေနတ်သမားသည် ဈေးဝယ်စင်တာအတွင်းသို့ ဝင်ရောက်လာခဲ့ပြီး ၎င်း၏လုပ်ဖော်ကိုင်ဖက်ဟောင်းများနှင့် စကားပြောဆိုခွင့်တောင်းခံခဲ့သည်ဟု စန်ဂျူအန်မြို့တော်ဝန် ဖရန်စစ်ဇာမိုရာက ပြောသည်။ သေနတ်သမားက ၎င်းအား တားဆီးသည့် ဈေးဝယ်စင်တာမှ လုံခြုံရေးတစ်ဦးကို သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။ သေနတ်ဖြင့် အပစ်ခံရပြီး ဒဏ်ရာရရှိသွားသူမှာ ယခုအခါ စိတ်ချရသည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။




ဈေးဝယ်စင်တာရှေ့တွင် တပ်ဖြန့်ချထားသည့်ရဲများကို တွေ့ရစဉ်။

ယခုအခါ သေနတ်သမားသည် ဈေးဝယ်စင်တာ အုပ်ချုပ်ရေးအဖွဲ့အတွင်းမှာ လူ ၃၀ ကို ဓားစာခံများအဖြစ် ဖမ်းဆီးထားကြောင်း ၎င်းက ဆက်လက် ပြောကြားခဲ့သည်။ ဈေးဝယ်စင်တာ ဝင်ပေါက်ကိုပိတ်ထားပြီး ရဲများက စောင့်ကြပ်နေသည်။ ဈေးဝယ်လာမည့်သူများကိုလည်း ထိုနေရာကို ရှောင်ရှားသွားကြရန် သတိပေးထားသည်။ ဓားစာခံများကို ဖမ်းဆီးထားသည့် သေနတ်သမားနှင့် ညှိနှိုင်းမှုများပြုလုပ်နေကြောင်း၊ သေနတ်သမားမှာ ယခင်က လုံခြုံရေးလုပ်သားအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး ယခုအခါ အလုပ်ဖြုတ်ခံထားရသူဟု သိရသည်။

၎င်း၏လုပ်ဖော်ကိုင်ဖက်ဟောင်းများနှင့် ဗီဒီယိုဖြင့်ဆက်သွယ်ပြောကြားနိုင်ရေး တောင်းဆိုနေသည်ဟု သိရသည်။ ဈေးဝယ်စင်တာအနီးပတ်ဝန်းကျင်တွင် အထူးရဲတပ်ဖွဲ့ဝင်များကို တပ်ဖြန့်ချထားကြောင်း သိရသည်။

ဆင်ဟွာ

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဂျပန်နိုင်ငံတွင် ကျောင်းများအားလုံးနီးပါးပိတ်ထားရ

**တိုကျို မတ် ၂**

ဂျပန်နိုင်ငံတစ်လွှားရှိ ကျောင်းအများအပြားကို မတ် ၂ ရက်မှစတင်ကာ ပိတ်ထားကြောင်း သိရသည်။ ဂျပန်နိုင်ငံတွင်ပျံ့နှံ့နေသည့် ကိုရိုနာဗိုင်းရပ်စ်ကို နှိမ်နင်းနိုင်ရေး အစိုးရ၏ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် ကျောင်းအများအပြားကိုပိတ်ထားခဲ့ခြင်းဖြစ်သည်။

ဖေဖော်ဝါရီ ၂၇ ရက်မှစတင်ကာ ဂျပန်ဝန်ကြီးချုပ်ရှင်ဇို အာဘေးက ဂျပန်နိုင်ငံရှိကျောင်းများပိတ်ထားရန် ၎င်း ၏အစီအစဉ်ကို တင်ပြခဲ့သည်။ မတ် ၂ ရက်မှစတင်ကာ ကျောင်းများပိတ်ထားပြီး ဧပြီလအစောပိုင်းအထိ ပိတ်ထားမည်ဟုသိရသည်။ ပညာရေးဝန်ကြီးကလည်း ဒေသခံပညာရေးအဖွဲ့အစည်းများကို မေတ္တာရပ်ခံခဲ့ပြီး မူလတန်း၊အလယ်တန်းနှင့် အထက်တန်းကျောင်းများကို ပိတ်ထားရန်နှင့် ကိုရိုနာဗိုင်းရပ်စ်ကို နှိမ်နင်းနေစဉ်အတွင်း ကလေးများအားလုံး ကျောင်းမတက်ဘဲ မိမိတို့နေအိမ်အတွင်း၌သာနေကြရန် ဖေဖော်ဝါရီ ၂၈ ရက်က မေတ္တာရပ်ခံ ပြောကြားခဲ့သည်။

သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အေဂျင်စီများ ပူးပေါင်းဆောင်ရွက်ကြရန် တောင်းဆိုထားပြီး ကျောင်းသားများအားလုံး မလိုအပ်ဘဲအပြင်မထွက်ကြရန် ဂျပန်နိုင်ငံပညာရေးဝန်ကြီး ကိုအီချီဟာဂီဒါက ပြောကြားခဲ့သည်။ ကျောင်းများတွင် အုပ်စုလိုက်ဗိုင်းရပ်စ်ကူးစက်နိုင်မှု မြင့်မားသည့်အတွက် ပညာရှင်များက ကျောင်းများပိတ်ရန် သတိပေးခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ ယခုလို ရုတ်တရက်ကျောင်းများ ပိတ်လိုက်သည့်အတွက် မိဘများ၊ ကျောင်းသားများ၊ဆရာများ အဆင်မပြေဖြစ်ရသည်ဟု သိရသည်။ ယင်းသို့ရှုပ်ထွေးမှုများလျော့ပါးသက်သာစေရေးနှင့် မိဘများအနေဖြင့် ငွေကြေးအခက်အခဲများ ဖြေရှင်းနိုင်ရေးအတွက် ဂျပန်ဝန်ကြီးချုပ်ရှင်ဇို အာဘေးက ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်မှာ ကျောင်းများပိတ်လိုက်သည့်အတွက် ကလေးများကို ကြည့်ရှုစောင့်ရှောက်ရန် အလုပ်မှ နားရက်ယူထားရသည့် မိဘများသည် ငွေကြေးအကူအညီ တောင်းခံခွင့် ရှိသည်ဟုပင်ဖြစ်သည်။

ဆင်ဟွာ



မဲရုံအတွင်း မဲပေးနေသူတစ်ဦးကို တွေ့ရစဉ်။

# တတိယအကြိမ်မြောက်ရွေးကောက်ပွဲ အစ္စရေးနိုင်ငံတွင် ကျင်းပ

**တဲလ်အဗစ် မတ် ၂**

အစ္စရေးနိုင်ငံသည် နိုင်ငံရေးအရ ချောင်ပိတ်နေမှုကို အဆုံးသတ်နိုင်ရေး မတ် ၂ ရက်တွင် တတိယအကြိမ်မြောက် ရွေးကောက်ပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါရွေးကောက်ပွဲတွင် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည်လည်း စွဲချက်တင်ခံနေရသည့်ကြားမှ ပြန်လည်ရွေးကောက်ခံရရေး ရွေးကောက်ပွဲဝင်ခဲ့ကြောင်း သိရသည်။ ဘန်ဂျမင်နေတန်ယာဟုသည် အစ္စရေးနိုင်ငံသမိုင်းတွင် သက်တမ်းအရှည်ဆုံး ခေါင်းဆောင်ဖြစ်ပြီး တရားရုံးတရားရင်ဆိုင်ခြင်းမပြုမီ နှစ်ပတ်အလိုတွင် ရွေးကောက်ပွဲ ကျင်းပခဲ့ခြင်းဖြစ်သည်။ အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုသည် လာဘ်ယူမှု၊ လိမ်လည်မှုနှင့် ယုံကြည်မှုဖောက်ဖျက်မှုတို့ဖြင့် စွဲချက်တင်ခံထားရသည်။

ပြီးလနှင့် စက်တင်ဘာလအတွင်း ကျင်းပခဲ့သည့် ရွေးကောက်ပွဲများအရ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုမှာ လူထု၏ထောက်ခံမှု ကျဆင်းမသွားသေးကြောင်းတွေ့ရသည်။ နေတန်ယာဟု၏ လီကွတ်ပါတီနှင့် အစ္စရေးကာကွယ်ရေးဦးစီးချုပ်ဟောင်း ဘန်နီဂန့်စ်၏ ပါတီတို့သည် အကြိတ်အနယ်ယှဉ်ပြိုင်ကြရဦးမည်ဟု ရွေးကောက်ပွဲမတိုင်မီ စစ်တမ်းကောက်ယူမှုများအရသိရသည်။ အစ္စရေးပါလီမန်တွင် လိုအပ်သည့် အမတ်နေရာ ၆၁ နေရာရရှိနိုင်ရေး နှစ်ဖက်စလုံးကမျှော်မှန်းထားကြသည်။

အသက် ၇၀ အရွယ် ဝန်ကြီးချုပ် နေတန်ယာဟုသည် မတ် ၁၇ ရက်တွင် တရားရုံး၌ တရားရင်ဆိုင်ရမည်ဖြစ်ပြီး ဒေါ်လာထောင်နှင့် ချီတန်သည့်လက်ဆောင်များ မလျော်ကန်စွာ လက်ခံထားမှုအပါအဝင် အခြားသောစွပ်စွဲမှုများကို ရင်ဆိုင်ဖြေရှင်းရမည်ဖြစ်သည်။

ပြီလအတွင်းကကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် နေတန်ယာဟု၏လီကွတ်ပါတီနှင့် ဘန်နီဂန့်စ်၏ အပြာနှင့်အဖြူပါတီတို့သည် အမတ်နေရာ ၃၅ နေရာစီ အနိုင်ရခဲ့ကြသည်။ စက်တင်ဘာလက ပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲတွင်လည်း လီကွတ်ပါတီက ၃၂ နေရာ၊ အပြာနှင့်အဖြူပါတီက ၃၃ နေရာ အသီးသီးရရှိခဲ့သည်။

အေအက်ဖ်ပီ

# ကမ္ဘာအနှံ့ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူပေါင်း ၃၀၀၀ ကျော်လာပြီး နိုင်ငံပေါင်း ၆၀ ကျော် ပျံ့နှံ့လာ

**ထွန်းသစ်စ**

ကိုရိုနာဗိုင်းရပ်စ် စတင်ဖြစ်ပွားရာ တရုတ်နိုင်ငံမှာ လူဦးရေ ဒါဇင်ပေါင်း မြောက်မြားစွာသေဆုံးပြီး ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုနှုန်းမြင့်မားလာပါတယ်။ ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်အသစ် ကူးစက်ပျံ့နှံ့မှုကြောင့် သေဆုံးသူအရေအတွက်ဟာလည်း မတ် ၂ ရက်မှာ ၃၀၀၀ ထက်တောင် ပိုလာပါပြီ။ ထို့အတူပဲ ကိုရိုနာဗိုင်းရပ်စ်ကြောင့် အမေရိကန်ပြည်ထောင်စုမှာလည်း နှစ်ဦးမြောက် သေဆုံးခဲ့ပြီဖြစ်တယ်လို့ သတင်းတွေမှာ တွေ့ရပါတယ်။



ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေး ဆောင်ရွက်နေစဉ်။

### ဝေဖန်မှုတွေနဲ့ရင်ဆိုင်ရ

လွန်ခဲ့တဲ့နှစ်က တရုတ်နိုင်ငံ ဟူပေပြည်နယ်မှ စတင်လာတဲ့ ကိုရိုနာဗိုင်းရပ်စ်ဟာ ယခုအခါမှာတော့ လူပေါင်း ၈၉၀၀၀ ကျော် ကူးစက်ခံစားနေရပြီဖြစ်ပြီး နိုင်ငံပေါင်း ၆၀ ကျော်အထိ ပျံ့နှံ့ရောက်ရှိနေပြီဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ အနောက်မြောက်ပိုင်းမှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဒုတိယမြောက် လူနာတစ်ဦးသေဆုံးခဲ့ပြီးနောက် ကိုရိုနာဗိုင်းရပ်စ်ကို လျှော့တွက်ထားတဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရအဖွဲ့ဟာ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းများနဲ့ပတ်သက်ပြီး အခုအခါမှာတော့ ဝေဖန်မှုတွေနဲ့ ရင်ဆိုင်နေရပါတော့တယ်။

တောင်ကိုရီးယားနိုင်ငံဟာ တရုတ်နိုင်ငံပြင်ပမှာ ကိုရိုနာဗိုင်းရပ်စ် အများဆုံး ပျံ့နှံ့ကူးစက်ခံရတဲ့ နိုင်ငံဖြစ်လာပြီးတော့ မတ် ၂ ရက်မှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက် ခံရသူပေါင်း ၅၀၀ နီးပါးရှိတယ်လို့ ဖော်ပြထားပါတယ်။ အခုချိန်အထိ စုစုပေါင်းကူးစက်ခံရသူဟာ ၄၀၀၀ ကျော် လာပြီဖြစ်ပါတယ်။

တောင်ကိုရီးယား ကိုရိုနာဗိုင်းရပ်စ် ဖြစ်စဉ်အတော်များများဟာ ဂိုဏ်းခေါင်းဆောင်တွေနဲ့ ဆက်နွယ်လျက်ရှိပြီး သူတို့က ရောဂါပျံ့နှံ့ကူးစက်မှုနဲ့ ပတ်သက်ပြီး တောင်းပန်ထားပါတယ်။ တောင်ကိုရီးယားမြို့တော် အစိုးရက အစိုးရရှေ့နေတွေကို သူတို့ကို လူသတ်မှုနဲ့ စွဲချက်တင်ဖို့ တိုက်တွန်းထားပါတယ်။

### ဆောင်ရွက်ချက်တွေလုပ်ဆောင်

ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုမြင့်တက်လာမှာကို စိုးရိမ်တဲ့အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက နိုင်ငံတွေအကုန်လုံးကို ကိုရိုနာဗိုင်းရပ်စ်ပြင်းထန်တဲ့လူနာတွေကို ကုသရာမှာ လိုအပ်တဲ့ဆောင်ရွက်မှုတွေကို ပြုလုပ်ထားဖို့ တိုက်တွန်းလိုက်ပါတယ်။

ကိုရိုနာဗိုင်းရပ်စ် အလျင်အမြန်ကူးစက်ပျံ့နှံ့လာတာကြောင့် ကမ္ဘာ့စီးပွားရေးကိုလည်း ထိခိုက်စေပါတယ်။ ကမ္ဘာ့စီးပွားရေးဈေးကွက်ဟာ ၂၀၀၈ ခုနှစ်မှစပြီး အခုအခါမှာတော့ အဆိုးရွားဆုံးအနေအထားကို ရောက်နေပါတယ်။ သို့သော်လည်း အာဆီယံစီးပွားရေးဈေးကွက်ဟာ မတ် ၂ ရက်မှာတော့ ပြန်လည်ကောင်းမွန်လာတဲ့သဘောကို တွေ့ရပါတယ်။

တရုတ်နိုင်ငံရဲ့ နေရာအတော်များများမှာလည်း ခရီးသွားလာမှုပိတ်ပင်မှုတွေ သို့မဟုတ် အလုံပိတ်ခွဲခြားမှုတွေပြုလုပ်ထားကြတဲ့အတွက် တရုတ်နိုင်ငံရဲ့ စီးပွားရေးကတော့ ထင်သလောက်မကောင်းသေးပါဘူး။ အခြားနိုင်ငံတွေကတော့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုဆိုင်ရာ ဆောင်ရွက်ချက်တွေကို လုပ်ဆောင်ထားပါတယ်။ အဲဒီထဲမှာ ဗိုင်းရပ်စ်ဖြစ်ပွားတဲ့နိုင်ငံတွေကို ခရီးသွားလာမှု ပိတ်ပင်ခြင်းတွေ၊ မြို့တွေကို အလုံပိတ်မှုတွေပြုလုပ်ထားပြီး နိုင်ငံသားတွေကိုလည်း အိမ်ထဲမှာပဲနေထိုင်သွားကြဖို့နဲ့ ပွဲလမ်းသဘင်တွေကို မပြုလုပ်ဖို့ တိုက်တွန်းထားပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့ကူးစက်မှုကို စိုးထိတ်နေတဲ့ တချို့နိုင်ငံက ပြတိုက်တွေဆိုရင် ပြတိုက်ဝန်ထမ်းတွေကအလုပ်ဆင်းရမှာကို ငြင်းဆန်တဲ့အတွက် ပြတိုက်ကို ပိတ်လိုက်ရတဲ့ကိစ္စတွေတောင် ရှိလာပါတယ်။

### သီးသန့်ခွဲခြားမှုတွေပြုလုပ်

မတ် ၂ ရက်က တရုတ်နိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူစုစုပေါင်း ၄၂ ဦးထက် ပိုမိုများပြားလာခဲ့ပါတယ်။ သေဆုံးသူအားလုံးဟာ ဟူပေပြည်နယ်မှ ဖြစ်တယ်လို့ တရုတ်နိုင်ငံမှာ ဖော်ပြထားပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ဟာ သားရဲတိရစ္ဆာန်တွေရောင်းချရာ တရုတ်နိုင်ငံ ဝူဟန်မြို့ ဈေးကစတင်လာတယ်လို့ ယုံကြည်ရပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့်သေဆုံးသူဦးရေဟာ တရုတ်နိုင်ငံတစ်နိုင်ငံတည်းမှာကိုပဲ ၂၉၁၂ ဦးလောက် မြင့်တက်သွားခဲ့ပါတယ်။ ထို့အတူပဲ တခြားနိုင်ငံတွေမှာလည်း မြင့်တက်မှုတွေရှိလာပါတယ်။ ဒုတိယအမြင့်ဆုံးကတော့ အီရန်နိုင်ငံဖြစ်ပြီး အီရန်နိုင်ငံမှာ သေဆုံးသူဦးရေဟာ ၅၄ ဦးအထိ ရှိလာပါတယ်။ အမေရိကန်ပြည်ထောင်စုနဲ့ ဩစတြေးလျနိုင်ငံတွေမှာ ရက်သတ္တတစ်ပတ်ကျော်ကာလအတွင်း ပထမဆုံး သေဆုံးသူတွေရှိလာကြပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကိုရိုနာဗိုင်းရပ်စ်ဟာ အသက်ကြီးပိုင်း အထူးသဖြင့် အသက် ၆၀ ကျော်အရွယ်တွေမှာ အဖြစ်ပိုများသလို တခြားရောဂါတွေခံစားနေရတဲ့သူတွေမှာလည်းဖြစ်နိုင်တယ်လို့ ပြောကြားထားပါတယ်။

သေဆုံးမှုနှုန်းဟာ ၂ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိ ရှိနေတယ်လို့ သိရပါတယ်။ အဲဒီပမာဏဟာ ရာသီတုပ်ကွေးထက်များပါတယ်။ သို့သော်လည်း ဆားစ်ကဲ့သို့သော တခြား ကိုရိုနာဗိုင်းရပ်စ် ဆက်စပ်ဖျားနာမှုတွေထက် သေဆုံးမှုနှုန်း နည်းပါးနေသေးပါတယ်။ ဆားစ်ရောဂါကြောင့် ၂၀၀၂ မှ ၂၀၀၃ ခုနှစ်အထိ သေဆုံးမှုနှုန်းဟာ ၉ ဒသမ ၅ ရာခိုင်နှုန်းအထိ ရောက်ရှိလာပါတယ်။

အခုတော့ ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုတွေဟာ တရုတ်နိုင်ငံထက် တခြားနိုင်ငံတွေမှာ ပိုမိုမြန်ဆန်စွာမြင့်တက်နေတာကို တွေ့ရပါတယ်။ တရုတ်နိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ရောဂါကာကွယ်ဖို့ စီမံဆောင်ရွက်မှုတွေကို အပြင်းအထန်ပြုလုပ်ခဲ့ကြပါတယ်။ အဲဒီလိုပြုလုပ်တဲ့အထဲမှာ ဇန်နဝါရီနှောင်းပိုင်းက လူဦးရေ ၅၆ သန်းလောက်ရှိတဲ့ ဟူပေပြည်နယ်ကို ပြင်ပကမ္ဘာနဲ့ သီးသန့်ခွဲခြားမှုတွေ ဆောင်ရွက်ခဲ့ကြပါတယ်။

### နိုင်ငံပေါင်း ၆၀ကျော်အထိပျံ့နှံ့

မတ် ၂ ရက်မှာ ကိုရိုနာဗိုင်းရပ်စ်အသစ်ကူးစက်မှုပေါင်း ၂၀၂ မှုရှိတယ်လို့ တရုတ်အမျိုးသားကျန်းမာရေးကော်မရှင်က ပြောကြားလိုက်ပါတယ်။ ဒီပမာဏဟာ ဇန်နဝါရီနှောင်းပိုင်းမှာ ဖြစ်ပွားခဲ့တဲ့ နေ့စဉ် ပျံ့နှံ့ကူးစက်မှုထက် လျော့နည်းသွားပါတယ်။ ကမ္ဘာ့လူဦးရေအထူထပ်ဆုံးနိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုဖြစ်စဉ်ပေါင်း ၈၀၀၀၀ ကျော်ရှိခဲ့ပါတယ်။

ဆန့်ကျင်ဘက်နှိုင်းယှဉ်ကြည့်မယ်ဆိုရင် အီတလီနိုင်ငံမှာလည်း ရက်သတ္တပတ်ကျော်အတွင်း နှစ်ဆမြင့်တက်လာပြီး စုစုပေါင်း ရောဂါကူးစက်ပျံ့နှံ့မှု ဖြစ်စဉ်ပေါင်း ၁၇၀၀ အထိရှိခဲ့ပါတယ်။

ထို့အပြင် တောင်ကိုရီးယားနိုင်ငံမှာလည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ လေးဦးထပ်မံရှိခဲ့ပြီး စုစုပေါင်း သေဆုံးသူအရေအတွက်ဟာ ၂၂ ဦးအထိ မြင့်တက်လာခဲ့ပါတယ်။ တောင်ကိုရီးယားအာဏာပိုင်တွေဟာ ကိုရိုနာဗိုင်းရပ်စ်ဖြစ်စဉ်ဟာ တောင်ကိုရီးယားမှာ ပိုမိုမြင့်တက်လာနိုင်စရာအကြောင်းရှိတယ်လို့ ဆိုပါတယ်။

အမေရိကန်ပြည်ထောင်စုမှာလည်း အသက် ၇၀ ကျော် လူတစ်ဦး ဖေဖော်ဝါရီ ၂၉ ရက်က ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးခဲ့တယ်လို့ ကျန်းမာရေးဝန်ထမ်းများက ပြောပါတယ်။ နယူးယောက်ပြည်နယ်မှာလည်း အီရန်ကို သွားရောက်လည်ပတ်ခဲ့တဲ့ ပထမဆုံး အမျိုးသမီးတစ်ဦး ကိုရိုနာဗိုင်းရပ်စ် သံသယရှိတယ်လို့ ဖော်ပြထားပါတယ်။

ဒုတိယသမ္မတ မိုက်ပန့်စ်နဲ့ ကျန်းမာရေးဝန်ကြီး အဲလက်အဇာတို့က ထရမ့်အစိုးရရဲ့ ကိုရိုနာဗိုင်းရပ်စ်အပေါ် အရေးယူဆောင်ရွက်မှုနဲ့ပတ်သက်ပြီး ကာကွယ် ပြောကြားလိုက်ပါတယ်။ မိမိတို့မှာ ပိုမိုဝမ်းနည်းဖွယ်ကောင်းတဲ့ သတင်းတွေရှိသေးကြောင်း သို့သော်လည်း အမေရိကန်ပြည်သူတွေဟာ ရောဂါကူးစက်မှုနှုန်းအနည်းဆုံးဖြစ်နေသေးတယ်လို့ ပြောကြားလိုက်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်စဉ်တွေကို ပိုပြီးတွေ့မြင်နိုင်တယ်လို့ အဇာက ပြောပါတယ်။ အခုဆိုရင်တော့ ကိုရိုနာဗိုင်းရပ်စ်ဟာ ကမ္ဘာ့နိုင်ငံပေါင်း ၆၀ ကျော်အထိ ပျံ့နှံ့ခဲ့ပြီဖြစ်ပါတယ်။ ။

**အေအက်ဖ်ပီ**

> **“ကိုရိုနာဗိုင်းရပ်စ်ကြောင့်သေဆုံးသူဦးရေဟာ တရုတ်နိုင်ငံတစ်နိုင်ငံတည်းမှာကိုပဲ ၂၉၁၂ ဦးလောက် မြင့်တက်သွားခဲ့ပါတယ်။ ထို့အတူပဲ တခြားနိုင်ငံတွေမှာလည်း မြင့်တက်မှုတွေရှိလာပါတယ်။ ဒုတိယအမြင့်ဆုံးကတော့ အီရန်နိုင်ငံဖြစ်ပြီး အီရန်နိုင်ငံမှာ သေဆုံးသူဦးရေဟာ ၅၄ ဦးအထိ ရှိလာပါတယ်။”**

## နိုင်ငံတကာသတင်းတိုထွာ

### တူရကီနှင့်ဆီးရီးယားတပ်ဖွဲ့ဝင်များအကြား တိုက်ပွဲများ အရှိန်မြင့်တက်

**ဒမတ်စကတ် မတ် ၂**

ဆီးရီးယားနိုင်ငံတွင် တူရကီတပ်များနှင့် ဆီးရီးယားသမ္မတ ဘတ်ရှာအယ်အာဆတ်၏ တပ်ဖွဲ့ဝင်များအကြား တိုက်ပွဲများ အရှိန်ပြင်းထန်လျက်ရှိသည်။ ဆီးရီးယားနိုင်ငံ အနောက်မြောက်ပိုင်း အီဒလစ်ပြည်နယ်တွင် ဆီးရီးယားအစိုးရတပ်များနှင့် တူရကီတပ်ဖွဲ့ဝင်များကြား တိုက်ပွဲများဆက်လက်ဖြစ်ပွားလျက်ရှိသည်။

မတ် ၁ ရက်တွင် ဆီးရီးယား စစ်လေယာဉ်နှစ်စင်းကို တူရကီတပ်ဖွဲ့ဝင်များက ပစ်ချခဲ့ကြောင်း သိရသည်။

တူရကီတပ်များသည် သူပုန်များကို အားပေးကူညီနေပြီး တူရကီ၏ ကျူးကျော်မှုကို တွန်းလှန်မည်ဟု ဆီးရီးယားတပ်ဖွဲ့က ပြောသည်။ ယင်းဖြစ်ရပ်ကြောင့် နှစ်နိုင်ငံကြားစစ်ပွဲဖြစ်လာမည်ကို စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

### အိန္ဒိယတွင် အုပ်စုလိုက်အကြမ်းဖက်မှုကြောင့်သေဆုံးသူ ၄၆ ဦးအထိရှိလာ

**နယူးဒေလီ မတ် ၂**

အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီတွင် လူအုပ်စုလိုက်အကြမ်းဖက်မှုမှာ လေးရက်မြောက်ဖြစ်လာပြီး သေဆုံးသူဦးရေမှာ ၄၆ ဦးအထိရှိလာပြီဟု အရာရှိများက ပြောသည်။

အကြမ်းဖက်မှုများ အဓိကဖြစ်ပေါ်ခဲ့သည့် မြို့ အရှေ့မြောက်ပိုင်းတွင် နောက်ထပ်အလောင်းသုံးလောင်း တွေ့ရှိခဲ့သည်ဟု ရဲများက ပြောသည်။ အလောင်းတစ်လောင်းကို ဂိုကယ်ပူရီရှိ တူးမြောင်းအတွင်းတွေ့ရှိခဲ့ပြီး နောက်ထပ်အလောင်းနှစ်လောင်းကို ဘဗာဂီရာသီ ဗီဟာတူးမြောင်းတွင် တွေ့ရှိခဲ့သည်ဟု ရဲအရာရှိများက ပြောသည်။

အခြေအနေများအားလုံးကို ထိန်းသိမ်းပြီးဖြစ်ကြောင်း၊ သို့သော် ရဲတပ်ဖွဲ့ဝင်အင်အား အများအပြားကို အဓိကရုဏ်းဖြစ်ပွားနေသည့်နေရာတွင် ဆက်လက်တပ်ဖြန့်ချထားကြောင်း မတ် ၁ ရက်တွင် ရဲများကပြောကြားခဲ့သည်။ မူဆလင်အများစုပါဝင်သည့်လူများသည် အဓိကရုဏ်းဖြစ်ပွားရာနေရာအနီးရှိ ၎င်းတို့၏နေအိမ်များကို စွန့်ခွာကာ အစိုးရကစီစဉ်ပေးထားသည့် ခိုလှုံရာနေရာများတွင် သွားရောက် နေထိုင်ခဲ့ကြသည်။

မြို့တော်အရှေ့မြောက်ပိုင်းတွင် နိုင်ငံသားဖြစ်ခွင့်ဥပဒေကို ထောက်ခံသည့်သူများနှင့်ဆန့်ကျင်သူများကြား ပဋိပက္ခများစတင်ဖြစ်ပွားခဲ့ရာမှ အခြေအနေများပိုမိုဆိုးရွားလာခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# ရွှေဘိုမြို့ မေတ္တာရိပ်အမျိုးသမီးစောင့်ရှောက်ရေးဂေဟာနှင့် သက်မွေးပညာသင်တန်းကျောင်းအတွက် အလှူငွေ ပေးအပ်လှူဒါန်း




**ရွှေဘို မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် ယနေ့နံနက်ပိုင်းက ရွှေဘိုမြို့ မေတ္တာရိပ်အမျိုးသမီးစောင့်ရှောက်ရေးဂေဟာနှင့် သက်မွေးပညာသင်တန်းကျောင်းအတွက် အလှူငွေကျပ် သိန်း ၁၂၁၀ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားတွင် စတော့ဟုမ်း ကမ္ဘာ့ငြိမ်းချမ်းရေးဆုရှင် မဟာသဒ္ဓမ္မ ဇောတိကဓဇဘဒ္ဒန္တ ဒေါက်တာသောဘိတ IBEC ဆရာတော်က လှူဒါန်းပေးအပ်ရခြင်းအကြောင်းကို မိန့်ကြားပြီး သင်တန်းကျောင်းအုပ်နှင့် တာဝန်ရှိသူထံသို့ အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်ပြီး အလှူငွေပေးအပ်ပွဲကို အလှူရှင် ဦးခင်မောင်အေး(ဥက္ကဋ္ဌ၊ CB Bank)- ဒေါ်ဝင့်ရည်အေး (ဥက္ကဋ္ဌ၊ KMA Foundation) တို့က ရွှေဘိုမြို့ မေတ္တာရိပ်အမျိုးသမီးစောင့်ရှောက်ရေးဂေဟာနှင့် သက်မွေးပညာသင်တန်းကျောင်းအတွက် အလှူငွေကျပ် သိန်းတစ်ထောင်ကိုလည်းကောင်း၊ တောင်သမန်သစ္စာကုမ္ပဏီ ဦးကျော်မြင့်မိသားစုနှင့် စိမ်းရတနာသိုက်ကုမ္ပဏီ ဦးကျော်ထွန်းမိသားစုတို့က အလှူငွေကျပ် သိန်းတစ်ရာစီကိုလည်းကောင်းပေးအပ်ရာ သင်တန်းကျောင်း နာယကကြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ သင်တန်းကျောင်းဥက္ကဋ္ဌ ဦးမောင်ကိုနှင့် သင်တန်းကျောင်းအုပ်ကြီး ဒေါ်တင့်တင့်(ခ) ဒေါ်ချူးချူးတို့က လက်ခံယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။(ဓါတ်ပုံ)

ထွန်းကိုကို(ယင်းမာပင်)

# ကယားပြည်နယ်ဝန်ကြီးချုပ် ဟိုဂျစ်ကျေးရွာနှင့် ဟိုစဲ့ကျေးရွာ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**မယ်စဲ့ မတ် ၂**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖေါင်းရှိုသည် ယမန်နေ့က ဟိုဂျစ်ကျေးရွာနှင့် ဟိုစဲ့ကျေးရွာတို့တွင် ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကျေးလက်နေ ပြည်သူများအတွက် လမ်းတံတား၊ လျှပ်စစ်မီး၊ ရေရရှိရေး အစရှိသည့် အခြေခံလိုအပ်ချက်များကို အဓိကဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဒေသခံပြည်သူများကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သောလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်စေလိုကြောင်း၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် မူဝါဒ လုပ်ထုံး လုပ်နည်းများနှင့်အညီ ပြည်သူများက ပူးပေါင်းပါဝင်စေလိုကြောင်း၊ လိုအပ်ချက်များ ပြည့်စုံနိုင်ရေးအတွက် အစိုးရ၊ ပြည်သူ၊ ဌာနဆိုင်ရာ ပူးပေါင်း၍ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ရိုင်းပင်းစေလိုကြောင်း၊ ပြည်ထောင်စုကြီး ပိုမိုခိုင်မြဲအောင် နောင်လာနောက်သားများကို ကောင်းမွန်မှန်ကန်သည့် အမွေကောင်းများ လက်ဆင့်ကမ်းပေးရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို ဖော်ဆောင်ရာတွင် တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ပူးပေါင်းဖော်ဆောင် စေလိုကြောင်း ပြောကြားသည်။




ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖေါင်းရှိ ဟိုဂျစ်ကျေးရွာရှိ ဒေသခံများနှင့် တွေ့ဆုံစဉ်။

ဆက်လက်၍ ဟိုဂျစ်ကျေးရွာနှင့် ဟိုစဲ့ကျေးရွာတို့မှ ဒေသခံပြည်သူများ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဟိုဂျစ်ကျေးရွာ ဘုရားကျောင်းတိုးချဲ့ဆောက်လုပ်ရန်အတွက် ငွေကျပ်ငါးသိန်း၊ ဟိုစဲ့ကျေးရွာခန်းမဆောင်အတွက် လိုအပ်သော ထိုင်ခုံ အလုံး ၁၃၀ ဝယ်ယူရန် ငွေကျပ်ရှစ်သိန်းနှင့် ဟိုစဲ့ မူကြိုကျောင်းဆင်းပွဲအတွက် ငွေကျပ်နှစ်သိန်းတို့ကို သက်ဆိုင်ရာကျေးရွာတို့မှ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

# ချင်းပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဥပဒေဆိုင်ရာ အထောက်အကူပြုလုပ်ငန်းများဆောင်ရွက်နိုင်မှု အသိပေး ရှင်းလင်း

**ဟားခါး မတ် ၂**

ချင်းပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ ၂၀၁၉ ခုနှစ် ဒုတိယခြောက်လ ဥပဒေဆိုင်ရာ အထောက်အကူပြုလုပ်ငန်းများဆောင်ရွက်နိုင်မှု အသိပေး ရှင်းလင်းတင်ပြခြင်းနှင့် ၂၀၂၀ ပြည့်နှစ်အတွက် ဆောင်ရွက်မည့် လုပ်ငန်းများညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်က ဟားခါးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်က ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းတည်ထောင်ခဲ့မှု အခြေအနေများမှ ခက်ခဲစွာ ဖွဲ့စည်းတည်ထောင်မှုများနှင့်အတူ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရေး၊ တရားဥပဒေ စိုးမိုးရေးလုပ်ငန်းများတွင် အထောက်အကူပြုပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်ပြီး ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးကင်အင်းမန်က ထပ်ဆင့်အမှာစကားပြောကြားပြီးနောက် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အတွင်းရေးမှူး ဦးချမ်ပွမ်က ပြည်နယ်အထောက်အကူပေးရေးအဖွဲ့၏ ၂၀၁၉ ခုနှစ် ဒုတိယ ခြောက်လတာ ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုများနှင့် တက်ရောက်လာကြသည့် မြို့နယ်ဥပဒေအထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက မြို့နယ်ရုံးများ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ညွှန်ကြားချက်နှင့်အညီ အဖွဲ့၏ရည်ရွယ်ချက်လုပ်ငန်းစဉ်များ အောင်မြင်စေရေး ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ် ဥပဒေအထောက်အကူပေးရေးအဖွဲ့သည် ပြည်သူများထံ ဥပဒေအထောက်အကူပေးရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေး ပညာပေးဆွေးနွေးပွဲများ ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြင့်နိုင်စိုး (ပြန်/ဆက်)

# ကရင်ပြည်နယ် ကမမောင်းမြို့၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပ

**ကမမောင်း မတ် ၂**

ကရင်ပြည်နယ် ကမမောင်းမြို့တွင် (၅၈)နှစ်မြောက်တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ကမမောင်းမြို့ အမှတ် ၃ ရပ်ကွက် သံလွင်လမ်းသွယ် ကွန်ကရစ်လမ်း သစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားပြီး ကမမောင်းမြို့အမှတ် ၃ ရပ်ကွက် မြို့မိမြို့ဖ ဦးဝင်းကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် ဖာပွန်ခရိုင်အုပ်ချုပ်ရေးမှူးတို့က ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အပေါ်ပုံ)**



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းသစ် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# လူထုအခြေပြုဗဟိုဌာန (ဗဟန်း)၌ စာအုပ်လှူဒါန်းပွဲ ကျင်းပ

**ရန်ကုန် မတ် ၂**

မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟန်းမြို့နယ်စာရေးဆရာအသင်းက ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များ၊ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းစာကြည့်တိုက်များသို့ စာအုပ်လှူဒါန်းပွဲကို ယမန်နေ့က လူထုအခြေပြုဗဟိုဌာန ဗဟန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာရေးဆရာအသင်းဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)က အမှာစကားပြောကြားပြီး ဗဟန်းမြို့နယ်စာရေးဆရာအသင်းသို့ စာအုပ်အလှူရှင်များက စာအုပ်များလှူဒါန်းရာ မြို့နယ်စာရေးဆရာအသင်းက လက်ခံယူသည်။

ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များ၊ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းစာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်းရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ဖြိုးလင်းက လက်ခံယူသည်။

ထို့နောက် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့ရရှိသော ဗဟန်းမြို့နယ်စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာထွန်းထွန်းဦး၏ ကိုယ်ရေးအကျဉ်းကို မြို့နယ်စာရေးဆရာအသင်း ဘဏ္ဍာရေးမှူး ဒေါ်နီနီတင်(နီနီမြန်မာစာ)က ဖတ်ကြားပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ရရှိသော ဒုတိယဥက္ကဋ္ဌကို ဂုဏ်ပြုတံဆိပ်လက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

အာကာလင်း

# မိတ္ထီလာမြို့နယ် ညောင်ကုန်းကျေးရွာ၌ ဖိတ်ခေါ် မြန်မာ့ရိုးရာမြင်းဒုန်းစီးပြိုင်ပွဲ ကျင်းပမည်

**မိတ္ထီလာ မတ် ၂**

မိတ္ထီလာမြို့နယ် ကန်နီကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာ၌ ( ၆၁ ) ကြိမ်မြောက် ဆုတောင်းချမ်းသာ ရွှေဘုံသာဘုရား ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ် ဖိတ်ခေါ် မြန်မာ့ရိုးရာ မြင်းဒုန်းစီးပြိုင်ပွဲကို မတ် ၁၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"နှစ်တိုင်း ညောင်ကုန်းကျေးရွာ ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပတိုင်း မြန်မာ့ရိုးရာမြင်းပြိုင်ပွဲကို ထည့်သွင်းကျင်းပခဲ့တာပါ။ အရင်နှစ်တွေက မြင်းပြိုင်ပွဲကို အလွတ်တန်းဖိတ်ခေါ်အနေနဲ့ တစ်ရက်တည်း ကျင်းပခဲ့တာဖြစ်ပြီး ဒီနှစ်က အကြီးတန်းဒုန်းစီးပြိုင်ပွဲ နဲ့ အငယ်တန်း ဒုန်းစီးပြိုင်ပွဲဆိုပြီး အတန်းလိုက်ကျင်းပမှာ ဖြစ်ပါတယ်။ နှစ်တိုင်း မြို့နယ်အတွင်းက မြို့ပေါ်နဲ့ ကျေးရွာတွေက မြင်းစီးဝါသနာရှင်တွေပဲ ယှဉ်ပြိုင်ခဲ့ပေမယ့် ဒီနှစ်တော့ အနယ်နယ်အရပ်ရပ်က မြင်းစီးဝါသနာရှင်တွေ လာရောက်ပါဝင်ယှဉ်ပြိုင်ဖို့ ဖိတ်ခေါ်ထားတာမို့ မြင်းပြိုင်ပွဲကို မတ် ၁၀ ရက်မှ ၁၂ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပဖို့ စီစဉ်ထားပါတယ်" ဟု မြင်းပြိုင်ပွဲကျင်းပရေးကော်မတီမှ မိတ္ထီလာခရိုင် မြင်းစီး အသင်းဥက္ကဋ္ဌ ဦးအောင်မြတ်ထွန်းက ပြောသည်။



ယမန်နှစ်က မြင်းဒုန်းစီးပြိုင်ပွဲကျင်းပစဉ်။

အဆိုပါ ဖိတ်ခေါ် မြန်မာ့ရိုးရာမြင်းစီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကြေးငွေကျပ်နှစ်သောင်း သတ်မှတ်ထားပြီး အငယ်တန်း မြင်းဒုန်းစီးပြိုင်ပွဲတွင် ပထမ ငွေကျပ်ငါးသိန်း၊ ဒုတိယ ငွေကျပ်သုံးသိန်း၊ တတိယ ငွေကျပ်နှစ်သိန်းနှင့် အကြီးတန်း မြင်းဒုန်းစီးပြိုင်ပွဲတွင် ပထမ ငွေကျပ်ငါးသိန်း၊ ဒုတိယ ငွေကျပ်သုံးသိန်း၊ တတိယ ငွေကျပ်နှစ်သိန်း ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ ( မိတ္ထီလာ )**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် တီဘီရောဂါ ကွင်းဆင်းရှာဖွေကုသ

**ရန်ကုန် မတ် ၂**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် နယ်လှည့်တီဘီရောဂါ ကွင်းဆင်းရှာဖွေကုသပေးခြင်းများ ဆောင်ရွက်ခြင်းကို အမှတ်(၁၅၆) ရပ်ကွက်ဓမ္မာရုံတွင် ယမန်နေ့က ကွင်းဆင်းဆောင်ရွက်သည်။

**ကွင်းဆင်းရှာဖွေကုသ**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တီဘီရောဂါတိုက်ဖျက်ရေးဌာနမှ အရှိန်အဟုန်မြှင့် တီဘီရောဂါ ကွင်းဆင်းရှာဖွေကုသရေးအဖွဲ့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ တီဘီရောဂါရှာဖွေကုသခြင်း၊ ဆီးချိုသွေးချိုရောဂါ၊ ကျောအောင့်ရင်ဘတ်အောင့်သူများ၊ ရိုတာဗိုင်းရပ်စ်ရောဂါ ရှာဖွေပေးခြင်းများ ဆောင်ရွက်ပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့သည်။

**လွှဲပြောင်းကုသပေးမည်**

အဆိုပါဆေးကုသပေးသည့် နေရာများသို့ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ လာရောက်ပြသပြီး ထပ်မံကုသရန် လိုအပ်ပါက အဆိုပါလူနာများအား ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းကုသပေးမည်ဖြစ်ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

# MRTV Channel အား HD စနစ်ဖြင့် ပုံမှန်ထုတ်လွှင့်သွားမည်

၁။ မြန်မာ့ရုပ်မြင်သံကြားကြည့်ပရိသတ်များ အရုပ်/အသံအရည်အသွေးပိုမိုကြည်လင်စွာကြည့်ရှုနိုင်ရန်အတွက် MRTV Channel အား ပုံမှန်ထုတ်လွှင့်နေသောStandard Definition (SD)စနစ်အပြင် High Definition (HD) စနစ်ဖြင့်ပါ (၁၅-၁-၂၀၂၀) ရက်နေ့မှစတင် စမ်းသပ်ထုတ်လွှင့်ပေးခဲ့ပြီး (၁၅-၂-၂၀၂၀) ရက်နေ့မှ စတင်၍ HD စနစ်တစ်မျိုးတည်းဖြင့်သာ ပုံမှန်ထုတ်လွှင့်ပေးသွားမည် ဖြစ်ပါသည်။

၂။ ထိုသို့ HD စနစ်သို့ အဆင့်မြှင့်တင်ပြောင်းလဲထုတ်လွှင့်မှုများသည် အရုပ်/အသံ အရည်အသွေးကောင်းမွန်ရေးကို ရှေးရှုဆောင်ရွက်ခြင်းဖြစ်ပြီး Digital စနစ်ဖြင့် ဖမ်းယူကြည့်ရှုနေကြသည့် ရုပ်မြင်သံကြားဖမ်းစက်များအနေဖြင့် HD အရည်အသွေးအတိုင်းဖမ်းယူကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

၃။ Analogue စနစ်ဖြင့် ဖမ်းယူကြည့်ရှုနေသော TV များတွင်မူ မည်သည့်ချိန်ညှိမှုကိုမှ ပြုလုပ်ရန်မလိုအပ်ဘဲ ယခင်အတိုင်းဆက်လက် ဖမ်းယူကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

၄။ မြန်မာ့ရုပ်မြင်သံကြားပရိသတ်များအနေဖြင့် MRTV Channel အား HD စနစ်ကိုကြည့်ရှုနိုင်ရန် DVB-T2 Set-top Box (သို့မဟုတ်) DVB-T2 Tuner ပါရှိသော LCD/LED TV များအား Auto Tuning ပြန်လည် ပြုလုပ်ခြင်းဖြင့် ရုပ်/သံအရည်အသွေးကောင်းမွန်စွာဖမ်းယူကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

(က) DVB-T2 Set-top Box ဖြင့် ဖမ်းယူပါက
Menu မှ Channel Search ကိုရွေးပြီး Auto Search သို့ သွား၍ OK နှိပ်ပါ။
Menu ⟶ Channel Search ⟶ Auto Search ⟶ OK

(ခ) DVB-T2 Tuner ပါရှိသော LCD / LED Flat TV များဖြင့် ဖမ်းယူကြည့်ရှုပါက
Menu မှ Channel ကိုသွားပြီး Tuner Type တွင် Antenna ကိုရွေး၍ OK နှိပ်ပါ။
ပြီးလျှင် Auto Scan ကိုနှိပ်ပါ။ Country တွင် (Myanmar) နှင့် Mode တွင် ( DTV+ ATV ) တို့ကိုရွေးချယ်၍ Start သို့ သွားပြီး OK နှိပ်ပါ။
Menu ⟶ Channel ⟶ Tuner Type ⟶ Antenna
Auto Scan ⟶ Country (Myanmar) ⟶ Mode (DTV+ATV)
Start ⟶ OK

(ဂ) Analogue TV (Tube) ကို Set-top Box နှင့် ချိတ်ဆက်ကြည့်ရှုပါက ရုပ်ပုံအရွယ်အစား ချိန်ညှိရန်အတွက် Set-top Box ၏ Menu မှ Picture ကိုနှိပ်ပြီး Aspect Ratio မှ 16:9 Wide Screen ကိုရွေး၍ OK နှိပ်ပါ။
Menu ⟶ Picture ⟶ Aspect Ratio ⟶ 16:9 Wide Screen ⟶ OK

၅။ ဖမ်းယူချိန်ညှိပြီးပါကChannel Box တွင် အောက်ပါအစီအစဉ်အတိုင်း Channel များကို ဖမ်းယူရရှိမည် ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (1) | MRTV HD | (12) | MNTV |
| (2) | MRTV Hluttaw | (13) | Channel-9 |
| (3) | MRTV NRC | (14) | Mizzima |
| (4) | MRTV Farmer | (15) | DVB |
| (5) | MRTV Sport | (16) | Channel K |
| (6) | MITV | (17) | YTV |
| (7) | EDU | (18) | Fortune TV |
| (8) | MRTV Entertainment | (19) | Myanma Radio |
| (9) | MRTV-4 | (20) | Upper Tineyinthar |
| (10) | Channel-7 | (21) | Lower Tineyinthar |
| (11) | 5 Plus | | |

၆။ ဒီဂျစ်တယ်ရုပ်သံလိုင်းများအားဖမ်းယူကြည့်ရှုနေသူများအနေဖြင့်လည်း(၁၅-၂-၂၀၂၀) ရက်နေ့မှစတင်၍ အထက်ပါအစီအစဉ်များအတိုင်းရရှိရန် Auto Tuning ပြန်လည်ပြုလုပ်ရန် လိုအပ်မည်ဖြစ်ပါသည်။

၇။ မြန်မာ့ရုပ်မြင်သံကြားကြည့် ပရိသတ်များအနေဖြင့် ထိုသို့ဖမ်းယူကြည့်ရှုရာတွင် အဆင်မပြေမှုတစ်စုံတစ်ရာရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

(က) 9 Meter Earthstation (တပ်ကုန်း ၊ ရုံးချုပ်) ဖုန်း၊ ၀၉-၄၀၈၀၈၂၀၉၀
( ခ) 9 Meter Earthstation (ရန်ကုန် ၊ ပြည်လမ်း) ဖုန်း၊ ၀၉-၄၀၈၀၈၂၀၈၀

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၂-၃-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၃၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၃၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၆၀၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၇၇၀/၈၅၀ | ကျပ် | ၈၃၀/၈၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၇၈၀/၈၆၀ | ကျပ် | ၈၄၅/၈၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၁၀/၇၇၀ | ကျပ် | ၇၈၅/၈၀၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၃၀/၈၈၅ | ကျပ် | ၉၁၀/၉၃၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၄ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၈၂ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၈ . ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၄၆ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၂၀ . ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၃၇ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၅ . ၂၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၉ . ၉၀၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၈ . ၅၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၀ . ၁၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၅ . ၃၄၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၅၀၈၄ | ၅၈၄၆၆၀၀၀ |
| MTSH | ၃၉၅၀ | ၄၀၀၀ | ၁၅၀၃ | ၆၀၀၂၀၀၀ |
| MCB | ၈၄၀၀ | ၈၂၀၀ | ၁၀ | ၈၃၈၀၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၉၀ | ၂၀၂၅၀၀၀ |
| TMH | ၂၉၀၀ | ၀ | ၀ | ၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# “တိုင်းပြည်အကျိုးပြု ဒို့ရှေးရှု ကင်းထောက်အမျိုးသမီးထု” မြန်မာကင်းထောက်အမျိုးသမီး တွေ့ဆုံစကားဝိုင်းကျင်းပ

“တိုင်းပြည်အကျိုးပြု ဒို့ရှေးရှု ကင်းထောက်အမျိုးသမီးထု” မြန်မာကင်းထောက်အမျိုးသမီးတွေ့ဆုံစကားဝိုင်းကို အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာဒေါ်တင်လှကြည်၊ ဒုတိယကင်းထောက်ချုပ်ဒေါ်ခင်စောဥမ္မာ၊ သက်ကြီးကင်းထောက်ကြီး ဒေါက်တာဒေါ်ဝင်းကြည်၊ သက်ကြီးကင်းထောက်ကြီး ဒေါက်တာဒေါ်လှရီရီနှင့် သက်ကြီးကင်းထောက်ကြီး ဒေါ်ရီရီတင်တို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့ကြသည်များကို ဖော်ပြအပ်ပါသည်။

## တာရာ၊ ကေကေ

*(ယမန်နေ့မှ အဆက်)*

**အစီအစဉ်မှူး ။** ။ ကင်းထောက်ပညာနဲ့ ပတ်သက်ပြီး အခုဆိုလူငယ်တွေ ပိုမိုပြီး စိတ်ဝင်စားလာကြတယ်။ အခြေခံပညာအဆင့်ကလည်း စိတ်ဝင်စားမှု ပိုများလာတယ်။ ကမ္ဘာ့ကင်းထောက်အမျိုးသမီး လှုပ်ရှားမှုက ဘယ်လိုရှိသလဲဆိုတာလည်း သိပါရစေ။




“တိုင်းပြည်အကျိုးပြု ဒို့ရှေးရှု ကင်းထောက်အမျိုးသမီးထု” မြန်မာကင်းထောက်အမျိုးသမီးတွေ့ဆုံစကားဝိုင်းကျင်းပစဉ်။

**ဒေါက်တာဒေါ်တင်လှကြည် ။** ။ ကျွန်မတို့ မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ် ဇူလိုင်လက ဟောင်ကောင်မှာ လုပ်တဲ့ ကမ္ဘာ့ကင်းထောက် အမျိုးသမီး ညီလာခံမှာ Associate Member ဖြစ်ခဲ့တယ်။ အဲဒီမှာ Vote လုပ်ရတာ ရှိပါတယ်။ Vote လုပ်တဲ့အခါမှာ ပါဝင်တက်ရောက်တဲ့ နိုင်ငံအားလုံးကနေ ရာနှုန်းပြည့် Vote ပေးခဲ့တဲ့အတွက် အလွန်ပျော်ရွှင်ပြီး ထခုန်မိတဲ့အထိပါပဲ။ “တို့တွေ ကမ္ဘာ့ကင်းထောက်အမျိုးသမီးအဖွဲ့ အဖွဲ့ဝင်ပြန်ဖြစ်သွားပါပြီလား” ဆိုပြီး ဝမ်းသာမိပါတယ်။ ကမ္ဘာ့ကင်းထောက်အမျိုးသမီးအဖွဲ့လို့ ပြောလိုက်ရင် ကမ္ဘာမှာရှိတဲ့ အမျိုးသမီးငယ်တွေအတွက် အကြီးဆုံးအဖွဲ့ အစည်းလို့ ပြောကြပါတယ်။ နိုင်ငံ ၁၅၀ က အဖွဲ့ဝင် ၁၀ သန်းကျော်ပါတယ်။ ဒီလို ကမ္ဘာ့အကြီးဆုံး အမျိုးသမီး အဖွဲ့အစည်းတစ်ခုမှာ ပါဝင်ရတဲ့အတွက် ဂုဏ်ယူပါတယ်။

ဒီကင်းထောက်ကို စတင်ခဲ့တာကတော့ အင်္ဂလန်နိုင်ငံက ဖြစ်ပါတယ်။ လော့ဘေဒင်ပါဝဲလ် က ၁၉၀၆ ခုနှစ်မှာ စတင်ခဲ့တာပါ။ အမျိုးသမီးတွေကတော့ ၁၉၁၀ ပြည့်နှစ်မှ ပါဝင်တာပါ။ ၁၉၁၀ ပြည့်နှစ်မှ သူ့ရဲ့ညီမ လေဒီအဂ္ဂနက်ဘေဒင်ပါဝဲလ်ကနေပြီး အမျိုးသမီးတွေအတွက် ကင်းထောက်အဖွဲ့ စတင်ခဲ့တယ်။ WAGGGS ကိုတော့ ၁၉၂၆ ခုနှစ်မှာ လန်ဒန်မှာ စတင်ပြီးတော့ တည်ထောင်ခဲ့တယ်လို့ ပြောပါတယ်။

WAGGGS ရဲ့အကြောင်းကို ဖတ်လိုက်ရင် သူ့မှာ Mission၊ Vision ရှိတယ်။ ကမ္ဘာမှာရှိတဲ့ အမျိုးသမီးတွေအတွက် ဘာမျှော်လင့်ထားသလဲဆိုရင် Every girl have potential၊ မိန်းကလေးတိုင်းမှာ ပင်ကိုအရည်အချင်း ရှိတယ်။ ဒီပင်ကိုအရည်အချင်းကို အမြင့်ဆုံးရောက်အောင် ပို့ဆောင်ဖို့ဟာ တို့တာဝန်ပဲဆိုတဲ့ Mission ပါ။ ဘာတွေ လုပ်နေသလဲဆိုရင် ဒီ WAGGGS အဖွဲ့က အဖွဲ့ဝင် မိန်းကလေးတွေ များလာအောင် ကြိုးပမ်းတယ်။ အဖွဲ့ဝင် မိန်းကလေးတွေကို သင်တန်းမျိုးစုံပေးပါတယ်။

Free Being Me ဆိုရင် လက်ရှိ မြန်မာနိုင်ငံမှာလည်း လုပ်နေတယ်။ ကျွန်မတို့က မသွားနိုင်တဲ့အတွက် အွန်လိုင်းကနေ လုပ်ရတယ်။ ခုခေတ်စားနေတာပါ။ မိန်းကလေးတွေဟာ အရက်အကြောက်ကြီးပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနည်းတတ်တယ်။ မိန်းကလေးတွေ ယုံကြည်မှုရှိအောင် ဒီအစီအစဉ်လေး လုပ်ပေးတာပါ။

ခေါင်းဆောင်မှု သင်တန်းတွေပေးတယ်။ တိုင်ပေ၊ မော်လ်ဒိုက်နဲ့ ထိုင်းနိုင်ငံကို ကျွန်မတို့ဆီက တစ်ယောက်စီ သွားကြတာ ရှိတယ်။ နိုင်ငံပေါင်းစုံက ပါပါတယ်။ အဓိက ကတော့ နိုင်ငံအသီးသီးမှာရှိတဲ့ အမျိုးသမီးတွေ ခင်မင်ရင်းနှီးအောင်၊ တစ်ယောက်နဲ့ တစ်ယောက် နားလည်မှုရှိအောင်နဲ့ ဗဟုသုတကြွယ်ဝလာအောင် အမျိုးမျိုး ဆောင်ရွက်တာပါ။ အမျိုးသမီးတွေရဲ့ အရည်အချင်းမြင့်အောင် ကြိုးစားနေတာပါ။ ဒါကြောင့် ကျွန်မတို့လည်း WAGGGS ရဲ့ အဖွဲ့ဝင် ဖြစ်ရတာ ဂုဏ်ယူပါတယ်။

**အစီအစဉ်မှူး ။** ။ **အာရှပစိဖိတ်ကင်းထောက်အမျိုးသမီးတွေနဲ့ပတ်သက်ပြီးတော့လည်း ဆွေးနွေးပေးစေလိုပါတယ်။**

**ဒေါက်တာဒေါ်တင်လှကြည် ။** ။ WAGGGS မှာဒေသငါးခု ခွဲထားတယ်။ ဒီလို ခွဲထားတဲ့အထဲမှာ ကျွန်မတို့က အာရှပစိဖိတ်ဒေသထဲမှာ ပါဝင်တယ်။ ကျွန်မတို့ အာရှပစိဖိတ်ဒေသထဲမှာ နိုင်ငံ ၂၆ နိုင်ငံပါဝင်ပြီး ကျွန်မတို့က ၂၆ ခုမြောက်နိုင်ငံ ဖြစ်ပါတယ်။ မပါသေးတဲ့ နိုင်ငံတွေလည်း ရှိပါတယ်။ ဒီ ၂၆ နိုင်ငံမှာ အသင်းဝင်က ၃ ဒသမ ၆ သန်း ရှိပါတယ်။ ဒီနှစ်မှာ အာရှပစိဖိတ်ဒေသမှာ အဖွဲ့ဝင် ၄ သန်း ဖြစ်ဖို့ ကြိုးစားနေတယ်လို့ သိရပါတယ်။

ခုနက ဒေါ်ခင်စောဥမ္မာ ပြောတာကို ဖြည့်စွက်ဆွေးနွေးလိုပါတယ်။ ကျွန်မတို့က အာရှပစိဖိတ် ညီလာခံတွေကိုလည်း ပါဝင်တက်ရောက်ခဲ့ရပါတယ်။ ပထမခရီးစဉ်အဖြစ် ၁၁ ကြိမ်မြောက် ညီလာခံကို တိုကျိုမှာ ပါဝင်တက်ခဲ့တယ်။ ဒုတိယခရီးစဉ်က နီပေါမှာပါ။ တတိယက တိုင်ပေမှာ တက်ခဲ့ရပါတယ်။ ပြီးတော့ ကမ္ဘာ့ညီလာခံတွေကိုလည်း တက်ရောက်ရပါတယ်။ ကမ္ဘာ့ညီလာခံ တက်ရောက်မှုကတော့ သုံးခေါက်ရှိပါပြီ။ ပထမက ဟောင်ကောင်၊ ဒုတိယက အိန္ဒိယနဲ့ ဒီနှစ် ယူဂန္ဒာမှာ လုပ်မှာဖြစ်ပါတယ်။ အဲဒီကို သွားဖို့ ကျွန်မနာမည်ပေးထားပါတယ်။ အဲဒီလိုမျိုးနဲ့ ပြည်ပအတွေ့အကြုံတွေကိုလည်း ယူနေပါတယ်။ ကိုယ့်နိုင်ငံ ပါဝင်မှု၊ ကိုယ့်နိုင်ငံ တိုးတက်မှုအတွက် ကြိုးစားနေပါတယ်။

**အစီအစဉ်မှူး ။** ။ **အဖွဲ့ဝင်တွေ အနေနဲ့ တိုင်းကျိုး ပြည်ပြု လုပ်ငန်းတွေမှာ ဘယ်လိုတွေ ပါဝင်နေတယ်ဆိုတာကိုလည်း ပြောပြစေလိုပါတယ်။**

**ဒေါ်ခင်စောဥမ္မာ ။** ။ သဘာဝဘေးအန္တရာယ်တွေ့ကြုံခဲ့ရင် အလှူရှင်စေတနာရှင်တွေရဲ့ လှူဒါန်းမှုတွေကို သွားရောက်လှူဒါန်းပေးမှုတွေ ရှိပါတယ်။ သွားရောက်ပြီး မလှူဒါန်းနိုင်ရင်လည်း ချိတ်ဆက်ပြီး လှူဒါန်းနိုင်အောင် ဆောင်ရွက်ပေးပါတယ်။ ပြီးတော့ စစ်ဘေးရှောင်စခန်းတွေမှာလည်း လှူဒါန်းကူညီမှုတွေ ဆောင်ရွက်ပါတယ်။ တိုင်းပြုပြည်ပြုလုပ်ငန်းတစ်ခုအဖြစ် Clean Yangon အနေနဲ့ မြို့တော်စည်ပင်နဲ့ ပူးပေါင်းပြီး လုပ်တာလည်း ရှိပါတယ်။ မြို့ထဲလမ်းကြားထဲက အမှိုက်ရှင်းတာတွေကိုလည်း ကင်းထောက်အဖွဲ့ဝင်တွေက သန့်ရှင်းရေးဆောင်ရွက်တာရှိပါတယ်။ အခုဆို နှာခေါင်းစည်းတွေ ဖြန့်ဝေတာ၊ သောက်ရေသန့် ဖြန့်ဝေပေးတာ ဒီလိုကူညီမှုတွေလည်း ရှိပါတယ်။ ကလေးဆေးရုံတွေကို သွားရောက်ပြီး အစားအသောက် လှူတာတွေလည်း ရှိပါတယ်။ ကျေးရွာတွေမှာ ကင်းထောက်အဖွဲ့တွေလည်း ရှိပါတယ်။ သူတို့ကလည်း ရပ်ရွာသန့်ရှင်းရေးအတွက် ဆောင်ရွက်တာ ရှိပါတယ်။ ရွာဆိုရင်လည်း ရွာမှာ၊ မြို့ဆိုရင်လည်း မြို့မှာအတတ်နိုင်ဆုံး တိုင်းပြည်အတွက် ဆောင်ရွက်နေပါတယ်။

**အစီအစဉ်မှူး ။** ။ **ဒီစကားဝိုင်းရဲ့အဆုံးသတ်အနေနဲ့ တစ်ဦးချင်းစီကနေ ကင်းထောက်ဖြစ်ရခြင်းရဲ့ အကျိုးကျေးဇူးတွေနဲ့ ပတ်သက်ပြီး ပြောပြပေးပါ။**

**ဒေါက်တာဒေါ်ဝင်းကြည် ။** ။ ကင်းထောက်ဖြစ်ရတဲ့အတွက် ကျွန်မဘဝမှာ ထူးခြားမှုတွေ အများကြီး ရှိပါတယ်။ အများကြီးလည်း ပြောခဲ့ပြီးပြီ။ စာရိတ္တ ကောင်းမွန်ရေး၊ ပေါင်းသင်းဆက်ဆံမှုတွေ ဒါတွေ ကောင်းမွန်တယ်။ ကျန်တဲ့ဟာ ပြောရမယ်ဆိုရင် ကျွန်မတို့ အဆင့်အတန်းတွေမှာ စာမေးပွဲဖြေရပါတယ်၊ အဲဒီအထဲမှာ First Class Girl Guide ဖြစ်ဖို့အတွက် ရေကူးတတ်ရပါတယ်။ ရေကူးပြရပါတယ်။ နောက်ပြီးတော့ နက္ခတ်ပညာတွေကိုလည်း လေ့လာခဲ့ရတယ်။ တစ်သက်လုံး အသုံးဝင်တဲ့ အလုပ်တစ်ခုအဖြစ် အချက်အပြုတ်ကို သင်ယူခဲ့ရပါတယ်။ ၁၉၅၈ ခုနှစ်က ကျွန်မ မက္ကဆီကိုသွားတော့ အမေရိကားက မိတ်ဆွေတစ်ဦးနဲ့ ဆုံခဲ့တာကို ခုထိ အမှတ်တရရှိနေတယ်။ ခုထိလည်း မိတ်ဆွေအနေနဲ့ ရှိခဲ့တယ်။

**ဒေါ်ရီရီတင် ။** ။ ဒေသန္တရ ဗဟုသုတတွေ အများကြီး ရခဲ့တယ်။ ငယ်ငယ်တုန်းက တက္ကသိုလ် ရိပ်သာလမ်းက ဒေါ်အောင်ဆန်းစုကြည်တို့အိမ်မှာ စခန်းသွားချခဲ့တာရှိတယ်။ ၁၉၆၂ ခုနှစ်မှာ ထိုင်းနိုင်ငံကို ၁၃ ယောက်အဖွဲ့အဖြစ် လေ့လာရေး သွားခဲ့ရတယ်။ ဗဟုသုတ အများကြီးရခဲ့တယ်။ ၁၉၆၂ ခုနှစ်မှာ မြစ်ကြီးနားမြို့ကို ကင်းထောက်သင်တန်းအတွက် ရောက်ခဲ့တယ်။ ၁၉၆၃ ခုနှစ် ပြင်ဦးလွင်ကို သွားရောက်ခဲ့တယ်။ အဲဒီအချိန်က ကင်းထောက်ဖြစ်ခဲ့တဲ့အတွက် သွားခဲ့ရတာတွေက အများကြီးပါပဲ။ ဒီလိုပဲ အခုထိလည်း ဗဟုသုတ ရှာမှီးလိုတုန်းပါပဲ။ သွားချင်လာချင်တုန်းပါပဲ။

**ဒေါက်တာဒေါ်လှရီရီ ။** ။ ကင်းထောက်အမျိုးသမီး လုပ်ခဲ့တဲ့အတွက် အကျိုးကျေးဇူး ရှိတာတွေကတော့ အများကြီးပါပဲ။ ကတိသုံးချက်ထဲမှာလည်း ကူညီဖို့အတွက် အများကြီးပါတယ်။ ကျွန်မ အထူးပြောချင်တာက ရဲဘော်ရဲဖက်စိတ်တွေ အများကြီး ပေါ်ပေါက်ခဲ့တာပါ။ စွန့်လွှတ်တတ်တဲ့ စိတ်ထားတွေ ပေါ်ပေါက်ခဲ့တယ်။ ကိုယ့်အတွက်ပဲ မစဉ်းစားဘဲ သူများကို ဦးစားပေးတတ်တဲ့ စိတ်ဓာတ်တွေ ပြောင်းလာပါတယ်။ အစ်မဒေါ်ဝင်းကြည် ပြောသလို စာမေးပွဲတွေ ဖြေရတဲ့အတွက် မလျှော့သော ဇွဲတွေ ဖြစ်လာတယ်။

ခုခေတ်နဲ့ အများကြီး ကွာခြားတာက ဘာသာရေးနဲ့ ပတ်သက်ပြီး ဘယ်ဘာသာ ကိုးကွယ်သလဲ ဘယ်သူ့ကိုမှ မမေးဘဲ သူငယ်ချင်း မိတ်ဆွေအဖြစ် တစ်သက်လုံး မိတ်ဆွေ ဖြစ်ခဲ့ကြတယ်။ တောစခန်းတွေ ထွက်တဲ့အခါမှာလည်း ပညာတွေ အများကြီး ရတယ်။ ဘာမှမရှိဘဲ တီထွင်တတ်တာတွေ ရှိလာတယ်။

ဥပမာဆိုရင် အိုးတွေ မရှိဘဲ ကြက်ဥတစ်လုံးပေးတယ်။ ကြက်ဥကို ဘယ်လိုပြုတ်စားမလဲဆိုတော့ လိမ္မော်သီးကို ခွာ၊ ကြက်ဥကို အဲဒီလိမ္မော်သီးထဲကိုထည့် မီးကင်၊ အဲဒီလိုစိတ်ဓာတ်တွေက အများကြီး ရှိခဲ့တယ်။ အဲဒီက ပါလာတဲ့ မလျှော့သောဇွဲနဲ့ စိတ်ဓာတ်က အများကြီး အကျိုးပြုသွားပါတယ်။

**အစီအစဉ်မှူး ။** ။ **ဟုတ်ကဲ့ပါ။ကင်းထောက်ကျင့်ဝတ်တွေကိုလည်း ဆက်လက် ဝေမျှပေးပါဦး။**

**ဒေါက်တာဒေါ်တင်လှကြည် ။** ။ ကင်းထောက်ကျင့်ဝတ်၁၀ ချက်က သစ္စာရှိရမယ်၊ ချွေတာတတ်ရမယ်၊ အမြဲပြုံးနေတတ်ရမယ်၊ အချင်းချင်း ချစ်ခင်ရမယ် စသဖြင့် ရှိပါတယ်။ ကျွန်မ ကင်းထောက်ဖြစ်တဲ့အခါ ဒီကျင့်ဝတ် ၁၀ ချက်ကို တတ်နိုင်သမျှ စောင့်ထိန်းနိုင်ခဲ့တယ်။ မဝင်းကြည်တို့ လောက်တော့ ကျွန်မ အဆင့်မမြင့်ခဲ့ဘူး။ တက္ကသိုလ်မှာ ကျွန်မ ရိန်းဂျား မဖြစ်ခဲ့ဘူး။ ကျွန်မကတော့ Girl Guide ပဲ ဖြစ်ခဲ့တယ်၊ ဒါပေမယ့် ကျွန်မတို့ရဲ့ ခေါင်းဆောင်က ဒီစိတ်ဓာတ်ကို အမြဲသွင်းပေးနေတဲ့အတွက် ဒီနေ့အထိ ကျင့်ဝတ် ၁၀ ချက်ကို ကျွန်မက ထိန်းသိမ်းလို့ရတယ်လို့ ယုံကြည်တယ်။

အမြဲစိတ်ကောင်း စေတနာကောင်းထားတယ်၊ သူများကို သနားတယ်၊ ကူညီချင်တယ်ဆိုတဲ့ စိတ်ဓာတ်တွေ၊ အများနဲ့ ပေါင်းသင်းဆက်ဆံတဲ့ အခါမှာလည်း အတော်ကို အလျှော့ပေး ဆက်ဆံတတ်သွားတယ်။ အတ္တစိတ်မရှိဘူး၊ ပေးကမ်းချင်တယ်၊ အဲဒီလိုမျိုး ဆိုတော့ ကင်းထောက်ဖြစ်ရတာ အင်မတန် ကောင်းပါတယ်။

ကျွန်မ ယုံကြည်တာကတော့ ကိုယ်နဲ့စတယ်၊ ကိုယ့်အသိုင်းအဝိုင်းကို အကျိုးပြုသွားတယ်၊ ပြီးတဲ့အခါ ကိုယ့်နိုင်ငံကို အကျိုးပြုသွားတယ်၊ နိုင်ငံရဲ့ ခေါင်းဆောင်ကောင်း ဖြစ်သွားမယ်လို့ ထင်တယ်။ ဒါ့ကြောင့် အမြဲပြောဖြစ်တယ်။ ဒေါ်အောင်ဆန်းစုကြည်က ကျွန်မ သူငယ်ချင်းလည်း သူငယ်ချင်း၊ သူအခု လုပ်ကိုင်နေတာ အားလုံးဟာ ကင်းထောက်စိတ်နဲ့ လုပ်ကိုင်နေတာ ဖြစ်ပါတယ်။ အဲဒီတော့ ကင်းထောက်ဖြစ်ရခြင်းဟာ အင်မတန်မှ အကျိုးရှိပါတယ်။

**အစီအစဉ်မှူး ။** ။ **ကင်းထောက် ကျင့်ဝတ်နဲ့ ပတ်သက်ပြီးတော့လည်း ဆက်လက် ပြောပြပေးပါဦး။**

**ဒေါ်ခင်စောဥမ္မာ ။** ။ ကျွန်မကလည်း ကင်းထောက်ကျင့်ဝတ်ထဲက အချက် ၃ ချက်လောက်ကို ကိုယ်တွေ့အနေနဲ့ ပြောကြားချင်ပါတယ်။

*စာမျက်နှာ ၁၉ သို့*

> **“ကမ္ဘာ့ကင်းထောက် အမျိုးသမီးအဖွဲ့လို့ ပြောလိုက်ရင် ကမ္ဘာမှာရှိတဲ့ အမျိုးသမီးငယ်တွေအတွက် အကြီးဆုံးအဖွဲ့ အစည်းလို့ ပြောကြပါတယ်။ နိုင်ငံ ၁၅၀ က အဖွဲ့ဝင် ၁၀ သန်းကျော်ပါတယ်။ ဒီလို ကမ္ဘာ့အကြီးဆုံး အမျိုးသမီး အဖွဲ့အစည်းတစ်ခုမှာ ပါဝင်ရတဲ့အတွက် ဂုဏ်ယူပါတယ်”**

## သီတဂူဆရာတော်ကြီးအစီအစဉ်ဖြင့် ကျိုင်းတုံမြို့၌ မျက်စိရောဂါဝေဒနာရှင်များအား အခမဲ့ကုသပေး

**ကျိုင်းတုံ မတ် ၂**

ရှမ်းပြည်နယ် အရှေ့ပိုင်းအတွင်းရှိ မျက်စိဝေဒနာရှင် ပြည်သူများအား အခမဲ့မျက်စိကုသပေးခြင်းကို သီတဂူဆရာတော်ကြီး အစီအစဉ်ဖြင့် ဝိသာခါဖောင်ဒေးရှင်းနှင့် Medi Myanmar Group Ltd တို့ ပူးပေါင်း၍ ပြည်တွင်းပြည်ပမျက်စိအထူးကုဆရာဝန်ကြီးများက ကျိုင်းတုံမြို့ အမှတ်(၃) တပ်မတော်ဆေးရုံ ခုတင် ၃၀၀ ၌ ဖေဖော်ဝါရီ ၂၉ ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ခွဲစိတ်ကုသခြင်းကို သီတဂူဆရာတော်ကြီး ဒေါက်တာ အရှင်ဉာဏိဿရ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်လှိုင်နှင့် တာဝန်ရှိသူများက မျက်စိဝေဒနာရှင် ပြည်သူများအား မတ် ၁ ရက်က သွားရောက်ကြည့်ရှု အားပေးခဲ့ပြီး ကုသသူ နှစ်ထောင်ကျော်ရှိကာ မတ် ၃ရက်အထိ မျက်စိဝေဒနာရှင်များအား လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။



**(အပေါ်ပုံ)** လာရောက် မျက်စိခွဲစိတ်

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## မူဆယ်မြို့၌ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ရန် ဟိုက်ပိုကလိုရိုက် ပိုးသတ်ဆေးဖျန်း

**မူဆယ် မတ် ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တရုတ်နိုင်ငံ ကျယ်ဂေါင်ဘက်မှ မူဆယ်မြို့သို့ ဝင်ရောက်လာသည့် ကုန်တင်ယာဉ်များနှင့် သုံးဘီးများကို ဖေဖော်ဝါရီ ၂၈ ရက်မှစ၍ ဟိုက်ပို ကလိုရိုက် ပိုးသတ်ဆေးဖျန်းခြင်းများ စတင်လုပ်ဆောင်နေကြောင်း သိရသည်။

မူဆယ်မြို့နယ်အတွင်းသို့ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှိုင်စိုးသန့်၏ ညွှန်ကြားမှုဖြင့် ဌာနဆိုင်ရာများနှင့် ပရဟိတအသင်းအဖွဲ့များ ပူးပေါင်းပါဝင်ကြသည့် ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ (မူဆယ်)ကို ဖွဲ့စည်းထားပြီးနောက် ကော်မတီက ဦးဆောင်၍ ပိုးသတ်ဆေးဖျန်းခြင်းကို ဆောင်ရွက်နေခြင်းဖြစ်သည်။**(အောက်ပုံ)**



ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်သော သိကောင်းစရာများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရန်၊ နှစ်နိုင်ငံ နယ်စပ်ဂိတ်များ၌ ကျန်းမာရေး စစ်ဆေးခြင်းများ ပူးပေါင်းဆောင်ရွက်ရန်၊ သံသယလူနာများတွေ့ရှိပါက အထက်ဌာနအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ရန်၊ ကျန်းမာရေးစစ်ဆေးမှုများကို ကြပ်မတ်ဆောင်ရွက်ရန်နှင့် စောင့်ကြည့်လူနာများ၏ ကျန်းမာရေးစစ်ဆေးချက်များနှင့် ထူးခြားဖြစ်စဉ်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားရန် စသည့် ရည်ရွယ်ချက်များဖြင့် ကိုရိုနာဗိုင်းရပ်စ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ(မူဆယ်)ကို ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများပေါင်းစပ်ညှိနှိုင်းရေးကော်မတီ(မူဆယ်)က ဦးဆောင်ကာ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး မူဆယ်မြို့ မန့်ဝိန်းဂိတ်၌ ယာဉ်များကို ဟိုက်ပိုကလိုရိုက် ပိုးသတ်ဆေးဖျန်းခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူများထံသို့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု မရှိစေရေးအတွက် လိုအပ်သော ကြိုတင်ကာကွယ်မှုများကိုလည်း အရှိန်အဟုန်မြှင့်တင်ပြီး ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

## ပန်းတနော်မြို့ သမိုင်းဝင်ရွှေမြင်တင် စေတီတော်မြတ် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်လှစ်

**ပန်းတနော် မတ် ၂**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ရှေးဟောင်းသမိုင်းဝင် ရွှေမြင်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရွှေမြင်တင်စေတီတော်မြတ်ကြီး၏ မုခ်ဦးရှေ့၌ ကျင်းပသည်။

ဖွင့်ပွဲကို မြို့နယ်သာသနာရေးဦးစီးမှူး၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် အလှူရှင်များက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ အလှူရှင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နေပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အေးချမ်းအောင်(ပန်းတနော်)**

## နတ်မောက်မြို့ အောင်ဆန်းအထက(၃)တွင် ကျောင်းဆောင်သစ် ပန္နက်တင်အခမ်းအနားကျင်းပ

**နတ်မောက် မတ် ၂**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အောင်ဆန်းရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်း အထိမ်းအမှတ် အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း အလျားပေ၁၇၀၊ အနံ ပေ ၃၀ အာစီသုံးထပ်ကျောင်းဆောင်အသစ်တည်ဆောက်မည့် မြေနေရာ၌ ယနေ့နံနက်ပိုင်းက ဆရာတော်သံဃာတော်အရှင်သူမြတ်များက အန္တရာယ်ကင်းမြေသန့်မင်္ဂလာရွတ်ဖတ်ခြင်းနှင့် ပန္နက်တင်အခမ်းအနားကို ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်ဦးယုဇန၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်တင်လင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်၊ အလှူရှင် Myanmar Land Co.,Ltd.မှ အင်ဂျင်နီယာ ဒေါ်ကေကေခိုင်၊ မြို့နယ်ပညာရေးမှူး ဦးကျော်စိုးဝင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းဦးတို့က ပန္နက်တော်များ စိုက်ထူခဲ့ကြကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

## သဲကုန်းမြို့နယ်၌ နွေစပါး စိုက်ပျိုးမှု ကွင်းသရုပ်ပြ

**သဲကုန်း မတ် ၂**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ ယနေ့နံနက်ပိုင်းက တောင်သူလယ်သမားနေ့အထိမ်းအမှတ်အဖြစ် နွေစပါး စိုက်ပျိုးမှု ကွင်းသရုပ်ပြပွဲကို သဲကုန်းမြို့နယ် ရုံးပင်တက်ကျေးရွာအုပ်စု ဖားစမ်းကန်ကျေးရွာနေ တောင်သူ ဦးသန်းအောင် ပိုင်ဆိုင်သော ကွင်းအမှတ်(၈၈၉) တွင် ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းနိုင်ဆွေ၊ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်လေ့လာခဲ့သည်။

အဆိုပါ နွေစပါး နည်းစနစ် မှန်ကန်စွာစိုက်ပျိုးခြင်းအားဖြင့် မျိုးစပါးစရိတ် အကုန်အကျသက်သာခြင်း၊ တစ်ဧက စပါးအထွက်နှုန်း ကောင်းမွန်ခြင်း၊ ဆန်နီပါဝင်မှု လျော့နည်းခြင်းနှင့် အထွက်နှုန်းများများ ထွက်ပြီး ကုန်ကျစရိတ်သက်သာကြောင်း စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိထံမှ သိရသည်။

**နိုင်လင်း(ပြန်/ဆက်)**

သစ်ပင်နည်းလာ၊ တို့ကမ္ဘာ    လွန်စွာပူအေး၊ ဥတုဘေး

*စာမျက်နှာ ၁၈ မှ*

တစ်ခုကတော့ အနစ်နာခံတာ ဖြစ်ပါတယ်။ ကျွန်မ ဆရာမဘဝတုန်းက ကျောင်းမှာ အစ်မကြီး ဒေါ်တင်လှကြည်နဲ့ ဆုံခဲ့ပါတယ်။ ဒါပေမယ့် နှစ်ပေါင်းများစွာ မတွေ့ခဲ့ကြဘဲ ကင်းထောက်တွေ့ဆုံပွဲမှာ ပြန်ပြီး တွေ့ဆုံရပါတယ်။ ပြီးတော့ ကံအားလျော်စွာပဲ အစ်မကြီးကို ကင်းထောက်ချုပ်၊ ကျွန်မကို ဒုတိယကင်းထောက်ချုပ်အဖြစ် တာဝန်ပေးအပ်တော့ ဒို့အတူပေါင်းဖက် ကျောချင်းကပ် ရင်ချင်းအပ် စိတ်တူကိုယ်တူ ကင်းထောက်လုပ်ငန်းတွေ အောင်မြင်ဖို့ ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ခဲ့ပါတယ်။ ပြတ်နေတဲ့ Generation ကို ကျွန်မတို့က ဆက်ပေးရပြီး သူတို့ကို ကျွန်မတို့က လက်လွှဲခဲ့ရဖို့ပါ။ အဲဒီအခါ ယူနီဖောင်းတွေ ရွေးတာကအစ စိတ်တူကိုယ်တူနဲ့ ကျွန်မက နောက်လိုက်ကောင်းပါ။ အစ်မကြီးရဲ့ လမ်းညွှန်မှုအောက်က အမိန့်နာခံပြီး ဆောင်ရွက်ပါတယ်။

နောက်တစ်ခုက ကျွန်မတို့ ကင်းထောက်ကျင့်ဝတ်ထဲမှာ ညီအစ်မအရင်းသဖွယ် ဖြစ်ရမယ်ဆိုတာလေးပါ။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ကင်းထောက်နာယကကြီးနဲ့ မန္တလေးက ကင်းထောက်အဖွဲ့တွေ တွေ့ဆုံပွဲကို စီစဉ်ကျင်းပ ပေးခဲ့ရပါတယ်။ အဲဒီလို ကျင်းပတဲ့အခါ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ ကျွန်မတို့ စင်ပေါ်မှာ စကားတွေ ပြောကြတယ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကင်းထောက်သီချင်းတစ်ပုဒ်ကို အစအဆုံး သီဆိုပြတယ်။ ကျွန်မ နားထောင်ရတာ အားမရပါဘူး။ လက်ထဲမှာလည်း ဖုန်းက မပါဘူး။ “မမရယ် ကျွန်မ ဖုန်းကလည်း မပါတော့ အသံသွင်း မထားရဘူးဆိုတော့၊ မမက ကိစ္စမရှိဘူးတဲ့၊ ဒါလေးကို ဆိုတတ်တဲ့ သူကို ဆိုခိုင်းပြီး ပို့ပေးမယ်” လို့ ကျွန်မကို ပြောလိုက်ပါတယ်။ ဒါ့ကြောင့် ကျွန်မ ဒီနေ့အထိ အဲဒီသီချင်းလေးကို စောင့်နေပါတယ်။

ဒီလို သီဆိုပြတယ်ဆိုတာ အစ်မကြီးက ကျွန်မတို့ကို ကင်းထောက်ညီအစ်မလို ချစ်ခင်လို့ သီဆိုပြတယ်ဆိုတာ လက်ခံ ယုံကြည်ပါတယ်။ နောက်တစ်ချက်က ကင်းထောက်ဆိုတာ လူတစ်ဖက်သားကို ကူညီတာ၊ ကျွန်မ အနီးဆုံး သာဓကပြပါဆိုရင် ကိုယ့်မိသားစုကိုပဲ ပြောပါမယ်။ ကျွန်မ အဖေရဲ့ အားပေးမှုနဲ့ မေမေကလည်း ကင်းထောက် ဖြစ်ခဲ့ပါတယ်။ အဲဒီခေတ်ကကို အတိုင်ပင်ခံကောင်စီဝင်ပါ။

ကျွန်မအစ်ကို အကြီးက စိန့်ဂျွန်းက Air Scout ပါ။ အစ်ကို အလတ်နဲ့ မောင်က စိန့်ပေါလ်က Sea Scout ပါ။ တစ်နှယ်ငင် တစ်စင်ပါ၊ ပြောရရင် ကျွန်မ အမျိုးသားက မြို့မကျောင်းရဲ့ Group Leader ပါ။ ယောင်းမကလည်း ကင်းထောက်ပါပဲ။ သားတွေ၊ သမီးတွေလက်ထက် ကင်းထောက်ပြတ်သွားတဲ့အချိန်မှာ တေဇ၊ လမ်းစဉ် လူငယ်အချိန် ဖြစ်သွားတယ်။ ဒါပေမယ့် ကင်းထောက်ပြန်ပေါ်လာတဲ့ အချိန်ကျတော့ ကျွန်မက ကင်းထောက်ဖြစ်တဲ့အတွက် တူမ ဆရာဝန်မလေးကိုလည်း ကင်းထောက်ဖြစ်စေခဲ့ပါတယ်။

ကျွန်မတို့ Generation လေးဆက်မြောက်ဖြစ်လာတဲ့အထိ စဉ်ဆက်မပြတ် ကျွန်မတို့ဟာ ကင်းထောက်တွေ ဖြစ်နေပါတယ်။ ဒါ့ကြောင့် ကျွန်မတို့ဟာ အိမ်မှာ ကင်းထောက်စိတ်ဓာတ်တွေ ရှိနေတယ်။ ကင်းထောက်စိတ်ဓာတ်က အရေးအကြီးဆုံးပါပဲ။

ကင်းထောက်အဖွဲ့တွေ ပြန်လည်ဖွဲ့စည်းတဲ့အခါ ကလေးတွေ ဖွဲ့စည်းတဲ့အတွက် မိခင်တွေက သူတို့လည်း ကင်းထောက် ဖြစ်ချင်ပါတယ်လို့ဆိုတဲ့အတွက် မိခင်တွေကိုပါ ဖွဲ့ပေးခဲ့ပါတယ်။ အိမ်ထောင်တစ်ခုမှာ အနည်းဆုံးတော့ သမီးကင်းထောက်၊ အမေ ကင်းထောက်တော့ ဖြစ်နေပါပြီ။ အိမ်ထောင်တစ်ခုမှာ ကင်းထောက်ပါလာမယ်၊ တစ်မြို့နယ်မှာ ကင်းထောက် ပါလာမယ်၊ တစ်တိုင်းပြည်လုံး ကင်းထောက်တွေ ဖြစ်လာကြမယ်ဆိုရင် ကင်းထောက်စိတ်ဓာတ်တွေရှိတဲ့ ကျွန်မတို့ အနာဂတ်လူငယ်တွေဟာ အင်မတန် စိတ်ထားမြင့်မြတ်ပြီး အကျင့်စာရိတ္တကောင်းသော၊ ခေါင်းဆောင်စိတ်ဓာတ်ရှိသော၊ ကူညီတတ်၊ အမိန့်နာခံတတ်၊ ပတ်ဝန်းကျင်ကို လေ့လာအကဲခတ်တတ်သော၊ ဘာသာတရားရှိသေကိုင်းရှိုင်းတတ်သော ကင်းထောက်စိတ်ဓာတ်နဲ့ ကြီးပြင်းလာကြမယ့်သူတွေက နိုင်ငံ့ခေါင်းဆောင်ကောင်းတွေ ဖြစ်လာမှာမို့ ဒါတွေက ကင်းထောက်ဖြစ်ရခြင်းရဲ့ အကျိုးရလဒ်တွေပဲလို့ ပြောချင်ပါတယ်။

**အစီအစဉ်မှူး ။ ။ ဒီနေ့စကားဝိုင်းကနေ ကင်းထောက်တွေ ထားရှိရမယ့် စိတ်ဓာတ်၊ ကျင့်ဝတ်၊ ကတိသစ္စာ ဒါတွေဟာ လူတစ်ဦးချင်းစီကနေ အဖွဲ့တစ်ခု၊ အဖွဲ့တစ်ခုက တစ်နိုင်ငံလုံးမှာရှိတဲ့ နိုင်ငံသူ နိုင်ငံသားတွေအထိ အပြန်အလှန် အကျိုးပြုနေတာကို တွေ့ရှိရတယ်၊ မှတ်သားရပါတယ်။ ကင်းထောက်စိတ်ဓာတ်တွေ၊ စောင့်စည်းရမယ့် ကျင့်ဝတ်သိက္ခာတွေနဲ့ ပတ်သက်ပြီးတော့ သိရှိအောင် ဆွေးနွေးပေးကြတဲ့ ဆရာမတွေ အားလုံးကို ကျေးဇူးတင်ပါတယ်လို့ ပြောကြားလိုပါတယ်။** ။

# လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

( ခ ) စွပ်စွဲခံရသူသည် အောက်ပါအတိုင်း ခုခံချေပနိုင်သည်-
(၁) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) အရ ၎င်းအနေဖြင့် လိမ်လည်အတုအပပြုရန် ရည်ရွယ်ချက် မရှိကြောင်း သို့မဟုတ်
(၂) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) အရ ၎င်းအနေဖြင့် ကုမ္ပဏီကိစ္စရပ်များ၏ အခြေအနေကို ထိမ်ချန်ထားရန် သို့မဟုတ် ဥပဒေကို ဆန့်ကျင်ရန် ရည်ရွယ်ချက် မရှိကြောင်း သို့မဟုတ်
(၃) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၃) အရ ၎င်းအနေဖြင့် လိမ်လည်လှည့်ဖြားရန် ရည်ရွယ်ချက် မရှိကြောင်း သို့တည်းမဟုတ် ကုမ္ပဏီကိစ္စရပ်များ၏ အခြေအနေမှန်ကို ထိမ်ချန်ထားရန် သို့မဟုတ် ဥပဒေကိုဆန့်ကျင်ရန် ရည်ရွယ်ချက် မရှိကြောင်း။

( ဂ ) တရားရုံးသည် ပုဒ်မခွဲ (က) အရ ပြစ်မှုကျူးလွန်သူအား ၁၀ နှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်းပြုလုပ်သည့် လုပ်ငန်းစဉ်တွင် ကျင့်ဝတ်ဖောက်ဖျက်မှု**

၂၁၅။ (က) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းနေစဉ် ကုမ္ပဏီ၏လက်ရှိ သို့မဟုတ် ယခင် အရာရှိတစ်ဦးသည် အောက်ပါတို့ကို ဆောင်ရွက်ခဲ့လျှင် ပြစ်မှုကျူးလွန်သည်ဟု မှတ်ယူရမည်-
(၁) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ စာဖြင့်ရေးသားတောင်းဆိုချက်အရ ကုမ္ပဏီပိုင်ဆိုင်မှုအားလုံး၏ အသေးစိတ်အချက်အလက်နှင့် စပ်လျဉ်းပြီး ကုမ္ပဏီက လုပ်ရိုးလုပ်စဉ် လုပ်ငန်းများအရ စီမံခန့်ခွဲခဲ့ခြင်းမှလွဲ၍ ကုမ္ပဏီ၏ ပိုင်ဆိုင်မှုများကို မည်သည့်နည်းဖြင့် မည်သူ့ထံ မည်သည့်အဖိုးစားနားနှင့် မည့်သည့်အချိန်က စီမံခန့်ခွဲခဲ့သည်ကို ပြည့်စုံမှန်ကန်စွာ မိမိတို့ သိရှိယုံကြည်သည့်အတိုင်း တင်ပြမှု မရှိခြင်း သို့မဟုတ်
(၂) ၎င်း၏ လက်ဝယ်တွင်ရှိသည့် သို့မဟုတ် ၎င်း၏ထိန်းသိမ်းမှု အောက်တွင်ရှိပြီး ဥပဒေအရ ၎င်းက လွှဲပြောင်းပေးအပ်ရန် တာဝန်ရှိသည့် ကုမ္ပဏီပစ္စည်း၏ မည်သည့် အပိုင်းကိုမဆို စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ သို့မဟုတ် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိက ညွှန်ကြားသည့်အတိုင်း လွှဲပြောင်းပေးအပ်မှုမရှိခြင်း သို့မဟုတ်
(၃) ကုမ္ပဏီက ပိုင်ဆိုင်ပြီး ၎င်း၏လက်ဝယ်တွင်ရှိသည့် သို့မဟုတ် ၎င်း၏ ထိန်းသိမ်းမှု သို့မဟုတ် ကြီးကြပ်မှု အောက်တွင်ရှိပြီး ဥပဒေအရ ၎င်းက လွှဲပြောင်းပေးအပ်ရန် တာဝန်ရှိသည့် စာအုပ်စာတမ်းများအားလုံးကို စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ညွှန်ကြားသည့်အတိုင်း လွှဲပြောင်းပေးအပ်မှုမရှိခြင်း သို့မဟုတ်
(၄) စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် တစ်ဦးတစ်ယောက်က မမှန်ကန်သည့် ကြွေးမြီ တစ်ရပ်အား တင်ပြတောင်းခံခဲ့သည်ကို သိလျက်နှင့် သို့မဟုတ် ယုံကြည်ရန် အကြောင်းရှိလျက်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ တတ်နိုင်သမျှ ဆောလျင်စွာ အကြောင်းကြားရန် ပျက်ကွက်ခြင်း သို့မဟုတ်
(၅) ကုမ္ပဏီပိုင်ပစ္စည်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် သို့မဟုတ် ကုမ္ပဏီအပေါ် အကျိုးသက်ရောက်စေသည့် စာအုပ်စာတမ်းတစ်စုံတစ်ရာ တင်ပြမှုကို ပိတ်ပင်တားဆီးခြင်း။

( ခ ) စွပ်စွဲခံရသူသည် အောက်ပါအတိုင်းခုခံချေပနိုင်သည်-
(၁) ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၁)၊ ပုဒ်မခွဲငယ် (၂) သို့မဟုတ် ပုဒ်မခွဲငယ် (၃) အရ ၎င်းအနေဖြင့် လိမ်လည်အတုအပပြုလုပ်ရန် ရည်ရွယ်ချက် မရှိကြောင်း၊
(၂) ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၅) အရ ၎င်းအနေဖြင့် ကုမ္ပဏီကိစ္စရပ်များ၏ အခြေအနေကို သိုဝှက်ထားရန် သို့မဟုတ် ဥပဒေကိုဆန့်ကျင်ရန် ရည်ရွယ်ချက်မရှိကြောင်း။

( ဂ ) တရားရုံးသည် ပုဒ်မခွဲ (က) အရ ပြစ်မှုကျူးလွန်သူအား ၃ နှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**မြီရှင်များအား မမှန်မကန် တင်ပြခြင်း**

၂၁၆။ (က) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆောင်ရွက်နေစဉ်အတွင်း ကုမ္ပဏီ၏ လက်ရှိ သို့မဟုတ် ယခင်က အရာရှိသည် မမှန်မကန်တင်ပြမှုပြုလုပ်ခြင်း သို့မဟုတ် ကုမ္ပဏီ၏ကိစ္စရပ်များ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့်သက်ဆိုင်သည့် သဘောတူညီချက်တစ်ရပ် ရရန်အလို့ငှာ တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသည့် မြီရှင်များကို မမှန်မကန် တင်ပြခြင်း သို့မဟုတ် လိမ်လည်ခြင်းပြုလျှင် ဤပုဒ်မအရ ပြစ်မှုကို ကျူးလွန်ရာရောက်သည်။

( ခ ) တရားရုံးသည် ပုဒ်မခွဲ (က) အရ ပြစ်မှုကျူးလွန်သူအား ၇ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ် နိုင်သည်။

**ဒါရိုက်တာများနှင့် အရာရှိများကို အရေးယူခြင်း၊ တာဝန်မဲ့သော ဒါရိုက်တာများ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ စသည်တို့အပေါ် တာဝန်တင်ရှိစေခြင်း**

၂၁၇။ (က) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းနေစဉ်အတွင်း ကုမ္ပဏီ၏ အရာရှိအဖြစ် ဆောင်ရွက်နေသူဖြစ်စေ၊ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်စေ၊ ပြန်လည်ထူထောင်ရေးမန်နေဂျာဖြစ်စေ၊ ပြန်လည်ထူထောင်ရေးအကြံပေးဖြစ်စေ၊ ပစ္စည်းထိန်းအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်စေ၊ ဆောင်ရွက်နေသူဖြစ်စေ ကုမ္ပဏီ၏ ငွေကြေးတစ်စုံရပ်ရပ် သို့မဟုတ် အခြားပစ္စည်းနှင့်စပ်လျဉ်း၍ အလွဲအသုံးပြုခဲ့လျှင် သို့မဟုတ် လက်ရှိရယူထားခဲ့လျှင် သို့မဟုတ် တာဝန်တင်ရှိလာလျှင် မလျော်မကန်ဆောင်ရွက်ခြင်းဖြင့် ကုမ္ပဏီနှင့်စပ်လျဉ်း၍ ယုံမှတ်အပ်နှံခံရသည့် တာဝန်တစ်ရပ်ရပ် သို့မဟုတ် အခြား တာဝန်တစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း ပေါ်ပေါက်လျှင် ဤပုဒ်မနှင့် သက်ဆိုင်စေရမည်။

( ခ ) ပုဒ်မခွဲ (က) တွင် ရည်ညွှန်းထားသည့် ကုမ္ပဏီနှင့်စပ်လျဉ်း၍ မလျော်မကန် ဆောင်ရွက်ခြင်း သို့မဟုတ် ယုံမှတ်အပ်နှံခံရသည့် တာဝန်တစ်ခုခု သို့မဟုတ် အခြားတာဝန်တစ်ခုခုကို ချိုးဖောက်ခြင်းဆိုရာတွင် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်စေ၊ ပြန်လည်ထူထောင်ရေးမန်နေဂျာဖြစ်စေ၊ ပြန်လည်ထူထောင်ရေးအကြံပေးဖြစ်စေ၊ ပစ္စည်းထိန်းအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်စေ၊ ဆောင်ရွက်နေသူဖြစ်စေ ကုမ္ပဏီ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်းနှင့် သက်ဆိုင်နေသည့် မလျော်မကန်ဆောင်ရွက်ခြင်း သို့မဟုတ် ယုံမှတ်အပ်နှံခံရသည့် တာဝန်တစ်ရပ်ရပ် သို့မဟုတ် အခြားတာဝန် တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်းတို့လည်း အကျုံးဝင်စေရမည်။

( ဂ ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် မြီရှင်တစ်ဦးဦး သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးက လျှောက်ထားလာလျှင် တရားရုံးသည် ပုဒ်မခွဲ (က) အတွင်း ကျရောက်သည့် ပုဂ္ဂိုလ်၏ လုပ်ငန်းဆောင်ရွက်ချက်ကို စစ်ဆေးနိုင်ပြီး ထိုသူကို အောက်ပါအတိုင်း အတင်းအကျပ်ပြုနိုင်သည်-
(၁) သင်တင့်မျှတသည်ထင်သည့် အတိုးနှုန်းဖြင့် ငွေကြေး သို့မဟုတ် ပစ္စည်း သို့မဟုတ် ယင်း၏ အစိတ်အပိုင်း တစ်ခုခုကို ပြန်ပေးရန်၊ မူလအတိုင်း ပြန်လည်ထားရှိစေရန် သို့မဟုတ် စာရင်းရှင်းလင်း တင်ပြစေရန် သို့မဟုတ်
(၂) မလျော်မကန်ဆောင်ရွက်မှု သို့မဟုတ် ယုံမှတ်အပ်နှံခံရသည့် တာဝန်တစ်ရပ်ရပ် သို့မဟုတ် အခြားတာဝန်ကို ချိုးဖောက်မှုနှင့်စပ်လျဉ်း၍ လျော်ကြေးအဖြစ် သင့်တင့်မျှတသည် ထင်သည့်ငွေကြေးကို ကုမ္ပဏီပိုင်ပစ္စည်းစာရင်းသို့ ပေးသွင်းစေရန်။

(ဃ) ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဆောင်ရွက်ခဲ့သူအပေါ် လျှောက်ထားချက်များကို ယင်းလုပ်ငန်းတာဝန်များကို စွန့်လွှတ်ခဲ့ပြီးနောက် တရားရုံး၏ ခွင့်ပြုချက်မှတစ်ပါး ပုဒ်မခွဲ (ဂ) အရ လျှောက်ထားပိုင်ခွင့် မရှိစေရ။

( င ) ကြွေးမြီဆပ်ရသူတစ်ဦးသည် ပုဒ်မခွဲ (ဂ) အရ လျှောက်ထားပိုင်ခွင့်ကို တရားရုံး၏ ခွင့်ပြုချက်ဖြင့်သာ ကျင့်သုံးနိုင်သည်။ ထိုလျှောက်လွှာအပေါ် ချမှတ်မည့် တရားရုံး၏ အမိန့်သည် ၎င်းအတွက် အကျိုးမဖြစ်ထွန်းစေနိုင်သည့်တိုင် အထက်ပါအတိုင်း လျှောက်ထားပိုင်ခွင့်ကို ကျင့်သုံးနိုင်သည်။

**လိမ်လည်လှည့်ဖြားသော ကုန်သွယ်ခြင်း**

၂၁၈။ ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းနေစဉ် ကုမ္ပဏီ၏လုပ်ငန်းတစ်ခုခုသည် ကုမ္ပဏီ၏မြီရှင်များ သို့မဟုတ် အခြားမြီရှင်များ သို့မဟုတ် အခြားသူတစ်ဦးဦးကို လိမ်လည်လှည့်ဖြားရန် ရည်ရွယ်၍ သို့မဟုတ် လှည့်ဖြားလိုသော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း ပေါ်ပေါက်ပါက စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ၏ လျှောက်ထားမှုအပေါ်တွင် တရားရုံးသည် အထက်ဖော်ပြပါ ဆောင်ရွက်နေသည့် လုပ်ငန်းကိုသိလျက်နှင့် ပါဝင်လုပ်ဆောင်နေသူများအား ကုမ္ပဏီပိုင်ပစ္စည်းစာရင်းသို့ သင့်လျော်သည်ဟု ယူဆသည့်ငွေကြေးအား ပေးသွင်းစေရန် တာဝန်ရှိကြောင်း အမိန့်ချမှတ်နိုင်သည်။

**မှားယွင်းကုန်သွယ်ခြင်း**

၂၁၉။ (က) အကယ်၍-
(၁) ကုမ္ပဏီတစ်ခုသည် ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းမှအပ အခြားနည်းဖြင့် ဖျက်သိမ်းခြင်းဖြစ်သည့်အပြင်၊
(၂) ကုမ္ပဏီတစ်ခုအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း မစတင်မီ အချိန်ကာလတစ်ခုအတွင်း ဒါရိုက်တာတစ်ဦးသည် ကုမ္ပဏီမှာ ကြွေးမြီ မပေးဆပ်နိုင်၍ စာရင်းရှင်းလင်း ဖျက်သိမ်းမှုသို့ ရောက်ရှိသွားခြင်းကို ရှောင်ရှားနိုင်ရန် အလားအလာများ မရှိကြောင်း သိရှိခဲ့လျှင် သို့မဟုတ် ထိုသို့ဖြစ်တန်ရာသည်ကို သိခဲ့လျှင် တရားရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လျှောက်ထားချက်အရ ကုမ္ပဏီပိုင်ပစ္စည်း စာရင်းသို့ သင့်လျော်သည်ဟု ယူဆသည့်ငွေကြေးအား ပေးသွင်းစေရန် တာဝန်ရှိကြောင်း ထိုသူအပေါ် အမိန့်ချမှတ်နိုင်သည်။

( ခ ) ကြွေးမြီ မပေးဆပ်နိုင်၍ ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို ရှောင်ရှားနိုင်ရန် ကျိုးကြောင်းဆီလျော်သည့် အလားအလာများမရှိကြောင်း သိရှိခဲ့သည့်အချိန် သို့မဟုတ် ထိုသို့ဖြစ်တန်ရာကို သိခဲ့ရသည့်အချိန်တွင် တစ်ဦးတစ်ယောက်သည် ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည့်အတိုင်း ကုမ္ပဏီ၏ မြီရှင်များအတွက် ဆုံးရှုံးနိုင်ဖွယ် အလားအလာများကို အနည်းဆုံးဖြစ်စေရန် ရည်ရွယ်၍ တတ်နိုင်သမျှဆောင်ရွက်ခဲ့ကြောင်း တရားရုံးက ယုံကြည်ကျေနပ်လျှင် ထိုသူနှင့်ပတ်သက်၍ အမိန့်ချမှတ်ခြင်း မပြုရ။

( ဂ ) ပုဒ်မခွဲ(က)နှင့် (ခ) တို့ပါ ပြဋ္ဌာန်းချက်များအလို့ငှာ ကုမ္ပဏီ၏ဒါရိုက်တာက သိရှိသင့် သို့မဟုတ် သေချာစေရန် စိစစ်သင့်သည့် အကြောင်းခြင်းရာများ၊ ၎င်းအနေဖြင့် ချမှတ်သင့်သည့် ဆုံးဖြတ်ချက်များနှင့် ထိုသို့သိရှိရန် သို့မဟုတ် သေချာစေရန် စိစစ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များသည် သာမန်လုံ့လဝီရိယရှိသူတစ်ဦးအနေဖြင့် သိရှိနိုင်မည့် သို့မဟုတ် သေချာစေရန် စိစစ်ရမည့် သို့မဟုတ် ရောက်ရှိရမည့် သို့မဟုတ် အရေးယူဆောင်ရွက်မည့် အကြောင်းအရာများ ဟုတ် မဟုတ်ကို စဉ်းစားရာတွင် ၎င်းက ဆောင်ရွက်သင့်သည့် လုပ်ငန်းအဆင့်များသည် အောက်ပါလုပ်ငန်းဆိုင်ရာ အရည်အချင်းများရှိသည့် လုံ့လဝီရိယရှိသူတစ်ဦးက သိရှိမည့် သို့မဟုတ် သေချာအောင် လေ့လာစိစစ်ရမည့် သို့မဟုတ် ရောက်ရှိရမည့် သို့မဟုတ် အရေးယူဆောင်ရွက်မည့် အကြောင်းအရာများဖြစ်သည်-
(၁) ကုမ္ပဏီဒါရိုက်တာတစ်ဦးမှ ဆောင်ရွက်သည့်လုပ်ငန်းတာဝန်များကို သာမန် ဆင်ခြင်တတ်သူတစ်ဦးက ထမ်းဆောင်ပါလျှင် ရရှိလာနိုင်မည့် အထွေထွေဗဟုသုတ၊ ကျွမ်းကျင်မှုနှင့်အတွေ့အကြုံ၊
(၂) ထိုဒါရိုက်တာတွင်ရှိသည့် အထွေထွေဗဟုသုတ၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံ။

**ကုမ္ပဏီအမည် ပြန်လည်အသုံးပြုမှုကို ကန့်သတ်ခြင်း**

၂၂၀။ (က) ကုမ္ပဏီတစ်ခုသည်ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက် ဖျက်သိမ်းခြင်း မဟုတ်သော နည်းလမ်းဖြင့် စာရင်းရှင်းလင်းဖျက်သိမ်းနေခြင်းဖြစ်လျှင် သို့တည်းမဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းပြီးဖြစ်လျှင် ထိုစာရင်းရှင်းလင်းဖျက်သိမ်းသည့် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်ဆောင်ရွက်သည့်နေ့ရက်မတိုင်မီ ၁၂ လ ကာလအတွင်း မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့သူနှင့် ဤပုဒ်မသည် သက်ဆိုင်စေရမည်။

( ခ ) ဤပုဒ်မအလို့ငှာ အမည်တစ်ခုသည် အောက်ပါအချက်များအတွင်း အကျုံးဝင်လျှင် ထိုပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ တားမြစ်ထားသည့်အမည် ဖြစ်စေရမည်-
(၁) ၁၂ လ ကာလအတွင်း မည်သည့်အချိန်၌မဆို စာရင်းရှင်းလင်းဖျက်သိမ်းသည့် ကုမ္ပဏီအဖြစ် အများသိရှိပြီးဖြစ်သည့်အမည်၊
(၂) ထိုကုမ္ပဏီနှင့် တွဲဖက်လုပ်ကိုင်သည့် အဖွဲ့အစည်း သို့မဟုတ် ထိုကုမ္ပဏီမှ ဆောင်ရွက်သည့် မည်သည့် လုပ်ငန်းကိုမဆို အသုံးပြုပြီး ပုဒ်မခွဲ (ခ) ပုဒ်မခွဲငယ် (၁) အတွင်း ကျရောက်သည့်အမည်နှင့် ဆင်တူယိုးမှားဖြစ်သည့် အမည်။

( ဂ ) တရားရုံး၏ခွင့်ပြုချက်အရမှတစ်ပါး ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းမှု စတင် ဆောင်ရွက်သည့်နေ့ရက်မှစ၍ ၅ နှစ်တာကာလအတွင်း မည်သည့်အချိန်တွင်မဆို ဤပုဒ်မနှင့် သက်ဆိုင်သူသည် -
(၁) တားမြစ်ထားသည့်အမည်ဖြင့် အများသိရှိသော အခြားကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ မဖြစ်စေရ သို့မဟုတ်
(၂) မည်သည့်နည်းနှင့်မဆို တားမြစ်ထားသည့်အမည်ဖြင့် အများသိရှိသော ကုမ္ပဏီ၏ လုပ်ငန်းတိုးချဲ့ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းပြုရာတွင် တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်း သို့မဟုတ် သက်ဆိုင်ခြင်း မရှိစေရ သို့မဟုတ်
(၃) မည်သည့်နည်းနှင့်မဆို တားမြစ်ထားသည့်အမည်ဖြင့် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရာတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်း သို့မဟုတ် သက်ဆိုင်ခြင်း မရှိစေရ။

(ဃ) မည်သူမဆို ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ ဆောင်ရွက်ပါက ထိုသူအား ၂ နှစ် အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

**အကျင့်ပျက်မှုကို စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်း**

**တာဝန်မဲ့သော အရာရှိများနှင့် ကုမ္ပဏီတွင်ပါဝင်သူများကို တရားစွဲဆိုခြင်း**

၂၂၁။ (က) ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းသည့် လုပ်ငန်းစဉ်အတွင်း ကုမ္ပဏီ၏ ယခင် သို့မဟုတ် လက်ရှိအရာရှိတစ်ဦးဦး သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးသည် ကုမ္ပဏီနှင့် စပ်လျဉ်း၍ ရာဇဝတ်မှုတစ်ခုခုနှင့် ငြိစွန်းကြောင်း ပေါ်ပေါက်ပါက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မှတ်ပုံတင်အရာရှိထံ လွှဲအပ်တင်ပို့နိုင်သည်။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မှတ်ပုံတင်အရာရှိမှ တောင်းခံသော အချက်အလက်များနှင့် လိုအပ်သည့်စာရွက်စာတမ်းများ ရရှိနိုင်မည့် နည်းလမ်းများကို ကူညီပံ့ပိုးပေးရန်နှင့် ထိုစာရွက်စာတမ်းများကို စစ်ဆေးခြင်းနှင့် မိတ္တူကူးယူလိုပါက လိုအပ်သလို ကူညီဆောင်ရွက်ပေးရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် ဤပုဒ်မအရ အရေးယူဆောင်ရွက်ရာတွင် ၎င်းကိုယ်တိုင် ဆောင်ရွက်နိုင်သည် သို့မဟုတ် လက်အောက်ရှိ အရာရှိတစ်ဦးဦးကို တာဝန်ပေးအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ အစီရင်ခံတင်ပြသည့်အခါ သို့မဟုတ် လွှဲအပ်တင်ပို့လာသည့်အခါ မှတ်ပုံတင်အရာရှိသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်ကို တောင်းခံနိုင်သည်။

**ပုဒ်မ ၂၂၁အရ ပေါ်ပေါက်သည့် တာဝန်များ**

၂၂၂။ (က) ပုဒ်မ ၂၂၁ အရ အရေးယူဆောင်ရွက်သည့် ရာဇဝတ်မှု၌ တရားခံအဖြစ် မပါဝင်သော စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၊ ကုမ္ပဏီ၏ ယခင်နှင့် လက်ရှိအရာရှိတိုင်းနှင့် ကုမ္ပဏီ၏ ကိုယ်စားလှယ်တို့သည် တရားစွဲဆိုမှုနှင့် စပ်လျဉ်းသော ကျိုးကြောင်းဆီလျော်စွာ ပေးအပ်နိုင်စွမ်းရှိသည့် ကူညီပံ့ပိုးမှုအားလုံးကို မှတ်ပုံတင်အရာရှိထံသို့ ပေးအပ်ရန် တာဝန်ရှိစေရမည်။

(ခ) ပုဒ်မခွဲ (က) အလို့ငှာ ကိုယ်စားလှယ်ဆိုသည့်စကားရပ်တွင် ကုမ္ပဏီ၏ ဘဏ်လုပ်ငန်းရှင် သို့မဟုတ် ဥပဒေအကြံပေး ရှေ့နေတစ်ဦးဦးနှင့် ကုမ္ပဏီ၏ အရာရှိဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ စာရင်းစစ်အဖြစ် ကုမ္ပဏီက ခန့်အပ်ထားသည့်သူတစ်ဦးဦးပါဝင်သည်။

**အခန်း(၉)**

**ကြွေးမြီပေးဆပ်ရသူများ**

**လက်ရှိ သို့မဟုတ် ယခင်က ကုမ္ပဏီတွင် ပါဝင်သူများ၏ ကြွေးမြီပေးဆပ်ရန် တာဝန်ရှိမှု**

၂၂၃။ (က) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် လက်ရှိ သို့မဟုတ် ယခင်က ကုမ္ပဏီတွင် ပါဝင်သူအားလုံးသည် ကုမ္ပဏီ၏ ကြွေးမြီနှင့် တာဝန်ရှိမှုများ၊ ကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များအား ပေးချေရာတွင် ငွေကြေးလုံလောက်မှု ရှိစေရန်နှင့် ကြွေးမြီပေးဆပ်ရသူများအကြား အခွင့်အရေးများကို ညှိနှိုင်းဆောင်ရွက်ရန်အတွက် အောက်ပါသတ်မှတ်ချက်များကို လိုက်နာစေလျက် ကုမ္ပဏီပိုင်ပစ္စည်းစာရင်းသို့ ထည့်ဝင်ပေးဆပ်ရန် တာဝန်ရှိစေရမည် –

(၁) ယခင်က ကုမ္ပဏီတွင် ပါဝင်သူသည် –

(ကက) စာရင်းရှင်းလင်းဖျက်သိမ်းခြင်း မစတင်မီ တစ်နှစ်ထက်ကျော်လွန်သော ကာလအတွင်း ကုမ္ပဏီတွင် ပါဝင်သူအဖြစ်မှ ရပ်စဲခဲ့လျှင် ကြွေးမြီ ပေးဆပ်ရန်အတွက် တာဝန် မရှိစေရ၊

(ခခ) ကုမ္ပဏီတွင် ပါဝင်သူအဖြစ်မှ ရပ်စဲခဲ့ပြီး နောက်ပိုင်း၌ ဖြစ်ပေါ်လာသည့် ကြွေးမြီ သို့မဟုတ် တာဝန်ရှိမှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ကြွေးမြီပေးဆပ်ရန် တာဝန် မရှိစေရ၊

(ဂဂ) ဤဥပဒေအရ ကုမ္ပဏီတွင် လက်ရှိပါဝင်သူများက ၎င်းတို့ ပေးဆပ်ရန်ဖြစ်သော ကြွေးမြီကို ပေးဆပ်နိုင်ဖွယ်မရှိကြောင်း တရားရုံးက တွေ့ရှိခဲ့လျှင် ကုမ္ပဏီတွင် ယခင်က ပါဝင်ခဲ့သူတစ်ဦးသည် ကြွေးမြီပေးဆပ်ရာတွင် တာဝန်ရှိစေရမည်။

(၂) အစုရှယ်ယာဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီတွင် လက်ရှိပါဝင်နေသူ သို့မဟုတ် ယခင်က ပါဝင်ခဲ့သူတစ်ဦးအဖြစ် တာဝန်ရှိသည့် အစုရှယ်ယာများအတွက် ပေးချေရခြင်း မရှိသေးသော ငွေပမာဏထက်ပိုမိုသော ငွေပမာဏကို ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးထံမှ ကြွေးမြီပေးဆပ်ရန်အတွက် ရယူခြင်း မရှိစေရ၊

(၃) အာမခံဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတွင် ယင်းကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါ ကုမ္ပဏီပိုင်ပစ္စည်းစာရင်းသို့ ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးက ထည့်ဝင်ရန် တာဝန်ယူထားသည့် ပမာဏထက်ပို၍ ၎င်းထံမှ ကြွေးမြီပေးဆပ်ရန်အတွက် ရယူခြင်း မရှိစေရ၊

(၄) ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးဦးသို့ ပေးချေရမည့် အမြတ်ဝေစု၊ အကျိုးအမြတ် သို့မဟုတ် အခြားသောငွေကြေးစသည်ကဲ့သို့သော ငွေပမာဏတစ်ခုနှင့် စပ်လျဉ်း၍ ၎င်းနှင့် ကုမ္ပဏီတွင် ပါဝင်သူမဟုတ်သည့် အခြားမြီရှင်တစ်ဦးဦးအကြား ဖြစ်ပေါ်လာသည့်ကိစ္စတွင် ထိုငွေပမာဏကို ထိုကုမ္ပဏီတွင် ပါဝင်သူသို့ ကုမ္ပဏီကပေးချေရမည့် ကြွေးမြီအဖြစ် မှတ်ယူခြင်းမရှိစေရ၊ သို့ရာတွင် ထိုငွေပမာဏကို ကြွေးမြီပေးဆပ်ရသူများအကြား ၎င်းတို့၏ အခွင့်အရေးများကို နောက်ဆုံးညှိနှိုင်း ဆောင်ရွက်ရန်အလို့ငှာ ထည့်သွင်းစဉ်းစားနိုင်သည်။

(ခ) အစုရှယ်ယာ မတည်ငွေရင်းပါရှိသည့် ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းပြုရာတွင် ထိုကုမ္ပဏီတွင် ပါဝင်သူအားလုံးသည် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသဖြင့် ကုမ္ပဏီပိုင်ပစ္စည်းစာရင်းသို့ ၎င်းကထည့်ဝင်ရန် တာဝန်ယူထားသော ပမာဏအတွက် တာဝန်ရှိသည့်အပြင် ၎င်းပိုင်ဆိုင်ထားသည့် အစုရှယ်ယာ တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပေးချေခြင်းမရှိသေးသော ငွေပမာဏ တစ်ရပ်ရပ်အတွက်လည်း ထည့်ဝင်ရန် တာဝန်ရှိသည်။

**တရားရုံး၏အာဏာများ**

၂၂၄။ တရားရုံးသည် အောက်ပါကိစ္စတစ်ရပ်ရပ်တွင် တည်ဆဲဥပဒေများနှင့်အညီ သင့်လျော်သော အမိန့်များကို ချမှတ်နိုင်သည် –

(က) ကြွေးမြီပေးဆပ်ရသူတို့အပေါ် ကုမ္ပဏီ၏အခွင့်အရေးများကို အတည်ပြုဆောင်ရွက်ခြင်း၊

(ခ) ကြွေးမြီပေးဆပ်ရသူများအကြား ၎င်းတို့အခွင့်အရေးများကို ညှိနှိုင်းသတ်မှတ်ခြင်း။

**ကုမ္ပဏီ၏စာအုပ်စာတမ်းများကို သက်သေခံအထောက်အထားအဖြစ် အသုံးပြုခြင်း**

၂၂၅။ ကုမ္ပဏီတစ်ခုအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါ ကုမ္ပဏီပိုင်စာအုပ်စာတမ်းများနှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ လက်ဝယ်ရှိ စာအုပ်စာတမ်းများသည် ကြွေးမြီပေးဆပ်ရသူများအကြားတွင် လည်းကောင်း၊ ကုမ္ပဏီနှင့် ကြွေးမြီပေးဆပ်ရသူများအကြားတွင်လည်းကောင်း ယင်းကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်ကိစ္စရပ်အားလုံးနှင့် စပ်လျဉ်း၍ မှန်ကန်ပြီး ဦးစွာအမြင်အားဖြင့် ခိုင်မာသည့် သက်သေခံအထောက်အထားများဖြစ်သည်ဟု မှတ်ယူနိုင်သည်။

**အခန်း(၁၀)**

**မှတ်ပုံမတင်သည့် ကုမ္ပဏီများအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

**မှတ်ပုံမတင်သည့် ကုမ္ပဏီ၏အဓိပ္ပာယ်**

၂၂၆။ **မှတ်ပုံမတင်သည့်ကုမ္ပဏီ** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်ထားခြင်းမရှိသည့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းများမဟုတ်သည့် အခြားသောအဖွဲ့အစည်း၊ ကော်ပိုရေးရှင်း၊ ပြည်ပကော်ပိုရေးရှင်း၊ အစုစပ်လုပ်ငန်း၊ အသင်းအဖွဲ့ သို့မဟုတ် အခြားတည်ဆဲဥပဒေအရတည်ထောင်ထားသော အဖွဲ့အစည်းတစ်ရပ်ရပ်ကို ဆိုသည်။

**မှတ်ပုံမတင်သည့်ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၂၇။ (က) ဤဥပဒေအရ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုကို စာရင်းရှင်းလင်းဖျက်သိမ်းနိုင်ပြီး စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအားလုံးသည် မှတ်ပုံတင်ထားခြင်းမရှိသည့်ကုမ္ပဏီအား ဖျက်သိမ်းခြင်းတွင် အောက်ဖော်ပြပါပြဋ္ဌာန်းချက်များနှင့် အခြားတည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာလျက်လိုအပ်သလို အကျုံးဝင်သက်ဆိုင်စေနိုင်သည်။ မှတ်ပုံတင်ထားခြင်းမရှိသော နိုင်ငံခြားကုမ္ပဏီများဖြစ်သည့်ကိစ္စတွင် သက်ဆိုင်သည့် ပုဂ္ဂလိကအပြည်ပြည် ဆိုင်ရာဥပဒေ၊ ဥပဒေမူဘောင်များနှင့် လိုအပ်သလို သက်ဆိုင်စေနိုင်သည်။

(ခ) တရားရုံး၏ စီရင်ပိုင်ခွင့်ကို ဆုံးဖြတ်ရန်အလို့ငှာ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီ၏ အဓိက စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာနေရာအား ကုမ္ပဏီမှတ်ပုံတင်ထားရှိသည့် ရုံးနေရာဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) မှတ်ပုံတင်ထားခြင်း မရှိသည့် မည်သည့်ကုမ္ပဏီမဆို ဤဥပဒေအရ ဆန္ဒအလျောက် ဖျက်သိမ်းခြင်း မရှိစေရ။

(ဃ) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီကို အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် စာရင်းရှင်းလင်းဖျက်သိမ်းနိုင်သည်–

(၁) ကုမ္ပဏီကို အပြီးသတ်ဖျက်သိမ်းခြင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်နိုင်မှု ရပ်စဲခြင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရန် ရည်ရွယ်၍ လုပ်ငန်းဆောင်ရွက်နေခြင်း၊

(၂) ကုမ္ပဏီသည် ကြွေးမြီပေးဆပ်နိုင်ခြင်း မရှိခြင်း၊

(၃) ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းသည် တရားမျှတမှုရှိသည်ဟု တရားရုံးက ထင်မြင်ယူဆခြင်း။

**ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြင်ပတွင် ဖွဲ့စည်းထားသည့် ကုမ္ပဏီတစ်ခုအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၂၈။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြင်ပတွင် ဖွဲ့စည်းထားသည့်ကုမ္ပဏီသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာမှ လုပ်ငန်းများရပ်စဲသွားသည့်အခါ ယင်းကုမ္ပဏီ ဖွဲ့စည်းတည်ရှိသည့် နိုင်ငံ၏ဥပဒေများအရ ထိုကုမ္ပဏီအား ဖျက်သိမ်းခဲ့ပြီးဖြစ်လျှင်ဖြစ်စေ၊ ကုမ္ပဏီဖြစ်တည်မှုရပ်စဲသွားခဲ့လျှင်ဖြစ်စေ ထိုကုမ္ပဏီအား မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီအဖြစ် ဤဥပဒေအရ စာရင်းရှင်းလင်းဖျက်သိမ်းနိုင်သည်။

**စာရင်းရှင်းလင်းဖျက်သိမ်းစေသည့်အမိန့်အရ ဆိုင်းငံ့ထားရမည့် အရေးယူဆောင်ရွက်ချက်များ**

၂၂၉။ မှတ်ပုံမတင်သည့် ကုမ္ပဏီတစ်ခုအား စာရင်းရှင်းလင်းဖျက်သိမ်းစေရန် အမိန့်တစ်ရပ် ချမှတ်ခဲ့ပြီးဖြစ်လျှင် တရားရုံး၏ခွင့်ပြုချက်နှင့် တရားရုံးက ချမှတ်သည့် စည်းကမ်းသတ်မှတ်ချက်များအရမှတစ်ပါး ထိုကုမ္ပဏီ၏ကြွေးမြီတစ်ရပ်ရပ်နှင့် ပတ်သက်၍ ကြွေးမြီပေးဆပ်ရသူ တစ်ဦးဦးအပေါ် အရေးယူဆောင်ရွက်ချက်တစ်ရပ်ရပ်ကို စတင်ဆောင်ရွက်ခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်း မပြုရ။

**အပိုင်း (၈)**

**တစ်သီးပုဂ္ဂလလူမွဲခံခြင်း**

**အခန်း(၁)**

**မိမိဆန္ဒအလျောက်အစီအစဉ်များ ပြုလုပ်ခြင်း**

**ကြွေးမြီပေးဆပ်နိုင်ခြင်းမရှိသော မြီစားအပေါ်တွင် အရေးယူဆောင်ရွက်ခြင်းအား ဆိုင်းငံ့ခြင်းသက်ဆိုင်ခြင်း**

၂၃၀။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် သာမန်လူပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် မြီစားနှင့် ၎င်း၏မြီရှင်များအကြား မိမိဆန္ဒအလျောက် အစီအစဉ် ပြုလုပ်ခြင်း၊ ယင်း၏အကျိုးသက်ရောက်မှုတို့နှင့် သက်ဆိုင်စေရမည်ဖြစ်ပြီး ဤအပိုင်းတွင် ပါရှိသည့် အခြားသောအခန်းများရှိ ပြဋ္ဌာန်းချက်များသည် ထိုမြီစားအား နည်းလမ်းတကျ လူမွဲခံယူစေသည့်လုပ်ငန်းစဉ်များ၊ အကျိုးသက်ရောက်မှုများနှင့် သက်ဆိုင်စေရမည်။

**တရားရုံး၏ ဆိုင်းငံ့မိန့်**

၂၃၁။ (က) သာမန်လူပုဂ္ဂိုလ်မြီစားတစ်ဦးသည် ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ မိမိဆန္ဒအလျောက် အစီအစဉ်တစ်ရပ်ကို ဆောင်ရွက်ရန်လိုပါက ဆိုင်းငံ့မိန့် ချမှတ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်။

(ခ) မြီစားမှတင်သွင်းသော လူမွဲခံယူခြင်းဆိုင်ရာ လျှောက်ထားမှု ပြီးပြတ်ခြင်းမရှိသေးမီ တရားရုံး၏ ခွင့်ပြုချက်မရှိဘဲ ပုဒ်မခွဲ (က) အရ ထပ်မံလျှောက်ထားခြင်း မပြုရ။

(ဂ) ဆိုင်းငံ့မိန့် အတည်ဖြစ်နေသည့် အချိန်ကာလအတွင်း အောက်ပါကိစ္စရပ်များ ဆောင်ရွက်ခြင်း မရှိစေရ –

(၁) မြီစားနှင့်စပ်လျဉ်း၍ လူမွဲခံယူခြင်းဆိုင်ရာ လျှောက်ထားမှုကို တင်သွင်းခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်း၊

(၂) အိမ်ငှားရမ်းခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို မြီစားမှ လိုက်နာရန် ပျက်ကွက်မှုများကြောင့် အိမ်ရှင် သို့မဟုတ် အိမ်လခရထိုက်ခွင့်ရှိသူတစ်ဦးဦးက အငှားချထားသည့် ဥပစာကို တရားရုံး၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်းမှအပ ပြန်လည်သိမ်းယူခြင်း၊

(၃) တရားရုံး၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်းမှအပ မြီစားပေါ်တွင် အခြားမှုခင်းများ ဆောင်ရွက်ခြင်း၊ ဒီကရီအတည်ပြုရန်လျှောက်ထားခြင်း သို့မဟုတ် အခြားသော ဥပဒေတစ်ရပ်ရပ်အရ လျှောက်ထားခြင်းကို စတင်ခြင်း သို့မဟုတ် ဆက်လက်ဆောင်ရွက်ခြင်း မပြုစေရမည့်အပြင် မြီစားပိုင်ပစ္စည်းကို သိမ်းဆည်းခြင်း။

**ဆိုင်းငံ့မိန့် ချမှတ်နိုင်သည့် အခြေအနေများ**

၂၃၂။ (က) တရားရုံးသည် အောက်ပါအခြေအနေများနှင့်ကိုက်ညီပါက ပုဒ်မ ၂၃၁ အရ ဆိုင်းငံ့မိန့်ကို ထုတ်ပေးရမည်–

(၁) မြီစားသည် ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ မိမိဆန္ဒအလျောက် အစီအစဉ်ကို ဆောင်ရွက်ရန် ရည်ရွယ်ချက်ရှိကြောင်းနှင့် အဆိုပြုလွှာမူကြမ်းကို လျှောက်လွှာနှင့် ပူးတွဲတင်ပြထားခြင်း၊

(၂) ထိုအဆိုပြုလွှာကို စတင်လျှောက်ထားသောနေ့တွင် မြီစားသည် လူမွဲအဖြစ် ခံယူရန်အတွက် သတ်မှတ်ချက်နှင့် ပြည့်စုံသူဖြစ်ခြင်း၊

(၃) ထိုသို့လျှောက်ထားသည့်နေ့မှ ပြီးခဲ့သည့် ၁၂ လတာကာလအတွင်း မြီစားက အလားတူလျှောက်ထားမှုမျိုးကို လျှောက်ထားခဲ့မှု မရှိခြင်း၊

(၄) မြီစားက အဆိုပြုလွှာ၌ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူက မိမိဆန္ဒအလျောက် အစီအစဉ်ကို ကြီးကြပ်သူအဖြစ် ဆောင်ရွက်ပေးရန် စာဖြင့်ရေးသားသဘောတူခြင်း။

(ခ) မြီစား၏အဆိုပြုလွှာကို လက်ခံစဉ်းစားခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းပြုရာတွင် အထောက်အကူဖြစ်စေမည်ဟုယူဆပါက တရားရုံးသည် ဆိုင်းငံ့မိန့်ကို ထုတ်ပေးနိုင်သည်။

*ဆက်လက်ဖော်ပြပါမည်*

# ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင်သို့

မောင်သာ(ရှေးဟောင်းသုတေသန)

အေးမြသောရာသီဥတုနှင့်အတူ တောတောင်သဘာဝ ရှုခင်းများကြောင့် အလွန်သာယာလှပသည့် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသသို့ သီပေါမြို့မှတစ်ဆင့် ကားဖြင့် သွားရောက်ခဲ့ရာ လမ်းများက အထူးကောင်းမွန်သဖြင့် ယခင်ကကဲ့သို့အချိန် အလွန်ကြာမြင့်စွာ မမောင်းနှင်ရဘဲ မူဆယ်မြို့သို့ ရောက်ရှိခဲ့သည်။ မိမိတို့အဖွဲ့ ရှမ်းပြည်နယ် မြောက်ပိုင်းသို့ ရောက်ရှိချိန်သည် ဆောင်းရာသီကုန်လုနီး ဖြစ်သဖြင့် အလွန်အေးချမ်းခြင်းမရှိချေ။

မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်းဒေသကြီးများအနက် အကြီးဆုံးဖြစ်သည့် ရှမ်းပြည်နယ်သည် ဧရိယာ ၆၀၁၅၅ ဒသမ ၂ စတုရန်းမိုင် ကျယ်ဝန်း၍ တြိဂံပုံတည်ရှိနေသည့် ရှမ်းပြည်နယ်ကို အရှေ့ပိုင်း၊ တောင်ပိုင်းနှင့် မြောက်ပိုင်းဟု ပိုင်းခြားထားရာ ပြည်နယ်၏ မြို့တော်သည် တောင်ကြီး၊ ပြည်နယ်မြောက်ပိုင်း မြို့တော်သည် လားရှိုးနှင့် ပြည်နယ် အရှေ့ပိုင်းမြို့တော်သည် ကျိုင်းတုံဖြစ်သည်။

၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၃ ရက်က ထုတ်ပြန်သည့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာဦးရေ စာရင်းချုပ်အရ ရှမ်းပြည်နယ်တွင် ခရိုင် ၁၃ ခု၊ မြို့နယ် ၅၅ ခု၊ မြို့ ၈၅ မြို့၊ ရပ်ကွက် ၅၀၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၅၆၆ အုပ်စုနှင့်ကျေးရွာ ၁၄၃၃၄ ရွာ ရှိသည်။ ရှမ်းပြည်နယ် မြောက်ပိုင်း၌ ခရိုင် ခုနစ်ခုနှင့် မြို့နယ် ၂၄ ခု ရှိသည့်အနက် မူဆယ်ခရိုင်ထဲတွင် မူဆယ်မြို့နယ်၊ ကွတ်ခိုင်မြို့နယ်နှင့် နမ့်ခမ်းမြို့နယ်တို့ပါဝင်သည်။

## မြန်မာနိုင်ငံ အရှေ့မြောက်ဖျားသို့

ရှမ်းပြည်နယ် မြောက်ဘက်အစွန်တွင် တည်ရှိသည့် မူဆယ်မြို့သည် မြန်မာနိုင်ငံ၏ အရှေ့မြောက်ဖျားဒေသ ဖြစ်ကာ ရန်ကုန်မြို့မှ မော်တော်ကားလမ်းအတိုင်း ကီလို မီတာ ၁၀၆၀ ကွာဝေးသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်ထားသည့် မူဆယ်မြို့သို့ မန္တလေး၊ ပုသိမ်ကြီး၊ ပြင်ဦးလွင်၊ နောင်ချို၊ သီပေါ၊ လားရှိုး၊ သိန္နီနှင့် ကွတ်ခိုင်မြို့နယ်များကို ဖြတ်သန်းသွားရပြီး ရန်ကုန်မှ လားရှိုးသို့ ၈၈၇ ကီလိုမီတာ၊ လားရှိုးမှ ကွတ်ခိုင်သို့ ၇၅ ကီလိုမီတာနှင့် ကွတ်ခိုင်မှ မူဆယ်သို့ ၉၈ ကီလို မီတာ မောင်းနှင်ရပေသည်။

ဒေသသမိုင်းအကျဉ်းအရ ယခု မူဆယ်မြို့တည်နေရာသည် မြန်မာသက္ကရာဇ် ၁၂၇၉ ခုနှစ်အထိ ဆူးပင်နှင့်ချုံများ ကျိုးတိုးကျဲတဲပေါက်နေသည့် တောင်ကုန်းတောင်စွယ် တစ်ခုအဖြစ် တည်ရှိခဲ့သည်။ ယင်းနေရာ၏ တောင်ဘက်ရှိ နမ့်လိုင်နှင့် မန့်ဟန်၊ အရှေ့ဘက်ရှိ နမ့်ခုတ်နှင့် နမ့်ပန် ကျေးရွာတို့တွင် နေထိုင်ကြသူများသည် မိုင်းမော(ရွှေလီ) ဈေးသို့သွားရာတွင် ယင်းနေရာ၌ ခရီးတစ်ထောက်နားလေ့ ရှိခဲ့ကြသည်။ ထို့ကြောင့် ယင်းနေရာမှ အနောက်ဘက်ရှိ ကောင်းဟိုခမ်းရွာမှ ခွန်ပန်ခမ်းအမည်ရှိ စော်ဘွားနွယ် တစ်ဦးသည် မုံးကိုး၊ မိုင်းမော၊ ဟတ်တင်၊ ဈေးစွန် အနီး တစ်ဝိုက်မှလူများကို စည်းရုံး၍ ယခုမူဆယ်မြို့ တောင်ရပ်ကွက်ရှိ ပရိတ်စင်အနီးဝန်းကျင်၌ ရွာတစ်ရွာကို ထူထောင်ခဲ့ရာ အိမ်ရှစ်လုံးရှိခဲ့သည်။ (ယခုအခါ မူဆယ်မြို့ တောင်ရပ်ကွက်တွင် အိမ်ထောင်စု ၁၇၃၇ စုရှိ၍ လူဦးရေ ၈၃၈၈ ဦး နေထိုင်လျက်ရှိသည်။)

ယင်းနေရာ၌ အိမ်ခြေ တိုးတက်များပြား၍ စည်ကားလာချိန်တွင် ခွန်ပန်ခမ်းကို မြို့စားအဖြစ် တင်မြှောက်၍ ကျေးရွာကို မူစယ်ဟု အမည်ပေးခဲ့သည်။ ရှမ်းဘာသာစကား မူစယ်သည် စည်ကားသောမြို့ဟု အဓိပ္ပာယ်ရှိကာ ကာလကြာမြင့်ချိန်ဝယ် မူစယ်မှ မူဆယ်သို့ ပြောင်းလဲခဲ့သည်။

လက်ရှိ မူဆယ်မြို့နယ်သည် အရှေ့မှ အနောက်သို့ ၅၂ မိုင်၊ တောင်မှ မြောက်သို့ ၂၆ မိုင် ရှည်လျား၍ ၅၈၀ ဒသမ ၅၇ စတုရန်းမိုင် ကျယ်ဝန်းသည်။ မူဆယ်မြို့နယ်သည် အရှေ့ဘက်နှင့် မြောက်ဘက်တွင် တရုတ်နိုင်ငံ၊ အနောက်ဘက်တွင် နမ့်ခမ်းမြို့နယ်၊ တောင်ဘက်တွင် ကွတ်ခိုင်မြို့နယ်နှင့် နယ်နိမိတ်ထိဆက်နေသည်။ မူဆယ်မြို့နယ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ ဝမ်တိန်၊ မန်ဟိုင်း၊ ကျယ်ဂေါင်မြို့တို့ ထိဆက်နေသည့် နယ်စပ်မျဉ်းသည် ၆၂ ဒသမ ၁၁ မိုင် ရှည်လျားသည်။

တောင်ကုန်းတောင်တန်းပေါများသည့် မူဆယ်မြို့နယ်တွင် စီစီဝမ်တာပန်တောင်တန်း၊ ပန်လုံတောင်တန်းနှင့် လွယ်တန်ပန်တောင်တန်းတို့သည် အထူးထင်ရှား၍ ရွှေလီမြစ်သည် မူဆယ်မြို့နယ်အတွင်း၌ မြောက်မှတောင်သို့ စီးဆင်းလျက်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၇၀၀ မြင့်သည့် မူဆယ်မြို့နယ်၏ အပူချိန်သည် ၅ ဒီဂရီ စင်တီဂရိတ်နှင့် ၃၅ ဒီဂရီ စင်တီဂရိတ်အကြားတွင်ရှိ၍



မူဆယ်မြို့မှ သဗ္ဗညု စုမ့်မိုင်းစေတီ

လွန်ခဲ့သည့် ခြောက်နှစ်အတွင်း နှစ်စဉ် ပျမ်းမျှ မိုးရေချိန် ၈၄ လက်မ ရွာသွန်းခဲ့သည်။

မူဆယ်မြို့နယ်ကို မြို့လေးမြို့(မူဆယ်၊ မုံးကိုး၊ မန့်ဟီးရိုးနှင့် ပန်ဆိုင်း)၊ ရပ်ကွက် ၂၄ ခု၊ ကျေးရွာ အုပ်စု ၅၂ အုပ်စု၊ ကျေးရွာ ၂၈၀ ဖြင့် ဖွဲ့စည်းထားကာ မြို့နယ်လူဦးရေ ၁၅၂၉၁၁ ဦးအနက် ရှမ်းလူမျိုးများက ၃၉ ဒသမ ၂၅ ရာခိုင်နှုန်း(၆၀၀၂၅ ဦး)ရှိသဖြင့် အများဆုံးဖြစ်သည်။ မြို့နယ်လူဦးရေ၏ ၆၈ ဒသမ ၅၀ ရာခိုင်နှုန်းသည် ဗုဒ္ဓဘာသာကို ကိုးကွယ်၍ ၁၇ ဒသမ ၄၆ ရာခိုင်နှုန်းက ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြသည်။

စီးပွားရေးဖွံ့ဖြိုးကောင်းမွန်သည့် မူဆယ်မြို့နယ်တွင် နေထိုင်ကြသည့်ပြည်သူများသည် ဝန်ဆောင်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိက အသက်မွေးကြပြီး အစေ့ထုတ်ပြောင်းကို အများဆုံးစိုက်ပျိုးကာ ကျယ်ဂေါင်သို့ တင်ပို့ရောင်းချကြသည်။ စပါး၊ မြေပဲ၊ ကြံနှင့် နှစ်ရှည်သီးနှံပင် အချို့ကိုလည်း စိုက်ပျိုးထုတ်လုပ်ကြသည်။ ၂၀၁၇-၂၀၁၈ ခုနှစ်က မူဆယ်မြို့နယ်၏ ဆန်ဖူလုံမှုသည် ၁၁၁ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သည်။

မူဆယ်မြို့နယ်၌ အထက်တန်းကျောင်း ခုနစ်ကျောင်း၊ အထက်တန်းကျောင်းခွဲ ငါးကျောင်း၊ အလယ်တန်းနှင့် အလယ်တန်းကျောင်းခွဲ ငါးကျောင်း၊ မူလတန်းလွန်နှင့် မူလတန်းကျောင်း ၆၅ ကျောင်းရှိသည်။ ခုတင် ၁၀၀ ဆံ့ မူဆယ်မြို့နယ်ပြည်သူ့ဆေးရုံ၊ ၁၆ ခုတင်ဆံ့ အစိုးရဆေးရုံ လေးရုံ၊ဆေးပေးခန်း နှစ်ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၆ ခု ဖွင့်လှစ်ထားသည်။

မူဆယ်မြို့ဟိုမွန်ရပ်ကွက်ရှိ မဟာသန္တိသုခ ရပ်တော်မူဘုရားနှင့် သဗ္ဗညုစုမ့်မိုင်းစေတီ၊ တောင်ရပ်ကွက်ရှိ ရွှေသမင်စေတီ၊ မုံးကိုးမြို့ရှိ ရတနာမုနိစေတီနှင့် မန့်ဟီးရိုးမြို့ရှိ ရန်တိုင်းအောင်စေတီတို့သည် မူဆယ်မြို့နယ်၏ ထင်ရှားသော ဗုဒ္ဓဘာသာဆိုင်ရာ သာသနိက အဆောက်အအုံများဖြစ်ကြသည်။

မူဆယ်မြို့သည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ မြန်မာနိုင်ငံအနှံ့မှ လာရောက်ကြသူများဖြင့် စည်ကားလျက်ရှိပြီး ရောက်ရှိလာသူများတည်းခိုနိုင်ရန် ပုဂ္ဂလိကပိုင် ဟိုတယ် ၁၁ လုံး(အခန်းပေါင်း ၄၈၂ ခန်း)၊ မိုတယ် တစ်လုံးနှင့် တည်းခိုခန်း ၆၅ ခန်း ဖွင့်လှစ်ထားသည်။

နယ်စပ်ကုန်သွယ်ရေး ဖွံ့ဖြိုးမှုကြောင့် မူဆယ်မြို့သို့ သွားသည့်လမ်းတစ်လျှောက်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကုန်သွယ်သည့် ပို့ကုန်သွင်းကုန် မော်တော်ယာဉ်များကို မြင်တွေ့ကြရပေသည်။

## နမ့်ခမ်းသို့

မူဆယ်ခရိုင်အတွင်းရှိ နမ့်ခမ်းမြို့နယ်သည် မူဆယ်မြို့နယ်နှင့် ကွတ်ခိုင်မြို့နယ်ကြားတွင် တည်ရှိကာ မူဆယ်မြို့မှ အနောက်တောင်ဘက်သို့ ၃၂ ဒသမ ၄ ကီလိုမီတာနှင့် ကွတ်ခိုင်မြို့မှ အနောက်မြောက်ဘက်ယွန်းယွန်းသို့ ၈၇ ဒသမ ၆ ကီလိုမီတာ ကွာဝေးသည်။

ရွှေမှုန်များပေါလာလေ့ရှိသည့် နမ့်ခမ်းဖောင်ချောင်းသည် နမ့်ခမ်းမြို့နယ်အတွင်း တည်ရှိကာ ရွှေမှုန်ချောင်းဟု အဓိပ္ပာယ်ရသည်။ မြန်မာသက္ကရာဇ် ၁၁၀၇ ခုနှစ်တွင် နမ့်ခမ်းဖောင်ချောင်းဘေးတွင် ရွှေရည်ဟု အဓိပ္ပာယ်ရှိသည့် မန့်နမ့်ခမ်းရွာကို တည်ထောင်ခဲ့ပြီး ကုန်းဘောင်ဘုရင် စဉ့်ကူးမင်းလက်ထက် မြန်မာသက္ကရာဇ် ၁၁၃၉ ခုနှစ်တွင် မြို့အဖြစ်သတ်မှတ်ခဲ့ပြီး ဦးပေါ်ဆီးကအုပ်ချုပ်၍ ဝိန်းနမ့်ခမ်းဟု ခေါ်တွင်ခဲ့သည်။ ယင်းအချိန်မှစ၍ သီပေါမင်း ပါတော်မူချိန်အထိ နမ့်ခမ်းကို (ဟိန်)စော်ဘွားများက အုပ်ချုပ်ခဲ့ကာ ကိုလိုနီခေတ်တွင် သိန္နီစော်ဘွား လက်အောက်ခံမြို့အဖြစ် ထားရှိခဲ့သည်။

တော်လှန်ရေးကောင်စီအစိုးရလက်ထက် ၁၉၇၂ ခုနှစ် ဇွန်လနှင့် ဇူလိုင်လတွင် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာနက နမ့်ခမ်းမြို့နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုများကို သတ်မှတ်ခဲ့ကာ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် နမ့်ခမ်းမြို့နယ်ကို ရပ်ကွက် ၁၄ ခု၊ ကျေးရွာအုပ်စု ၄၃ စု၊ ကျေးရွာ ၁၇၄ ရွာဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

ဧရိယာ ၄၆၆ ဒသမ ၈၅ စတုရန်းမိုင် ကျယ်ဝန်းသည့် နမ့်ခမ်းမြို့နယ်သည် အရှေ့ဘက်တွင် မူဆယ်မြို့နယ်နှင့် ကွတ်ခိုင်မြို့နယ်၊ အနောက်ဘက်တွင် ကချင်ပြည်နယ် မန်စီမြို့နယ်၊ တောင်ဘက်တွင် မန်တုံမြို့နယ်နှင့်မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့နှင့် နယ်နိမိတ်ထိဆက်နေသည်။ နမ့်ခမ်းမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှ ၂၄၈၉ ပေမြင့်၍ မြို့နယ်၏ အမြင့်ဆုံးနေရာသည် ၇၇၄၁ ပေမြင့်သည့် ပန်မောင်းတောင်ဖြစ်သည်။

နမ့်ခမ်းမြို့နယ်၏အပူချိန်သည် ငါး ဒီဂရီစင်တီဂရိတ်နှင့် ၃၇ ဒီဂရီ စင်တီဂရိတ်အကြားဖြစ်၍ မုတ်သုန်ရာသီဥတုရှိသဖြင့် လွန်ခဲ့သည့် ခြောက်နှစ်အတွင်း နှစ်စဉ် ပျမ်းမျှ မိုးရေချိန် ၉၉ ဒသမ ၅ လက်မ ရွာသွန်းခဲ့သည်။

၂၀၁၈ စက်တင်ဘာလက ထုတ်ပြန်သည့် စာရင်းအရ နမ့်ခမ်းမြို့နယ်၏ လူဦးရေ ၁၁၅၇၈၂ ဦးအနက် ရှမ်းလူမျိုးများက ၄၀ ဒသမ ၆၅ ရာခိုင်နှုန်း (၄၇၀၆၆ ဦး)၊ ပလောင်လူမျိုးများက ၁၆ ဒသမ ၁၄ ရာခိုင်နှုန်း (၁၈၅၁၆ ဦး) ရှိကာ လီဆူ၊ လီရှော၊ ကချင်နှင့် ဗမာလူမျိုးများလည်း နေထိုင်ကြသည်။ မြို့နယ်လူဦးရေ၏ ၈၅ ဒသမ ၁၈ ရာခိုင်နှုန်း (၁၁၀၂၀၂ ဦး)သည် ဗုဒ္ဓဘာသာကို ကိုးကွယ်၍ ၁၇ ဒသမ ၄၆ ရာခိုင်နှုန်းက ခရစ်ယာန်ဘာသာကို ကိုးကွယ်သည်။ အစ္စလာမ်ဘာသာနှင့် နတ်ကိုးကွယ်သူများလည်းရှိသည်။

စီးပွားရေးဖွံ့ဖြိုးမှုနှေးကွေးသည့် နမ့်ခမ်းမြို့နယ်တွင် နေထိုင်ကြသည့် ပြည်သူများသည် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးကြပြီး တောင်ပေါ်ဒေသများတွင် လက်ဖက်ကို စိုက်ပျိုးကြကာ စပါးနှင့် လက်ဖက်ခြောက်သည် နမ့်ခမ်းမြို့နယ်၏ အဓိက ထွက်ကုန်ဖြစ်သည်။ အချို့ကျေးရွာများတွင် ခမောက်၊ လွယ်အိတ်၊ မြေအိုးတို့ကို ထုတ်လုပ်သည်။ နမ့်ခမ်းမြို့နယ်အတွင်း၌ စပါး၊ မြေပဲ၊ နှမ်း၊ ကြံ၊ အစေ့ထုတ်ပြောင်း၊ နှစ်ရှည်သီးနှံများဖြစ်သည့် ရော်ဘာနှင့် ကော်ဖီ၊ ဈေးကွက်ဝင်သီးနှံများဖြစ်သည့် ဆီမုန်ညင်း၊ ဂျုံ၊ ပဲပုတ်တို့ကိုလည်း စိုက်ပျိုးသည်။ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် နမ့်ခမ်းမြို့နယ်၏ ဆန်ဖူလုံမှုသည် ၁၄၀ ရာခိုင်နှုန်း ဖြစ်သည်။

နမ့်ခမ်းမြို့နယ်ရှိ ဘုရားနှင့် စေတီ ၉၈ ဆူအနက် မြို့ဦးစေတီ၊ မန့်ခမ်းစေတီ၊ မဟာမြတ်မုနိဘုရား၊ မြို့လယ်ဘုရား၊ လျောင်းတော်မူဘုရား၊ ထိုင်တော်မူဘုရားတို့သည် ထင်ရှားသော သာသနိကအဆောက်အအုံများဖြစ်သည်။

## ကွတ်ခိုင်သို့

မူဆယ်ခရိုင်သို့ ခရီးထွက်ခဲ့စဉ် ရှေးဦးစွာရောက်ရှိသော မြို့သည် ကွတ်ခိုင်ဖြစ်၍ ကွတ်ခိုင်မြို့သည် လားရှိုးမြို့နှင့် မူဆယ်မြို့အကြား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိပြီး မူဆယ်မြို့မှ တောင်ဘက်သို့ ၉၈ ကီလိုမီတာနှင့် လားရှိုးမြို့မှ အရှေ့မြောက်ဘက်ယွန်းယွန်းသို့ ၇၅ ကီလို မီတာ ကွာဝေးသည်။

ကွတ်ခိုင်မြို့၏ တည်နေရာသည် မြစ်ချောင်းများ မြောက်ဘက်မှ တောင်ဘက်သို့ ကွေ့ကောက်စီးဆင်းနေသည့်နေရာဖြစ်သဖြင့် ရှမ်းဘာသာစကားဖြင့် ကွတ်နမ့်ခိုင်ဟု ခေါ်ဆိုခဲ့ကြသည်။ ကွတ်သည် ကွေ့ကောက်ခြင်း၊ နမ့်သည် ရေ၊ ခိုင်သည် ရောင်းချခြင်းဟု အဓိပ္ပာယ်ရှိသဖြင့် ကွတ်နမ့်ခိုင်သည် ရောင်းဝယ်ဖောက်ကားသူများအသုံးပြုသည့် ကောက်ကွေ့သော ချောင်းရှိသည့်ရေဟု ဆိုလိုပြီး ကွတ်နမ့်ခိုင်မှ ကွတ်ခိုင်သို့ ပြောင်းလဲခဲ့သည်။ ၁၈၈၆ ခုနှစ်တွင် ယင်းနေရာသို့ ဗန်းမော်ဒေသမှ ကချင်လူမျိုးများ လာရောက် အခြေချရာမှ တစ်စတစ်စ စည်ပင်လာပြီး မြို့ဖြစ်လာခဲ့သည်။ ၁၉၇၂ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက ကွတ်ခိုင်မြို့နယ်ကို ဖွဲ့စည်းခဲ့သည်။

ကွတ်ခိုင်မြို့နယ်သည် အရှေ့မှ အနောက်သို့ ၅၉ မိုင်၊ တောင်မှ မြောက်သို့ ၅၂ မိုင်ရှည်လျား၍ ၂၇၅၉ စတုရန်းမိုင် ကျယ်ဝန်းကာ အရှေ့ဘက်တွင် သံလွင်မြစ်နှင့် ကွမ်းလုံမြို့နယ်၊ အနောက်ဘက်တွင် နမ့်ခမ်းမြို့နယ်နှင့် နမ္မတူမြို့နယ်၊ တောင်ဘက်တွင် သိန္နီမြို့နယ်၊ မြောက်ဘက်တွင် မူဆယ်မြို့နယ်နှင့် ထိဆက်နေသည်။

သံလွင်မြစ်သည် တောင်ကုန်းတောင်တန်း ထူထပ်၍ သစ်တောများဖုံးလွှမ်းနေသည့် ကွတ်ခိုင်မြို့နယ်နှင့် ကွမ်းလုံမြို့နယ်ကြားမှ စီးဆင်းနေသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၄၄၂၉ ပေ မြင့်သည့် ကွတ်ခိုင်မြို့နယ်၏ အပူချိန်သည် ရေခဲမှတ်အောက် ၃ ဒီဂရီစင်တီဂရိတ်နှင့် ၃၇ ဒီဂရီ စင်တီဂရိတ်အကြားရှိ၍ လွန်ခဲ့သည့် ရှစ်နှစ်အတွင်း နှစ်စဉ် ပျမ်းမျှမိုးရေချိန် ၁၁၂ ဒသမ ၇၅ လက်မ ရွာသွန်းခဲ့သည်။

ကွတ်ခိုင်မြို့နယ်ကို မြို့နှစ်မြို့(ကွတ်ခိုင်နှင့် တာမိုးညဲ)၊ ရပ်ကွက် ၁၆ ခု၊ ကျေးရွာအုပ်စု ၆၈ အုပ်စု၊ ကျေးရွာ ၄၆၃ ရွာဖြင့် ဖွဲ့စည်းထားကာ မြို့နယ်လူဦးရေ ၁၈၈၀၄၆ ဦး အနက် မုန်းဝန်းလူမျိုးများက ၃၀ ဒသမ ၅ ရာခိုင်နှုန်း (၅၇၃၆၃ ဦး)၊ ပလောင်လူမျိုးများက ၂၄ ဒသမ ၈၄ ရာခိုင်နှုန်း(၄၆၇၂၈ ဦး)နှင့် ရှမ်းလူမျိုးများက ၂၄ ဒသမ ၂၇ ရာခိုင်နှုန်း(၄၅၂၆၅ ဦး) ရှိသည်။ မြို့နယ်အတွင်း လီဆူး၊ မြောင်ဇီး၊ ကိုးကန့်၊ ခိုလုံလီရှော တိုင်းရင်းသားများလည်း နေထိုင်ကြသည်။ မြို့နယ်လူဦးရေ၏ ၆၃ ဒသမ ၁၂ ရာခိုင်နှုန်းသည် ဗုဒ္ဓဘာသာကိုကိုးကွယ်၍ ၃၃ ဒသမ ၅၈ ရာခိုင်နှုန်းက ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြသည်။

ကွတ်ခိုင်မြို့နယ်တွင် နေထိုင်ကြသည့် ပြည်သူများသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အဓိက လုပ်ကိုင်ကြ၍ မြို့နယ်၏ အဓိကထွက်ကုန်များသည် စပါး၊ ပြောင်း၊ ကြံ၊ ချဉ်စော်ခါး၊ လက်ဖက်ခြောက်၊ အာလူး၊ လိမ္မော်သီးနှင့် လိုင်ချီးတို့ဖြစ်သည်။ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ကွတ်ခိုင်မြို့နယ်၏ ဆန်ဖူလုံမှုသည် ၁၄၅ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သည်။

ကွတ်ခိုင်မြို့နယ်အတွင်း စေတီ ၂၂ ဆူရှိသည့်အနက် ကွတ်ခိုင်မြို့ အမှတ် (၅) ရပ်ကွက်ရှိ တိလောကမာရဇိန် ဆုတောင်းပြည့်စေတီနှင့် တာမိုးညဲမြို့ရှိ ရန်အောင်မြင်စေတီတို့သည် ထင်ရှားသည်။

တစ်ချိန်သောကာလက အနက်ရောင်နယ်မြေဖြစ်ကာ အေးချမ်းတည်ငြိမ်မှု မရှိခဲ့သည့် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင်သည် မြန်မာနိုင်ငံ၏ အကြီးဆုံးသော နယ်စပ်ကုန်သွယ်ရေးဝင်ပေါက် ဖြစ်လာခဲ့ပြီးနောက် ဒေသနှင့် ဒေသနေပြည်သူများ၏ လူနေမှုဘဝများသည် သိသာစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

လားရှိုးမြို့မှ မူဆယ်မြို့အထိ ဖောက်လုပ်ထားသည့် ၁၇၃ ကီလိုမီတာ ရှည်လျားသည့် မော်တော်ကားလမ်းသည် အထူးကောင်းမွန်လှပြီး ကားနှင့် ဆိုင်ကယ်များ အဆက်မပြတ် သွားလာနေကြကြောင်း ကိုယ်တွေ့ကြုံ ခဲ့ရသကဲ့သို့ မူဆယ်ခရိုင်၏ အခြေခံ အဆောက်အအုံများသည် များစွာ တိုးတက်ကောင်းမွန်လျက်ရှိကြောင်း မြင်တွေ့ခဲ့ရပေသည်။

လှပ၍ အေးချမ်းသာယာသော မူဆယ်ခရိုင်အတွင်း ရှမ်းတိုင်းရင်းသားရိုးရာ အစားအသောက်များကို စားသုံးကာ တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းများကို လေ့လာနိုင်ခဲ့ကြသည်။ လမ်းပန်းဆက်သွယ်ရေး အထူးကောင်းမွန်နေပြီဖြစ်သည့် ရှမ်းပြည်နယ်မြောက်ပိုင်းသည် တည်ငြိမ်အေးချမ်းမှု ရရှိသည်နှင့်အမျှ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများသည်လည်း ဆက်လက် တိုးတက်မည်သာ ဖြစ်ပေသည်။ ။

**ကိုးကား**

**(၁) မြန်မာ့စွယ်စုံကျမ်းအတွဲ(၂)**

**(၂) မူဆယ်၊ ကွတ်ခိုင်၊ နမ့်ခမ်း မြို့နယ်များ၏ ဒေသဆိုင်ရာ အချက်အလက်များ(ပြည်ထဲရေးဝန်ကြီးဌာန)**



# သမိုင်းဝင်အညာသီဟတော ရွှေဆင်းတုဘုရား ရေဦးမြို့သို့ ဒေသစာရီကြွချီ အပူဇော်ခံရောက်ရှိ

**ရေဦး မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကဘွက်ကျေးရွာအုပ်စု အညာသီဟတောကျေးရွာ ရောဂတီမြစ်အတွင်း ဘုရားကုန်းတော်၌ တပေါင်းလဆန်း ၆ ရက်မှ ၁၀ ရက်အထိ ခြောက်ရက်ကြာ သီတင်းသုံးကိန်းဝပ်စံပယ်တော်မူမည့် ရွှေဆင်းတုဘုရားသည် ရေဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီ၏ ပင့်လျှောက်မှုဖြင့် မတ် ၂ ရက် မွန်းတည့် ၁၂ နာရီက ရေဦးမြို့သို့ ဒေသစာရီကြွချီတော်မူကာ မြို့တွင်းသို့ လှည့်လည်အပူဇော်ခံပြီး **(အပေါ်ပုံ)** တော်ဝင်နှင်းဆီခန်းမ၌ သုံးနာရီကြာ ကိန်းဝပ်အပူဇော်ခံခဲ့သည်။

သမိုင်းဝင်ရွှေဆင်းတုတော်မြတ်အား စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွေး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ ဌာနဆိုင်ရာနှင့် ဒေသခံအလှူရှင်များ စုပေါင်း၍ အလှူငွေကျပ် ၁၀ သိန်းကျော် လှူဒါန်းခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးနှင့် မြို့နယ်မှ အလှူရှင်များအား အညာသီဟတောဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းသန်း (ရေဦး)**

# (၉၇)ကြိမ်မြောက် ပိဋကတ်တော်အလှူတော် ကျင်းပ

ရန်ကုန် မတ် ၂

**မြန်မာပြည်ဗုဒ္ဓဘာသာ ပုညကုသလအသင်းကြီး (B.B.M.A) ၏ (၉၇) ကြိမ်မြောက် ပိဋကတ်တော်အလှူပွဲကြီးကို ဖေဖော်ဝါရီ ၂၉ ရက် နံနက်က ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်းရှိ မင်းကွန်းတိပိဋကနိကာယကျောင်းတော်ကြီး၌ ကျင်းပသည်။** (အောက်ပုံ)

ရှေးဦးစွာ ဩဝါဒါစရိယ တိပိဋကကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိတ သံဃာတော် ၆၉ ပါး၊ စာအောင်ဆရာတော်ကြီးများ၊ တိပိဋကဓရ၊ ဆရာတော်ကြီးများနှင့် စာအောင် သီလရှင် ခြောက်ပါးတို့ ကြွရောက်




တော်မူကြပြီး မြန်မာပြည် ဗုဒ္ဓဘာသာ ပုညကုသလအသင်း နာယကများ၊ ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌများက ဗုဒ္ဓကျမ်းစာအုပ်များ၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပူဇော်ကြွရောက်တော်မူသော ကျောက်ပန်းတောင်း တိပိဋကကောဝိဒ ဆရာတော်ဘဒ္ဒန္တ ပညာဝံသာဘိဝံသသည် ဓမ္မာစရိယ ဝိနယပါဠိပါရဂူ စေတိယင်္ဂဏ ဓမ္မာစရိယဘွဲ့များ ရရှိပြီးနောက် တိပိဋကဓရစာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်တွင် ပိဋကသုံးပုံကို နှုတ်ငုံဆောင် အောင်မြင်၍ မြန်မာနိုင်ငံ၌ ၁၄ ပါးမြောက် တိပိဋကဓရဘွဲ့တော်ကို ရရှိသော ဆရာတော်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**အေကေလင်း**

# မြေအသုံးချမှု၊ သီးနှံကာကွယ်ရေးနှင့် မျိုးစေ့ဓာတ်ခွဲခန်းများ ဖွင့်လှစ်

**တာချီလိတ် မတ် ၂**

(၅၈)နှစ်မြောက်တောင်သူလယ်သမားနေ့အား ဂုဏ်ပြုသောအားဖြင့် တာချီလိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ရုံးဝင်းအတွင်း တည်ဆောက်ပြီးစီးသော မြေအသုံးချ၊ သီးနှံကာကွယ်ရေးနှင့် မျိုးစေ့ဓာတ်ခွဲခန်းများ ဖွင့်ပွဲကို မတ် ၂ ရက် နံနက်ပိုင်းက အဆိုပါဓာတ်ခွဲခန်းတွင် ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးလှဝင်း၊ တာချီလိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(ယာပုံ)**

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံ တောင်သူလယ်သမား ၂၅၀ ကျော်တို့က ဓာတ်ခွဲခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများက ဓာတ်ခွဲခန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ခြင်းဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ လုပ်ငန်းများ၊ မျိုးစေ့ထုတ်လုပ်ငန်းများ၊ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ ထူထောင်ခြင်းလုပ်ငန်းများ အပါအဝင် စားသုံးသူပြည်သူများ အာဟာရပြည့်ဝပြီး အန္တရာယ်ကင်းသည့် လယ်ယာထုတ်သီးနှံများ စားသုံးနိုင်ရေးလုပ်ငန်းများကို များစွာအထောက်အကူပြုလာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ လက်တွေ့သရုပ်ပြသသည်။

**မောင်ယဉ်ကျေး**



# တိုင်းဒေသကြီးအဆင့် သုံးခရိုင် သေနတ်ပစ်ပြိုင်ပွဲ မြိတ်မြို့၌ ကျင်းပမည်

**မြိတ် မတ် ၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့ ကလွင်ကျေးရွာအုပ်စု ငွေပုလဲရပ်ကွက် ဘုတ်ချောင်းအတွင်းရှိ မြိတ်မြို့စီးပွားရေးဇုန် MFD ကုမ္ပဏီဝင်းအတွင်းရှိ သေနတ်ပစ်အားကစားကွင်း၌ တိုင်းဒေသကြီးအဆင့် သုံးခရိုင် သေနတ်ပစ်အားကစားပြိုင်ပွဲကို မေလဒုတိယပတ်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်**

ယင်းသေနတ်ပစ်အားကစားပြိုင်ပွဲကို တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်ခရိုင်၊ ကော့သောင်းခရိုင်နှင့် ထားဝယ်ခရိုင်တို့မှ အမျိုးသား၊ အမျိုးသမီး အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်း မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း တနင်္သာရီတိုင်းဒေသကြီး သေနတ်ပစ်အားကစားဆပ်ကော်မတီဝင် ဦးသူရထံမှ သိရသည်။

အဆိုပါပြိုင်ပွဲကို တနင်္သာရီတိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီး သေနတ်ပစ်အားကစားဆပ်ကော်မတီတို့က ကြီးမှူး၍သေနတ်ပစ်အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် သုံးခရိုင် သေနတ်ပစ်အားကစားပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဇွန်လတွင်ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် သေနတ်ပစ်အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်စေရန်အတွက် ယင်းပြိုင်ပွဲမှ ကျွမ်းကျင်သေနတ်ပစ်အားကစားသမားကောင်းများ ရွေးချယ်သွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

**ဆက်သွယ်စုံစမ်းမေးမြန်းနိုင်**

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်သူများအား အခြေခံသေနတ်ပစ်အားကစားနည်းကို မြန်မာနိုင်ငံ သေနတ်ပစ်အားကစားအဖွဲ့ချုပ်၏ နိုင်ငံတကာနည်းစနစ်များအတိုင်း အခမဲ့သင်ကြား ပြသပေးမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်သူများအနေဖြင့် ပြိုင်ပွဲမကျင်းပမီ အချိန်အတွင်း လေ့ကျင့်ပစ်ခတ်နိုင်စေရန်အတွက် အမည်စာရင်းပေးသွင်းရန်နှင့် အသေးစိတ်သိရှိလိုပါက သေနတ်ပစ်ကွင်းတာဝန်ခံ ဖုန်း ၀၉-၂၆၁၉၉၇၇၃၀၊ ၀၉- ၆၆၂၀၂၄၃၈၀ သို့ ဆက်သွယ်စာရင်းပေး စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# မီးဘေးအန္တရာယ်မဖြစ်ပွားစေရန် လှည့်လည်စစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ကောလင်း မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်ဝင်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်သေးတို့ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ လှည့်လည်စစ်ဆေးခြင်းနှင့် အသိပေးခြင်းလုပ်ငန်းများကို ယမန်နေ့က မြို့တွင်းစက်သုံးဆီအရောင်းဆိုင်များ၊ ဈေးဆိုင်ခန်းများ၊ လူနေအိမ်များသို့ ကွင်းဆင်းဆောင်ရွက်သည်။

ယင်းသို့ ဆောင်ရွက်ရာ၌ ပြည်သူများ မီးအသုံးပြုရာတွင် စနစ်တကျအသုံးပြုစေရေး၊ မီးချိတ်/မီးကပ်များနှင့် သဲများ၊ မီးသတ်ဆေးဘူးများ၊ ရေကန်များအတွင်း ရေအသင့်ထားရှိရေး၊ လျှပ်စစ်မီးသုံးစွဲရာတွင် လိုက်နာဆောင်ရွက်ရမည့် အကြံပြုချက်များကို လှည့်လည်စစ်ဆေးခြင်းနှင့် အသိပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ပြန်/ဆက်)**

# ကိုရိုနာဗိုင်းရပ်စ် သိကောင်းစရာအကြောင်း စာပေစကားဝိုင်းကျင်းပ

**ရန်ကုန် မတ် ၂**

အင်းစိန်မြို့နယ် စာပေဥယျာဉ်အသင်းနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်မြို့နယ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကိုရိုနာဗိုင်းရပ်စ်ရောဂါအကြောင်း စာပေစကားဝိုင်းကို ဖေဖော်ဝါရီ ၂၉ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်မြို့နယ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်မြို့နယ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်အေးအေးခိုင်က အမှာစကားပြောကြားပြီး မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)က ယနေ့ကမ္ဘာတွင် ကူးစက်ပျံ့နှံ့နေသော ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကာကွယ်ရေးအကြောင်း သိကောင်းစရာများကို အသိပညာများ တိုးပွားစေရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် စာရေးဆရာ တော်မြင့် (၄က်ဖျား)က ရောဂတီမြစ်ကို ဖြတ်၍၊ ခင်နွဲ့မူ (အင်းစိန်) က စာရေးဆရာ မောင်သော်က၏ တိုက်ရေယာဉ်(၁၀၃)၊ စိန်ညိုမင်း (ထန်းတပင်)က လူငယ်နှင့် နိုင်ငံရေး၊ စာရေးဆရာ လှမိုးနိုင်က မြန်မာ့ရိုးရာအဆောင် လက်ဖွဲ့လက်စွဲစာအုပ်ပါ အကြောင်းအရာများကို စိတ်ဝင်စားဖွယ် ပြောကြားကြသည်။

**ဉာဏ်လင်း**

## စစ်ကိုင်းတိုင်းဒေသကြီးရှိ ကျေးရွာ ၅၅၉ ရွာ၌ လျှပ်စစ်မီးလင်းရေး လုပ်ဆောင်ပေးမည်

**မုံရွာ မတ် ၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ မဟာဓာတ်အားလိုင်းနှင့် သုံးမိုင်အတွင်းရှိပြီး လျှပ်စစ်သုံးစွဲခွင့် မရရှိသေးသော ကျေးရွာ ၅၅၉ ရွာတွင် ကမ္ဘာ့ဘဏ်မှ ချေးငွေဖြင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ လုပ်ဆောင်ပေးရန် စီစဉ်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှူးထံမှ သိရသည်။

"အခုလုပ်ဆောင်ပေးမယ့် အစီအစဉ်ကတော့ ကမ္ဘာ့ဘဏ်ချေးငွေနဲ့ လျှပ်စစ်မီးလင်းရေးလုပ်ငန်းကို ပြည်ထောင်စုအဆင့်ကနေ လုပ်ဆောင်ပေးတာ ဖြစ်ပါတယ်၊ အခု အခြေအနေကတော့ လုပ်ငန်းတွေ လုပ်ဆောင်ဖို့ တင်ဒါခေါ်ယူနေပါပြီ၊ အခု မီးလင်းရေး လုပ်ဆောင်ပေးမယ့် ခရိုင်ခြောက်ခုအတွင်းမှာရှိတဲ့ ကျေးရွာ ၅၅၉ ရွာက မဟာဓာတ်အားလိုင်းနဲ့သုံးမိုင် အတွင်းမှာရှိနေတဲ့ ကျေးရွာတွေဖြစ်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှူး ဦးမျိုးသန့်ထွန်းက ပြောကြားသည်။



ကျေးရွာတစ်ရွာ၌ မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးသွား၍ ဖွင့်ပွဲကျင်းပနေစဉ်။

လျှပ်စစ်မီးလင်းရေးအတွက် ခရိုင်အလိုက် လုပ်ဆောင်ပေးမည့် ကျေးရွာများမှာ မုံရွာခရိုင်အတွင်း ကျေးရွာ ၇၄ ရွာ၊ စစ်ကိုင်းခရိုင်အတွင်းရှိ ကျေးရွာ ၂၆ ရွာ၊ ရွှေဘိုခရိုင်အတွင်းရှိ ကျေးရွာ ၁၅၉ ရွာ၊ ကန့်ဘလူခရိုင်အတွင်းရှိ ကျေးရွာ ၃၀၊ ကသာခရိုင် အတွင်းရှိ ကျေးရွာ ၉၉ ရွာ၊ ကလေးခရိုင်အတွင်းရှိ ကျေးရွာ ၆၅ ရွာနှင့် ယင်းမာပင်ခရိုင်တွင်းရှိ ကျေးရွာ ၁၀၆ ရွာတို့ဖြစ်သည်။ အဆိုပါကျေးရွာများတွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း စုစုပေါင်း ၄၇၂ ဒသမ ၀၇ မိုင်နှင့် ထရန်စဖော်မာ ၁၃၂၂ လုံးတို့ကို သွယ်တန်း တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကျေးရွာ စုစုပေါင်း ၅၉၈၉ ရွာ ရှိသည့်အနက် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ လကုန်အထိ ကျေးရွာပေါင်း ၅၂၄၄ ရွာတွင် နည်းလမ်းမျိုးစုံဖြင့် လျှပ်စစ်မီးသုံးစွဲခွင့် ရရှိနေပြီ ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**

## တာချီလိတ်မြို့၌ မီးခိုးမြူများကြောင့် လေထုညစ်ညမ်းမှုလျှော့ချရေး တွေ့ဆုံဆွေးနွေး

**တာချီလိတ် မတ် ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် မီးခိုးမြူများဖုံးလွှမ်းမှုကြောင့် လေထုညစ်ညမ်းမှု လျှော့ချရေးအတွက် ရှမ်းပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်နှင့် ဌာနဆိုင်ရာများ၊ လေထုညစ်ညမ်းမှုလျှော့ချရေး ကော်မတီဝင်များနှင့် သတ္တုလုပ်ငန်းရှင်များသည် တာချီလိတ်မြို့ စုပေါင်းရုံးခန်းမ၌ မတ် ၁ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က တောမီးများနှင့် အခြားအကြောင်းများကြောင့် မီးလောင်ကျွမ်းမှုနှင့် လေထုညစ်ညမ်းမှု လျှော့ချနိုင်ရေး အစီအမံများကို ရှင်းလင်းတင်ပြခဲ့ပြီး လေထုညစ်ညမ်းမှု ဖြစ်ပွားပါက ပြည်သူများအတွက် မီးခိုးရှောင်နားနေစခန်းများ တည်ဆောက်ရန်၊ ရေမှုန်ရေမွှားထုတ်စက်၊ ရေငွေ့ထုတ်ပန်ကာကြီးများနှင့် အခြားဆက်စပ်ပစ္စည်းများ တပ်ဆင်ရန်နှင့် နှာခေါင်းစည်းများ ဖြန့်ဝေပေးနိုင်ရေး စသည့်လိုအပ်ချက်များကို တင်ပြခဲ့သည်။

နွေရာသီကာလရောက်တိုင်း တောမီးနှင့်အတူ အခြား မီးလောင်ကျွမ်းမှုများကြောင့် လေထုညစ်ညမ်းမှုကို နှစ်စဉ် မြန်မာနှင့် ထိုင်း နှစ်နိုင်ငံမှ ပြည်သူများ ကြုံတွေ့ရပြီး နှစ်နိုင်ငံပြဿနာအဖြစ်လည်း ရင်ဆိုင်ဖြေရှင်းနေရသဖြင့် လေထုညစ်ညမ်းမှုကို လျှော့ချသွားနိုင်ရေးအတွက် ခရိုင်အုပ်ချုပ်ရေးမှူး၏ တင်ပြချက်များကို မိမိအနေဖြင့် ပံ့ပိုးကူညီဖြည့်စွမ်းပေးမည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးက ပြန်လည်ဆွေးနွေးခဲ့သည်။

**ယာဆေး (ပြန်/ဆက်)**



## မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းမှု လျှော့ချရေးနှင့် ကိုရိုနာဗိုင်းရပ်စ်အကြောင်း ပညာပေးဟောပြော

**မိုင်းဖြတ် မတ် ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်အတွင်း သဘာဝ သစ်တောများကို ထိန်းသိမ်းရန်နှင့် ပြည်သူများကြား ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်မှုရှိစေရန် ရည်ရွယ်လျက် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးနှင့် ကိုရိုနာဗိုင်းရပ်စ်ရောဂါ(Covid-19)အကြောင်း အသိပညာပေး ဟောပြောပွဲများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများအဖွဲ့က ကျေးရွာများသို့ ကွင်းဆင်းပြုလုပ်လျက်ရှိရာ မတ် ၁ ရက်က မွန်ကာကျောင်းကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ၌ ဟောပြောခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးသက်လွင်က မီးခိုးမြူငွေ့လျှော့ချရေးအတွက် တောမီးမရှို့ရေး၊ တောင်ယာစပါးများ စိုက်ပျိုးရာတွင် အလှည့်ကျစနစ်တကျမီးရှို့သည့်စနစ်ဖြင့်ဆောင်ရွက်ရေး အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသန်းထွဋ်လွင်က မြေဆီလွှာပြုန်းတီးမှုကို ကာကွယ်နိုင်သည့် တောင်စောင်းစိုက်ပျိုးနည်းစနစ်များကိုလည်းကောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်မျိုးဇော်က ကိုရိုနာဗိုင်းရပ်စ်ရောဂါအကြောင်း သိကောင်းစရာများနှင့် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများကိုလည်းကောင်း၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးသန်းထွန်းအောင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာများကိုလည်းကောင်း ကျေးရွာနေပြည်သူများအား ရှင်းလင်းဟောပြောသည်။



ထို့အပြင် မြို့နယ်အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူး ဦးမြင့်ဌေးက နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းပုံစံ(၁၀)ထုတ်ပေးခြင်းဆိုင်ရာများကိုလည်းကောင်း၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမြတ်မိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်များကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးခိုင်စိုးဝင်းက မီးဘေးလုံခြုံရေးဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှူး ဦးရာဇာဝင်းထွန်းက ဦးစီးဌာန၏ လုပ်ငန်းတာဝန်များနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးရှောလမွန်က စာပေအသိပညာနှင့် ဘဝဖွံ့ဖြိုးရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း ကျေးရွာနေပြည်သူများအား ရှင်းလင်းဟောပြောကာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## အခွန်စည်းကြပ်လုပ်ငန်းဆိုင်ရာ သဘောတူစာချုပ်ကို နိုင်ငံတကာစာရင်းကိုင်ကုမ္ပဏီနှင့် ပူးပေါင်းချုပ်ဆိုမည်

**ရန်ကုန် မတ် ၂**

အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်(SAS)ဆိုင်ရာ လုပ်ငန်း ပူးပေါင်းဆောင်ရွက်ရန် ကမ္ဘာ့အဆင့်(၈)ရှိသော အင်္ဂလန်နိုင်ငံမှ နိုင်ငံတကာ စာရင်းကိုင်ကုမ္ပဏီတစ်ခု ဖြစ်သည့် Baker Tilly (Myanmar)နှင့် မြန်မာနိုင်ငံမှ Htun Than Associate ကုမ္ပဏီလီမိတက်တို့အကြား လုပ်ငန်းသဘောတူ စာချုပ်ကို မတ် ၅ ရက်တွင် ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်(SAS)ဖြင့် မည်သို့ အခွန်စည်းကြပ်မှုခံယူမည်ကို ကျွမ်းကျင် အငြိမ်းစား အခွန်အရာရှိများက ဟောပြောမည့် ဟောပြောပွဲကို မတ် ၅ ရက်တွင် မီလီရာဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး အဆိုပါဟောပြောပွဲတွင် လုပ်ငန်းသဘောတူစာချုပ်ကို ချုပ်ဆိုသွားမည်ဟု သိရသည်။

"အခွန်ထမ်းကိုယ်တိုင် စည်းကြပ်တဲ့စနစ်နဲ့ အခွန်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ အကြောင်းအရာတို့ကို ရှင်းလင်းဆွေးနွေးမှာပါ။ ပြီးတော့ ကမ္ဘာ့အဆင့်(၈)ရှိတဲ့ နိုင်ငံတကာစာရင်းကိုင်ကုမ္ပဏီနဲ့ ပူးပေါင်းပြီး အခွန်ဆိုင်ရာနဲ့ စာရင်းအင်းဆိုင်ရာ ဖွင့်လှစ်ဖို့ နှစ်ဦးသဘောတူ လက်မှတ်ထိုး ပူးပေါင်းဆောင်ရွက်မှာပါ"ဟု Htun Than Associate ကုမ္ပဏီလီမိတက်၏ တာဝန်ရှိသူ ပြည်တွင်းအခွန်များဦးစီးဌာနမှ အငြိမ်းစားတစ်ဦးဖြစ်သည့် ဦးထွန်းသန်းက ပြောသည်။

ထိုနေ့ အခွန်ပညာပေး ဟောပြောပွဲတွင် ပြည်တွင်းအခွန်များဦးစီးဌာနမှ အငြိမ်းစား ဒုတိယညွှန်ကြားရေးမှူး ဦးမင်းလွင်ဦးက နိုင်ငံ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည့်ဝစွာဆောင်ရွက်နိုင်ရန်နှင့် တိုင်းပြည်အတွက် အခွန်ဘဏ္ဍာရရှိရန်အတွက် အခွန်စည်းကြပ်သောလုပ်ငန်းသည် အရေးပါလျက်ရှိရာ မည်သို့ အခွန်စည်းကြပ်ရန်၊ မည်သည့်အရာများကို အခွန်စည်းကြပ်ရန်နှင့် တိုင်းပြည်အတွက် ဝင်ငွေခွန်သည် မည်မျှအရေးကြီးပုံတို့ကို ဆွေးနွေးဟောပြောမည်ဖြစ်ကြောင်း သိရသည်။

အခွန်ထမ်းကိုယ်တိုင် စည်းကြပ်သည့်စနစ်(SAS)ကို အသစ်ပြောင်းလဲလိုသည့် နိုင်ငံခြားကုမ္ပဏီများ မြန်မာနိုင်ငံတွင်ရှိနေရာ ဌာနများနှင့် ဝန်ထမ်းများအား ပုဂ္ဂလိကဝန်ဆောင်မှုအကြောင်း ဆွေးနွေးခြင်းများစွာ လိုအပ်သောကြောင့် မြန်မာနိုင်ငံတွင် အခွန်နှင့်ပတ်သက်သော ဝန်ဆောင်မှုလုပ်ငန်း ပေါ်ထွန်းလာခြင်းဖြစ်ကြောင်း၊ အခွန်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းဆင်းပါက အခွန်ဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံသားများအနေဖြင့်လည်း မည်သို့ အခွန်ထမ်းရသည်၊ မည်သည့်အတွက်ကြောင့် အခွန်ထမ်းရသည်ကို သိရှိစေရန် အကူအညီပေးနိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းများစွာ ပေါ်ထွန်းလာခြင်းဖြင့် အခွန်ထမ်းလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စေမည် ဖြစ်ကြောင်း သိရသည်။

ပြည်ပနိုင်ငံများရှိ အခွန်ဆိုင်ရာလုပ်ငန်းများတွင် ပုဂ္ဂလိကဝန်ဆောင်မှုအဖြစ် ကိုယ်စားလှယ်အနေဖြင့်လည်းကောင်း၊ အခွန်ပညာပေးလုပ်ငန်းများကိုလည်းကောင်း ဖော်ဆောင်လျက်ရှိရာ မြန်မာနိုင်ငံတွင်လည်း ထိုသို့သော ကုမ္ပဏီများစွာ ပေါ်ထွန်း၍ နိုင်ငံအတွက် အခွန်ရရှိမှုကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်လျက် ပြည်ပနိုင်ငံမှ စာရင်းကိုင်ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကြောင်း သိရသည်။ **သန်းထိုက်**

## အသိပညာပေးဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲကျင်းပ

**မိုင်းခတ် မတ် ၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းခတ်မြို့နယ်၌ ကျောင်းသားကျောင်းသူများ စာဖတ်ရှိန်မြင့်မားလာစေရန်နှင့် အသိပညာ ဗဟုသုတ တိုးပွားလာစေရန် ရည်ရွယ်လျက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာများသို့ ကွင်းဆင်း၍ ဟောပြောပွဲများ ပြုလုပ်ပေးလျက်ရှိရာ မတ် ၂ ရက်က ပင်းကွေလားဟူကျေးရွာ မူလတန်းကျောင်း၌ သွားရောက်ဟောပြောခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်နန်းနွယ်နီအောင်က စာဖတ်ခြင်း၏အကျိုးကျေးဇူးများနှင့် အထွေထွေ ဗဟုသုတ အကြောင်းအရာများကို ဟောပြောပြီးနောက် ကျောင်းသား ကျောင်းသူများအား တိုင်းရင်းသားပုံပြင်များ၊ နံရံကပ်စာစောင်များနှင့် ဓာတ်ပုံများ ခင်းကျင်းပြသခဲ့သည်။ **မိုးဒေ(မိုင်းခတ်)**



အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့်သတင်းစာ မြန်မာ့အလင်း တွင် ကြော်ငြာပါ

# ကချင်ပြည်နယ်အတွင်း မြန်မာ-တရုတ်ကုန်သွယ်ရေး အဓိကကျသော ကန်ပိုက်တီနယ်စပ်ကုန်သွယ်ရေး စခန်းအား အဆင့်မြှင့်တင်နိုင်ရေးအတွက် ပြည်နယ်လွှတ်တော်က အတည်ပြု

မြစ်ကြီးနား မတ် ၂

ကန်ပိုက်တီနယ်စပ် စီးပွားရေးနယ်မြေ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းလာမှုအပေါ် ကချင်ပြည်နယ်လွှတ်တော်က အတည်ပြုကြောင်း ဖေဖော်ဝါရီလ နောက်ဆုံးပတ်က ပြုလုပ်ခဲ့သည့် ဒုတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် (၁၈) ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် ဆုံးဖြတ်ခဲ့သည်။

စီးပွားရေးနယ်မြေစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အသေးစိတ် အစီအစဉ်များနှင့်ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြည်နယ်ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးဝေလင်းက အစည်းအဝေး တတိယနေ့တွင် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းသည် တစ်ဖက်တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပြုရာတွင် ကချင်ပြည်နယ်၏ အဓိကကျသော ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်သည့်အတွက် အဆင့်မြှင့်တင်ရန် အမှန်တကယ် လိုအပ်လျက်ရှိရာ အစိုးရအဖွဲ့က အဆင့်မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို အသေးစိတ်ဖတ်ကြား တင်သွင်းခဲ့ပြီး ပြည်နယ်လွှတ်တော်က အကြံပြုဆွေးနွေးပေးနိုင်ရေးနှင့် အတည်ပြုပေးနိုင်ရေး ဖတ်ကြား တင်သွင်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကုန်သွယ်ရေးစခန်းသည် မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေး လမ်းကြောင်းပေါ်တွင်တည်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေသဖြင့် ၎င်းတို့ဖက်ခြမ်းရှိ ဟိုချောင်နယ်စပ်ဂိတ်တွင် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းကို အဆင့်မြှင့်တင်ရန် လိုအပ်လျက်ရှိကြောင်း၊ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မှသာလျှင် အဝင်/အထွက်လမ်း ကျဉ်းမြောင်း၍ ယာဉ်ကြောပိတ်ဆို့ နှောင့်နှေးကြန့်ကြာမှုများကို ဖြေရှင်းနိုင်မည်ဖြစ်ပြီး ကုန်ပစ္စည်းစစ်ဆေးမှုများကို စနစ်တကျစစ်ဆေးဆောင်ရွက်နိုင်ကာ မှန်ကန်သည့် ကုန်သွယ်မှုပမာဏရရှိစေရေး အထောက်အကူဖြစ်နိုင်မည်ဖြစ်ကြောင်း၊ တရားမဝင် ကုန်သွယ်မှုများကို လျော့နည်းပပျောက်စေရေး ထိန်းချုပ်နိုင်မည်ဖြစ်ပြီး ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းပိုမိုရရှိလာမည်ဖြစ်ကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြည်နယ်ဘဏ္ဍာ၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးက ဖတ်ကြားတင်သွင်းခဲ့သည်။

အဆိုပါ စီးပွားရေးနယ်မြေစီမံကိန်းကို မြန်မာဟိန်ယ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်မှ အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး ကုမ္ပဏီပိုင်မြေဧရိယာ စုစုပေါင်း ၇၅ ဒသမ ၉၀၉ ဧကပေါ်တွင် အခြေခံအဆောက်အအုံများတည်ဆောက်ကာ Developer အဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး Developer အဖြစ် ဆောင်ရွက်မည့် အစီအစဉ်အတွက် အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၄ မီလီယံ (မြန်မာ ငွေကျပ်သန်းပေါင်း ၃၃၆၀၀) ဖြင့် အကုန်အကျခံ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။



Zone (C): ကန်ပိုက်တီနယ်စပ်စစ်ဆေးရေးဂိတ်ဝန်ဆောင်မှု ဧရိယာ ပုံစံငယ်

ထို့အပြင် အကောင်အထည်ဖော်ဆောင်ရွက်မည့် နယ်စပ်စီးပွားရေးနယ်မြေ စီမံကိန်းတွင် စစ်ဆေးရေးဂိတ်၊ အစိုးရဝန်ထမ်းအိမ်ရာ၊ ခရီးသွားနားနေဆောင်၊ ယာဉ်ရပ်နားကွင်း အပါအဝင် အရှေ့တောင် အာရှယဉ်ကျေးမှု ဈေးတန်း၊ ကုန်စည်ဖလှယ်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး ဧရိယာ နှစ်ခု၊ ဂိုဒေါင်များနှင့် ဆိုင်ခန်းများ အပါအဝင် ဇုန် A၊ B၊ C၊ D၊ E၊ F အဖြစ် ဇုန် ခြောက်ဇုန် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ကန်ပိုက်တီကုန်သွယ်ရေးစခန်းသည် ကချင်ပြည်နယ်၏ အဓိကကျသော နယ်စပ်ဂိတ်ဖြစ်ပြီး ကုန်သွယ်မှုနှင့် ပတ်သက်၍ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တစ်ဖက်တရုတ်နိုင်ငံသို့ ပို့ကုန်/ သွင်းကုန်မှ ရရှိသည့် အခြေအနေမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စုစုပေါင်း ကုန်သွယ်မှု ပမာဏ ဒေါ်လာ ၁၁၆ ဒသမ ၆၄၅ သန်းနှင့် ၂၀၁၈ ခုနှစ်၊ မီနီဘတ်ဂျက်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပို့ကုန်/သွင်းကုန်အနေဖြင့် စုစုပေါင်းကုန်သွယ်မှုပမာဏ ဒေါ်လာ ၂၉၆ ဒသမ ၄၄၈ သန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ခဲ့သည့် ကုန်သွယ်မှုပမာဏအပေါ် အခွန်အရပ်ရပ် ကောက်ခံရရှိမှုအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၆၄၀၃ ဒသမ ၅ သန်းနှင့် ၉၅၂၇၅၃ ယွမ်နှင့် ၂၀၁၈ ခုနှစ်၊ မီနီဘတ်ဂျက်တွင် ငွေကျပ် ၃၄၀၄ ဒသမ ၈ သန်းနှင့် ၆၈၅၉၁၅ ယွမ်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၉၂၂၉ ဒသမ ၆ သန်းနှင့် ၁၉၄၄၆၄၅ ယွမ် ကောက်ခံရရှိကြောင်း သိရသည်။

**မျိုးမြင့်စိုး (ပြည်နယ်ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ နွေနှမ်းစိုက်ပျိုးတောင်သူများအတွက် မဲဇလီရေလွှဲဆည်မှ မြောက်မုန်းမြောင်းမကြီးအား စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေး

ပွင့်ဖြူ မတ် ၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း ဒေသခံတောင်သူများ နွေနှမ်းအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ယမန်နေ့က ပွင့်ဖြူမြို့နယ် မဲဇလီရေလွှဲဆည်မှ မြောက်မုန်းမြောင်းမကြီးကို စိုက်ပျိုးရေများ ဖြန့်ဝေဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနရုံးမှ သိရသည်။


မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက မြို့နယ်အတွင်းရှိတောင်သူများ အချိန်မီ စိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေဖူလုံစေရေးအတွက် နှစ်စဉ် မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီး နှင့် မြောက်မုန်းမြောင်းကြီးတို့မှ တစ်ဆင့် လယ်ယာမြေစိုက်ခင်းများအရောက် ပို့လွှတ်ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိရာ စိုက်ပျိုးရေလုံလောက်စွာရရှိသဖြင့် သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းကာ လုပ်ငန်းအဆင်ပြေလျက်ရှိသည်။

ယခု ၂၀၁၉ - ၂၀၂၀ ခုနှစ် နွေသီးနှံစိုက်ပျိုး ရာသီတွင်လည်း မြို့နယ်အတွင်း မြောက်မုန်းမြောင်းမကြီး တစ်လျှောက်ရှိ တောင်သူများ နွေနှမ်းအချိန်မီ စိုက်ပျိုးလုပ်ကိုင်နိုင်ရေးအတွက် စတင်၍ ဖြန့်ဝေဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း၊ ထိုသို့ စိုက်ပျိုးရေများ ဖြန့်ဝေရာတွင် စိုက်ပျိုးရေပို့လွှတ်မည့် ရေလက်တံမြောင်းများအတွင်း ရေမြိတ်များနှင့် ချုံနွယ်ပိတ်ပေါင်းများ ပိတ်ဆို့မှု မဖြစ်စေရန်နှင့်နွေသီးနှံ စိုက်ပျိုးလယ်မြေများ ရေမှျတစွာ ရရှိရေးအတွက် ကြိုတင်၍ ရေလက်တံမြောင်းများကို ရှင်းလင်းထားရှိနိုင်ရေး တောင်သူများအား အသိပေးနှိုးဆော်ထားကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြတ်ဖော်သိန်းထိက သိရသည်။

"တောင်သူတွေကို စိုက်ပျိုးရေ ဖြန့်ဝေမှုအနေနဲ့ ခါတိုင်းနှစ်တွေက မဲဇလီရေလွှဲဆည်ကနေ ပို့လွှတ်တဲ့ ဆည်ရေကို တောင်မုန်းမြောင်းမကြီးနဲ့ မြောက်မုန်း မြောင်းမကြီး နှစ်ခုလုံးကို နွေစပါးနဲ့ အခြားနွေသီးနှံ စိုက်ပျိုးနိုင်အောင် ပို့လွှတ်ပေးနိုင်ခဲ့ပါတယ်။

"အခုနှစ်မှာတော့ ဆည်ရေ အဝင်နည်းတဲ့အတွက် တောင်သူတွေ အခက်အခဲဖြစ်မှာစိုးလို့ တောင်မုန်းမြောင်းမကြီးက တောင်သူတွေကို ဖေဖော်ဝါရီ ၁၅ ရက်က နွေစပါးနဲ့ အခြားနွေသီးနှံ စိုက်ပျိုးလို့ရအောင် ဆည်ရေ ပေးဝေခဲ့ပါတယ်။ မတ် ၁ ရက်မှာ မြောက်မုန်းမြောင်းမကြီး တစ်လျှောက်ရှိ နွေနှမ်းစိုက်ပျိုးမယ့် တောင်သူတွေအတွက် ဖြန့်ဝေပေးတာဖြစ်ပါတယ်။

"ဒီလို ပေးဝေတာဟာလည်း အလှည့်ကျစနစ်နဲ့ ဖြန့်ဝေသွားမှာဖြစ်ပါတယ်။ လာမယ့် နှစ်မှာဆိုရင် မြောက်မုန်းမြောင်းမကြီးက တောင်သူတွေကို နွေစပါးနဲ့ အခြားနွေသီးနှံ စိုက်ပျိုးနိုင်အောင် ပေးဝေသွားမှာဖြစ်ပြီး တောင်မုန်းမြောင်းမကြီးက တောင်သူတွေကို နွေနှမ်းသီးနှံအတွက် ပေးဝေသွားမှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။




မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခု ၂၀၁၉ - ၂၀၂၀ ခုနှစ်၊ နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် နွေစပါးစိုက်ပျိုးဧက ၁၄၃၈၀ နှင့် နွေနှမ်းစိုက်ပျိုးဧက ၄၀၀၇၇ ဧက လျာထားစိုက်ပျိုးဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနရုံးမှ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာ ထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက် ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီ ရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့် အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသော နေရာများတွင် သေချာစွာ သိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သော ပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေ ထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင်ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့် ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာ စစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှ သေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့် အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေး ကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံး ထားရှိဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။

# စည်ကားဆဲ စည်ကားမြဲ မိုင်းကိုင်မြို့နယ် တပေါင်းပွဲ

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့နယ်တွင် တပေါင်းလရာသီ၌ သမိုင်းဝင်ရွှေမြင်ထင် မွေတော်ဘုရားကြီး၏ တပေါင်းလ ဘုရားပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ကျင်းပလျက်ရှိသည်။ တပေါင်းပွဲတော်ကို နှစ်စဉ် တပေါင်းလဆန်း ၈ ရက်မှ တပေါင်းလပြည့်နေ့အထိ ကျင်းပလေ့ရှိသည်။ မိုင်းကိုင်မြို့နယ် တပေါင်းပွဲတော်သည် ရှမ်းပြည်နယ်တွင် ထင်ရှားကျော်ကြားသည့် ပွဲတော်ကြီးများအနက် တစ်ခု အပါအဝင်ဖြစ်ပြီး မိုင်းကိုင်မြို့နယ်အတွင်းရှိ ပြည်သူများသာမက ရပ်ဝေးရပ်နီးမှ ဘုရားဖူးညှော့သည်များ၊ ပွဲဈေးသည် ဈေးဝယ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည့် ပွဲလည်းဖြစ်သည်။

မိုင်းကိုင်မြို့နယ်၏ သံဃနာယက ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တရေဝတ အမှူးထား၍ ရဟန်းသံဃာတော်များ၊ ဘုရားဂေါပကအဖွဲ့နှင့် မိဘပြည်သူများကလည်း ရွှေမြင်ထင်မွေတော်ဘုရားကြီး သာသနာရောင်ဝါထွန်းကားရေး အတွက် အစဉ်ပြုပြင်ထိန်းသိမ်း မွမ်းမံလျက်ရှိသည်။

ယခုနှစ်တွင်လည်း တပေါင်းလရာသီ ဘုရားပွဲတော်ကြီးကို ကျင်းပတော့မည်ဖြစ်သည့်အတွက် ဘုရားပွဲဈေးသည်များ စတင်ရောက်ရှိနေပြီဖြစ်ရာ စတင်စည်ကားလျက်ရှိသည်။ ပွဲတော်၏ ရှေးရိုးရာထုံးစံအတိုင်း တပေါင်းလဆန်း ၈ ရက် နံနက်ပိုင်းတွင် ပွဲတော်ကြီးစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး အတွက်ရည်ရွယ်၍ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ မိဘပြည်သူများ စုပေါင်းကာ မိုင်းကိုင်မြို့နယ် ဟော်နန်းဝင်း အတွင်းရှိ ကိုးမြို့ရှင်နတ်ကို ပင့်ဆောင်ကာ ပွဲတော်ဝင် စတင်မြဲဖြစ်သောကြောင့် ပွဲတော်သို့ နှစ်စဉ်ဘုရားဖူးညှော့သည်များဖြင့် စည်ကားဆဲ စည်ကာမြဲပင်ဖြစ်သည်။



ရွှေမြင်ထင်မွေတော်ဘုရားဝင်းအတွင်း ဈေးဆိုင်ခန်းများ ဆောက်လုပ်စဉ်။

ထိုသို့စည်ကားသိုက်မြိုက်စွာ ကျင်းပသည့်ပွဲဖြစ်သောကြောင့် မိုင်းကိုင်မြို့နယ်အတွင်းရှိ လက်မှုပညာပစ္စည်းများဖြစ်သော ဟိုနားကျေးရွာ စဉ့်ထည်၊ စဉ့်အိုး မြေထည်ပစ္စည်းများ၊ ကုန်းကန်ကျေးရွာ မြေရေတခေါင်း၊ နောင်အုံကျေးရွာ ဓားနှင့်သံထည်ပစ္စည်းများ၊ ခုံမက်မှုံကျေးရွာ ရှမ်းဝါးခမောက်ပစ္စည်းများအပြင် အခြားဒေသထွက်ရိုးရာလက်မှုပညာ ပစ္စည်းများကိုလည်း တပေါင်းပွဲတော်၌ လာရောက်ရောင်းချသောကြောင့် ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူရရှိနိုင်သည်။

ဘုရားပွဲတော်သို့ မြေပြန့်သာမက တောင်ပေါ်ဒေသနေ ပြည်သူများအားလုံး လာရောက်ကြသောကြောင့် ဒေသရှိ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများနှင့် ဝတ်စားဆင်ယင်မှုများကိုလည်း စုံလင်စွာလေ့လာတွေ့ရှိနိုင်သည်။

ဘုရားဖူးညှော့သည်များအနေဖြင့် မိုင်းကိုင်မြို့နယ်အတွင်းရှိ သမိုင်းဝင်အထင်ကရနေရာများဖြစ်သည့် မိုင်းခွန်ကျေးရွာအနီးရှိ ဗုဒ္ဓမြတ်စွာဘုရားခြေတော်ရာ တည်ရှိသော စက်တော်ရာ ဘုရားတောင်၊ ဘုရားငါးဆူဘုရား၊ ခွန်ဆန်လောနှင့် နန်းဦးပျဉ်တို့၏ လွမ်းစေတီနှင့် ၎င်းတို့၏ သင်္ချိုင်းနေရာများ၊ အပန်းဖြေစရာ ရေပူစမ်းများသို့လည်း သွားရောက်နိုင်သည်။ ယင်းနေရာများသို့ ခေါက်တိုပို့ဆောင်ပေးသည့် အငှားယာဉ်များလည်း ပွဲတော်ကာလတွင် ပြေးဆွဲလျက်ရှိသောကြောင့် သွားလာရေး အတွက်လည်း အဆင်ပြေချောမွေ့စေသည်။

ဘုရားပွဲတော်ကြီးမှ ဘေးပတ်ဝန်းကျင်သို့ လှမ်းမျှော်ကြည့်လျှင် အနောက်ဘက်၌ မိုင်းကိုင်မြို့နယ်၏ အမြင့်ဆုံးတောင်ဖြစ်သော စိမ်းညို့ညို့ဆင်တောင်တန်းကြီးနှင့်အတူ မြို့ပတ်ပတ်လည်၌ မျက်စိတစ်ဆုံး မြင်တွေ့ရသည့် လယ်ကွင်းပြင်များ၊ တောင်မှမြောက်သို့ ကွေ့ကောက်ကာ စီးဆင်းလာသော နမ့်တိန်းချောင်း စသည်တို့ကို ကြည့်ခြင်းအားဖြင့် လယ်ယာလုပ်ငန်းခွင်နှင့် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်သည့် ရှမ်းပြည်နယ်တောင်ပိုင်း၏ စပါးကျီသဖွယ်တည်ရှိသော မြို့ကိုလည်း လာရောက်လေ့လာနိုင်မည် ဖြစ်သည်။

ဘုရားဈေးပွဲတော်အတွင်းတွင် လောင်းကစားခြင်း၊ အရက်သေစာ သောက်စားမူးယစ်ခြင်းများကိုလည်း တားမြစ်ထားပြီး တောင်ပေါ်နေ ဘုရားပွဲလာ မိဘပြည်သူများ၏ နွားလှည်းများ၊ ဘုရားဖူးယာဉ်များသည် ပွဲတော်အနီး လယ်ကွင်းများအတွင်း ပြည့်နှက်လျက်ရှိသည်။

သို့ဖြစ်၍ မိုင်းကိုင်မြို့နယ်၏ တပေါင်းလ ဘုရားပွဲတော်နှင့်အတူ မြို့၏ သာယာလှပမှု၊ သမိုင်းဝင်အထင်ကရနေရာများ၊ ဒေသထွက် တိုင်းရင်းသားရိုးရာပစ္စည်းများအပြင် ရိုးသားလှသည့် တိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို လာရောက်လေ့လာနိုင်ရန် တပေါင်းပွဲတော်ကြီးသို့ လှမ်းလာခဲ့ပါရန် ဖိတ်ကြားရင်း ရေးသားတင်ပြလိုက်ရပါသည်။

**နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)**

## နှစ်ပေါင်း ၂၅၀ ခန့်သက်တမ်းရှိ ရှေးဟောင်းအေးမြကန်သာမင်္ဂလာ ဘေးမဲ့ကန်တော်ကြီး ပြန်လည်တူးဖော်

**မြိတ် မတ် ၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် အင်္ဂမော်ကျေးရွာအုပ်စု ကန်သာယာကျေးရွာတွင် နှစ်ပေါင်း ၂၅၀ ခန့်သက်တမ်းရှိ တိမ်ကောလျက်ရှိနေသည့် အေးမြကန်သာ ရှေးဟောင်းမင်္ဂလာ ဘေးမဲ့ကန်တော်ကြီး ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို ယမန်နေ့က စတင်ဆောင်ရွက်သည်။

"ဒီရှေးဟောင်းမင်္ဂလာကန်တော်ကြီးက တိမ်ကောလာခဲ့တာဟာ ဆယ်စုနှစ်မက ရှိခဲ့ပြီ။ ရေကန်အတွင်းနဲ့အနီးအနားမှာ လာရောက်ကျက်စားနေတဲ့ ဆောင်းခိုငှက်၊ ဗျိုင်း၊ ဒင်ကြီး စတဲ့ငှက်တွေနဲ့တခြားငှက်မျိုးစိတ်ပေါင်းများစွာလည်း ရှိနေတယ်။ ဒီအတိုင်း မပြုပြင်ဘဲ ဆက်ပြီးထားရင် ဘိုးဘွား၊ မိဘတွေအဆက်ဆက်က ရှိနေခဲ့တဲ့ ဒီရှေးဟောင်းအမွေအနှစ် ကန်တော်ကြီး တိမ်ကောပပျောက်သွားမှာကို စိုးရိမ်လို့ အခုလို ပြန်လည် ပြုပြင်ထိန်းသိမ်းချင်တဲ့ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ရတာဖြစ်ပါတယ်" ဟု သံသရာအေးကျောင်းဆရာတော်က မိန့်ကြားသည်။

အဆိုပါ ရှေးဟောင်းကန်တော်ကြီးကို မြိတ်မြို့ကန်သာပရိယတ္တိစာသင်တိုက်ကျောင်း ဆရာတော် နှင့်သံသရာအေးပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းဆရာတော်တို့ ဦးဆောင်မှုဖြင့် အလှူရှင်များ ပူးပေါင်းမတည်ထည့်ဝင်ငွေများဖြင့် ပြန်လည်တူးဖော်ခြင်းအတွက်လုပ်ငန်း ကော်မတီတစ်ရပ်ကိုဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပြီး အလှူငွေများ လိုအပ်လျက်ရှိသောကြောင့် မည်သူမဆို ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဖုန်း ၀၉-၄၅၁၂၂၃၂၇ သံသရာအေးဆရာတော်ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**




## ယခုနှစ်တွင် ချင်းတွင်းမြစ်ကြောင်းပြောင်းလဲကာ သဲသောင်ခုံပေါ်ထွန်းသဖြင့် ကိုကြီးကျော်နတ်ပွဲကူးတို့ဆိပ်ကို နေရာပြောင်းလဲဖွင့်လှစ်

**ရေစကြို မတ် ၂**

မြန်မာနိုင်ငံ၏ ဒုတိယမြောက် အစည်ကားဆုံးဖြစ်သည့် ကိုကြီးကျော်နတ်ပွဲကို ကျင်းပလျက်ရှိရာ ယခုနှစ်တွင် ချင်းတွင်းမြစ်ကြောင်း ပြောင်းလဲမှုကြောင့် နတ်ပွဲသွားလာသူများ အဆင်ပြေစေရန် သဲသောင်ခုံပေါ်တွင် လမ်းဖောက်ကာ ကူးတို့ဆိပ်နေရာကို ပြောင်းလဲဖွင့်လှစ်ပေးခဲ့သည်။

ယခင်နှစ်များက ကိုကြီးကျော်နတ်ပွဲရှိရာ ကူနီနတ်နန်းသို့ရောက်ရှိရန် ပခန်းငယ်ကျေးရွာဇက်ကူးတို့ဆိပ်မှ ချင်းတွင်းမြစ်ကို ဇက်(သို့)စက်လှေတို့ဖြင့် ဖြတ်ကူးကာ မြစ်တစ်ဖက်ကမ်းရှိ ပွဲခင်းဆီသို့ သွားကြရသည်။ ယခုနှစ်တွင်မူ ချင်းတွင်းမြစ်မှာ သောင်ထွန်းကာ ရေကြောင်းပြောင်းလာသဖြင့် ပခန်းငယ်ကျေးရွာ၏ တောင်ဘက်ရှိ သင့်သည်ကျေးရွာမှ သောင်ခုံပေါ်တွင်လမ်းဖောက်ပြီး ကူးတို့ဆိပ်အဖြစ် ပြောင်းလဲဖွင့်လှစ်ထားရကြောင်း သိရသည်။

နတ်ပွဲလာသည့် ပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရန် သဲသောင်ခုံကိုလမ်းဖောက်ခြင်း**(အောက်ပုံ)**၊ သဲသောင်ခုံပေါ်တွင် ကားကွင်းတည်ဆောက်ခြင်းတို့ကို တိုင်းဒေသကြီးစည်ပင်၏ ခွင့်ပြုချက်ဖြင့် မြို့နယ်စည်ပင် သာယာရေးအဖွဲ့မှ ငွေကျပ်သိန်း ၁၉၀ ကျော် အကုန်အကျခံကာ တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

"ကားတွေ သွားလာတဲ့နေရာမှာ အခက်အခဲမရှိအောင် မြို့နယ်စည်ပင်က ဦးဆောင်ပြီးတော့ ဆောင်ရွက်ထားပါတယ်။ ကျွန်တော်တို့ ကူးတို့ဆိပ်ကနေ ဇက်ကူးသွားမယ်ဆိုရင် နတ်နန်းကို ငါးမိနစ်လောက်နဲ့ သွားနိုင်အောင် အနီးကပ်ဆုံးနေရာမှာ စီစဉ်ထားပါတယ်။ ကျွန်တော်တို့ မနှစ်ကဆိုရင် ဇက်ပေါ်မှာ နာရီဝက်လောက်စီးပြီးမှ သွားလို့ရပါတယ်။ အခုဆိုရင် ငါးမိနစ်လောက်နဲ့ ရောက်အောင် ဆောင်ရွက်ထားပါတယ်"ဟု ကူးတို့ဆိပ်တာဝန်ခံ ဦးကိုကိုအေးက ပြောသည်။

ကိုကြီးကျော်နတ်ပွဲသို့ သွားသူများသည် သင့်သည်ကျေးရွာဘက်ရှိ ကူးတို့ဆိပ်မှ တိုက်ရိုက်သွားလာနိုင်သကဲ့သို့ ချစ်သူကျေးရွာဘက်ရှိ ကူးတို့ဆိပ်မှလည်း ဇက်ရေယာဉ်ဖြင့် သွားလာနိုင်ကြကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**



# တိရစ္ဆာန်ကူးစက်ရောဂါများကာကွယ်ဖို့ မွေးမြူမှုပုံစံပြောင်းလဲစို့

## ဒေါက်တာယဉ်မိုးအောင်နှင့် သုတေသီများ (မွေး/ကု)

နိုင်ငံ့ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ၏ ၃၀ ရာခိုင်နှုန်းခန့်ကို စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ ရရှိသော်လည်း တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ၊ မွေးမြူရေးဆိုင်ရာ အသိပညာအားနည်းခြင်းကြောင့် တောင်သူလယ်သမားအများစု၏ တိရစ္ဆာန်မွေးမြူရေး (အထူးသဖြင့် - ကျွဲ၊ နွား၊ ဝက်) နှင့် ပတ်သက်သော အကျိုးခံစားခွင့် အလွန်နည်းပါးလှပြီး ၎င်းတို့၏လူမှုစီးပွားဘဝသည် တိုးတက်သင့်သလောက် တိုးတက်မှုမရရှိခဲ့ပေ။

**နှစ်စဉ်တိရစ္ဆာန်ရောဂါဖြစ်ပွား**

ထို့ပြင် မြန်မာနိုင်ငံ၏ ကျွဲနွားကောင်ရေသည် ၂၀၁၈ ခုနှစ် စစ်တမ်းများအရ ၁၁ သန်းခန့်ရှိသော်လည်း မြန်မာနိုင်ငံ၏ သမားရိုးကျ ကျွဲနွားမွေးမြူမှုပုံစံအရ လွှတ်ကျောင်းမွေးမြူခြင်း၊ မွေးမြူသူတောင်သူများ၏ တိရစ္ဆာန်ကျန်းမာရေးနှင့် ပတ်သက်၍ အသိပညာအားနည်းခြင်းတို့ကြောင့် နေရာဒေသအနှံ့အပြားတွင် နှစ်စဉ် တိရစ္ဆာန်ရောဂါဖြစ်ပွားမှုများကို တွေ့ရှိလာရသည်။

အချို့တိရစ္ဆာန်ရောဂါများကို ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်သော်လည်း မွေးမြူသူတောင်သူများ၏ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ဆေးထိုးနှံမှုအပေါ် ပူးပေါင်းပါဝင်မှု အားနည်းခြင်းနှင့် ရှေးရိုးစွဲအယူအဆများကို မပယ်ဖျက်နိုင်ခြင်းတို့ကြောင့် သမားရိုးကျမွေးမြူမှုပုံစံများမှသည် ခေတ်မီမွေးမြူမှုပုံစံသို့ မပြောင်းလဲနိုင်သေးပေ။

ဥပမာအားဖြင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ရခိုင်ပြည်နယ် မြေပုံမြို့နယ် ရွာသာယာကျေးရွာ၌ ဖြစ်ပွားခဲ့သည့် ကျွဲနွားလည်ချောင်းကွဲရောဂါသည် ကျွဲနွားများကို အသက်ခြောက်လမှစ၍ ခြောက်လတစ်ကြိမ် ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါဖြစ်ပွားကျရောက်မှုကို ကာကွယ်နိုင်သော်လည်း ၂၀၁၉ ခုနှစ် အောက်တိုဘာလက မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးဆောင်၍ တိရစ္ဆာန်ကျန်းမာရေးလုပ်သားများ၏ အကူအညီဖြင့် အဆိုပါကျေးရွာသို့ ကာကွယ်ဆေးထိုးဆောင်ရွက်စဉ်အခါက ရွာရှိ ကျွဲအချို့သည် ကာကွယ်ဆေးထိုးနှံသည့်ကျေးရွာတွင် ရှိမနေဘဲ တောင်ပေါ်ဒေသ၌ လွှတ်ကျောင်းမွေးမြူထားခြင်းကြောင့် ကာကွယ်ဆေး မထိုးနှံနိုင်ခဲ့ပေ။ ထို့အတွက် အဆိုပါကျွဲနွားများ လည်ချောင်းကွဲရောဂါ ဖြစ်ပွားသေဆုံးခဲ့သည်။

> **“သမားရိုးကျတိရစ္ဆာန်အစာများအပြင် ဖြည့်စွက်စာများကျွေးခြင်း၊ အများသုံးစားကျက်များတွင် စုပေါင်းလွှတ်ကျောင်းခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပြင်ပနေရာမှ ကျွဲနွားဝယ်လာပါက မိမိခြံရှိ တိရစ္ဆာန်များနှင့် ပူးတွဲမထားဘဲ စောင့်ကြည့်ကာလသတ်မှတ်၍ သီးခြားထားခြင်း၊ မေထုန်မှဲ့သားစပ်လုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နယ်မြေခံတိရစ္ဆာန်ဆေးကုဆရာဝန်နှင့် တိုင်ပင်၍ ဆောင်ရွက်ခြင်းတို့ဖြင့် မိမိတို့၏ မိရိုးဖလာမွေးမြူမှုပုံစံကို ခေတ်မီသော မွေးမြူမှုပုံစံသို့ ပြောင်းလဲရမည်”**



အလားတူဖြစ်ရပ်မျိုးကို ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ရခိုင်ပြည်နယ် မင်းပြားနှင့် ရမ်းဗြဲမြို့နယ်နှင့် ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်တွင် ဖြစ်ပွားပေါ်ပေါက်ခဲ့သည်။

**သက်ဆိုင်ရာသို့ သတင်းပေးပို့မှုအားနည်း**

ထိုကဲ့သို့ ကျွဲနွားလည်ချောင်းကွဲရောဂါဖြစ်ပွားမှုအကြောင်းရင်းကို လေ့လာသုံးသပ်ကြည့်ပါက ရောဂါဖြစ်ကျွဲနွားများကို သီးခြားခွဲမထားဘဲ စားကျက်လွှတ်ကျောင်းကွင်း၌ အတူတကွလွှတ်ကျောင်းခြင်း၊ ရောဂါဖြင့်သေဆုံးသည့် ကျွဲနွားများကိုလည်း မီးရှို့ဖျက်ဆီးခြင်းမပြုဘဲ စားသောက်ခြင်း၊ တိရစ္ဆာန်ရောဂါဖြစ်ပွားမှုဖြစ်စဉ်ကို သက်ဆိုင်ရာဌာန အာဏာပိုင်သို့ သတင်းပေးပို့မှုအားနည်းခြင်းတို့ကို လေ့လာတွေ့ရှိခဲ့ရသည်။

ထို့ကြောင့် မွေးမြူထားသည့် ကျွဲနွားများကို လက်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရေးဆွဲလျက်ရှိသည့် ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်ပါ နည်းလမ်းအတိုင်း သင့်လျော်သောနေရာတွင် ခြံခတ်မွေးမြူခြင်း၊ ခြံနှင့်ပတ်ဝန်းကျင်ကို သန့်ရှင်းစွာထားခြင်း၊ အလုပ်ခွင်တွင် ခိုင်းစေပြီးနောက် လုံလောက်စွာ အနားပေးခြင်း၊ အစာရေစာ အလုံအလောက် ထောက်ပံ့ပေးခြင်း စသည့် အလေ့အကျင့်ကောင်းများကို ဖော်ဆောင်သွားရမည်ဖြစ်သည်။

**တိရစ္ဆာန်ဆေးကုဆရာဝန်နှင့် တိုင်ပင်**

သမားရိုးကျ တိရစ္ဆာန်အစာများအပြင် ဖြည့်စွက်စာများကျွေးခြင်း၊ အများသုံးစားကျက်များတွင် စုပေါင်းလွှတ်ကျောင်းခြင်းမှ ရှောင်ကြဉ်ခြင်း၊ ပြင်ပနေရာမှ ကျွဲနွားဝယ်လာပါက မိမိခြံရှိ တိရစ္ဆာန်များနှင့် ပူးတွဲမထားဘဲ စောင့်ကြည့်ကာလသတ်မှတ်၍ သီးခြားထားခြင်း၊ မေထုန်မှဲ့သားစပ်လုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နယ်မြေခံ တိရစ္ဆာန်ဆေးကုဆရာဝန်နှင့် တိုင်ပင်၍ ဆောင်ရွက်ခြင်းတို့ဖြင့် မိမိတို့၏ မိရိုးဖလာမွေးမြူမှုပုံစံကို ခေတ်မီသော မွေးမြူမှုပုံစံသို့ ပြောင်းလဲရမည်ဖြစ်သည်။

သို့မှသာ တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ ပေါ်ထွက်လာပြီး အသားထွက်နှုန်း/နို့ထွက်နှုန်းများ ကောင်းမွန်နိုင်ပြီး တိရစ္ဆာန်ကူးစက်ရောဂါကို ကာကွယ်နိုင်သည့် အကျိုးကျေးဇူးများကို ခံစားရရှိနိုင်မည်ဖြစ်ပေသည်။

ထို့ကြောင့် တိရစ္ဆာန်ကူးစက်ရောဂါများကို ကြိုတင်ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ကာကွယ်ရမည့်အပြင် မိရိုးဖလာမွေးမြူမှုမှ တစ်ဆင့် ခေတ်မီမွေးမြူမှုပုံစံ ပြောင်းလဲခြင်းဖြင့် တိရစ္ဆာန်၏ ကောင်းကျိုးချမ်းသာကိုလည်း အထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။

**စီးပွားရေးထိခိုက်ဆုံးရှုံးမှုလျှော့ချနိုင်**

ထို့ပြင် တိရစ္ဆာန်ကူးစက်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် ကျွဲနွားဆုံးရှုံးမှုများ၊ သေဆုံးတိရစ္ဆာန်၊ နာမကျန်းတိရစ္ဆာန်များကို ကုသခြင်းကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးထိခိုက်ဆုံးရှုံးမှုများကိုလည်း လျှော့ချနိုင်ပေမည်။ ထိုကဲ့သို့ ထိခိုက်ဆုံးရှုံးများ လျှော့ချနိုင်သကဲ့သို့ မိမိတို့မွေးမြူထုတ်လုပ်မှုကဏ္ဍမှ အကျိုးအမြတ် အသီးအပွင့်များကိုလည်း ခံစားနိုင်မည်ဖြစ်ပြီး မွေးမြူသူများ၏ လူမှုစီးပွားဘဝလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ် သောကြောင့် **“တိရစ္ဆာန်ကူးစက်ရောဂါများကာကွယ်ဖို့ မွေးမြူမှုပုံစံပြောင်းလဲစို့”** ဟု တိုက်တွန်းရေးသားအပ်ပါသည်။ ။

# မုံရွာစက်မှုဇုန်မှ တီထွင်ထုတ်လုပ်သော စပါး၊ ပဲ၊ ပြောင်းနှင့် သီးနှံမျိုးစုံအခြောက်ခံစက် ဆန်စက်ပိုင်ရှင်နှင့် တောင်သူတို့ အထူးစိတ်ဝင်စား

**ရန်ကုန် မတ် ၂**

စပါးထည့်ချိန်နာရီဝက်၊ အခြောက်ခံချိန်နာရီဝက်ဖြင့် စပါး၊ ပဲ၊ ပြောင်းနှင့် သီးနှံမျိုးစုံကို တစ်နာရီလျှင် တန် ၃၀ ထုတ်လုပ်နိုင်သည့် မြန်မာပြည်မှ ကိုယ်ပိုင်တီထွင် ထုတ်လုပ်သော အခြောက်ခံစက်ကို ရန်ကုန်မြို့ သာကေတမြို့နယ် Fortune Plaza ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ လယ်ယာသုံး စက်ကိရိယာပြပွဲတွင် ဖွင့်လှစ်ပြသလျက်ရှိရာ ဆန်စက်ပိုင်ရှင်များနှင့် တောင်သူများ အထူးစိတ်ဝင်စားလျက်ရှိသည်။

“အခြားနိုင်ငံက လယ်ယာသုံးပစ္စည်းတွေထက် ကိုယ့်နိုင်ငံက ပစ္စည်းကို အသုံးပြုပြီး တောင်သူတွေအတွက် သေချာခိုင်မာတဲ့ အရည်အသွေးကို ရစေလိုတဲ့ဆန္ဒနဲ့ တီထွင်ထုတ်လုပ်ဖြစ်တာပါ။ ဒါဟာ ပထမဆုံးအောင်မြင်မှုပါ။ ၂၀၁၉ ခုနှစ် မေလကစပြီး ထုတ်လုပ်ခဲ့တာ။ မြန်မာနိုင်ငံမှာ ပထမဆုံး တီထွင်ထုတ်လုပ်တဲ့ သီးနှံမျိုးစုံ အခြောက်ခံစက်ဆိုရင်လည်း မမှားပါဘူး”ဟု မုံရွာစက်မှုဇုန်မှ ကိုအောင်သူက ပြောသည်။

စိုက်ပျိုးရေးနိုင်ငံဖြစ်၍ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရာတွင် စက်မှုကဏ္ဍ တီထွင်ဆန်းသစ်မှုဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို တိုးတက်အောင်မြင်စေမည်ဖြစ်ရာ မုံရွာစက်မှုဇုန်မှ မြန်မာပြည်တွင် ပထမဆုံး ပြည်တွင်းဖြစ် ထုတ်လုပ်လိုက်သော သီးနှံမျိုးစုံ အခြောက်ခံစက်အား ကြည့်ရှုလေ့လာသော တောင်သူတို့ဖြင့် လယ်ယာသုံးစက်ကိရိယာပြပွဲတွင် စည်ကားလျက်ရှိသည်။ ယနေ့တိုင် ပြည်ပနိုင်ငံများမှ လယ်ယာထွက်စက်ပစ္စည်းများ ဝယ်ယူအသုံးပြုရလျက်ရှိရာ ပြုပြင်ရမည့်ကဏ္ဍတို့တွင် အခက်အခဲများစွာ ကြုံတွေ့ရသောကြောင့် ယခုလို ပြည်တွင်းစက်မှုဇုန်မှ တီထွင်ထုတ်လုပ်နိုင်မှုအပေါ် တောင်သူနှင့် ဆန်စက်ပိုင်ရှင်များ အားရကျေနပ်လျက်ရှိသည်။

“အိမ်နီးချင်းနိုင်ငံက ထုတ်တဲ့ သီးနှံအခြောက်ခံစက်နဲ့ ဈေးတူတယ်။ ဒါပေမယ့် စက်ပိုင်းဆိုင်ရာ ပစ္စည်းနဲ့ ပတ်သက်ရင် ဖုန်းဆက်ပြီး ပြင်လို့ရမယ်၊ မေးမြန်းလို့ရမယ်။ သိပ်အားရတယ်။ တောင်သူတွေအတွက် စိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့ စက်မှုပစ္စည်းတွေ များများတီထွင်ပါ။ ကျုပ်တို့တွေ ပြည်တွင်းဖြစ်ကို အားပေးဖို့ အဆင်သင့်ပဲ။ ဈေးနှုန်းမပြောဘူး။ အရည်အသွေးပိုင်းကို ထိန်းနိုင်ရင် ကျေနပ်တယ်” ဟု မှော်ဘီမြောင်းတကာမှ ဆန်စက်ပိုင်ရှင် တစ်ဦးက ပြောသည်။



ကိုအောင်သူ

တစ်နာရီလျှင် တန် ၃၀ ထုတ်လုပ်နိုင်ခြင်း၊ အပေါ်လွန်းလိန်နှင့် အောက်လွန်းလိန်အသုံးမပြုခြင်းကြောင့် စပါးအကျိုးအကြေ သက်သာစေပြီး လွန်းလိန်ပွန်းစားမှု လွန်းလိန်အသစ်လှယ်ရခြင်းကင်းဝေးခြင်း၊ LSU ပုံစံ အခြောက်ခံသော နည်းပညာကို အသုံးပြုကာ အမေရိကန် Louisiana State University မှ ဒီဇိုင်းထုတ်ထားသည့် နည်းပညာဖြင့် အခြောက်ခံလွှာ သုံးလွှာအထိ အသုံးပြုထားခြင်း၊ ဖုန်မှုန့်ထိန်းချုပ်သော နည်းပညာနှင့် ပတ်ဝန်းကျင်တွင် အခြောက်ခံစက်မှ ထွက်ရှိသည့် အမှိုက်သရိုက်ဖုန်မှုန့်များထွက်ရှိမှု နည်းပါးသောကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု နည်းပါးခြင်း၊ စပါးအစိုဓာတ်ပေါ်မူတည်၍ အပူချိန် အလိုအလျောက် ပြောင်းလဲနိုင်သောကြောင့် ခြောက်သွေ့မှုမြန်ဆန်၍ အကျိုးအကြေမရှိဘဲ လေပူ လေအေးစနစ် ထည့်သွင်းထားခြင်း၊ အလိုအလျောက် အခြောက်ခံစက်ကို ထိန်းချုပ်သောစနစ် ထည့်သွင်းထားခြင်း၊ အခြောက်ခံဇုန်အတွင်းရှိ သံမဏိများကို ၁၀ နှစ်အထိ အာမခံအသုံးပြုနိုင်ခြင်း စသော အခြောက်ခံစက်၏ အားသာချက်များပါရှိကြောင်း သိရသည်။




ပြည်တွင်းထုတ် သီးနှံမျိုးစုံအခြောက်ခံစက်။

**သန်းထိုက်၊ ဓာတ်ပုံ– သန်းစိုး**

# ရွှေစာရံဘုရားပွဲတော်သို့ ပွဲတော်မတိုင်မီမှာပင် လာရောက်လည်ပတ်သူများ စည်ကားလျက်ရှိ

မန္တလေး မတ် ၂

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာအနီးရှိ ရွှေစာရံဘုရားပွဲတော်ကြီးကို တပေါင်းလပြည့်နေ့မှ လပြည့်ကျော် ၉ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သလို ပွဲတော်မတိုင်မီလက်ရှိအချိန်မှာပင် လာရောက်လည်ပတ်သူများ၊ ဈေးသည်များဖြင့် စည်ကားလျက်ရှိသည်။

ရွှေစာရံစေတီ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးပြေငြိမ်းက "ပွဲတော်ရက်မဟုတ်သေးပေမယ့် ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်တွေ ဖြစ်နေတော့ အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူတွေနဲ့ စည်ကားနေပါတယ်။ ဘုရားပွဲတော် ဈေးဆိုင်တန်းတွေမှာ မြန်မာ့ရိုးရာအစားအစာတွေ၊ တောင်သူအသုံးအဆောင် ပစ္စည်းတွေ၊ ထန်းရွက်နဲ့လုပ်တဲ့ပစ္စည်းတွေ၊ ဝါးနဲ့လုပ်တဲ့ ပစ္စည်းတွေ၊ ရှမ်းတိုင်းရင်းသားရိုးရာ အဝတ်အထည်တွေနဲ့ အသုံးအဆောင်ပစ္စည်းတွေ၊ ရှမ်းဒေသထွက်ကုန်တွေ၊ အစားအစာတွေ၊ ရှမ်းတိုင်းရင်းဆေး အသုံးအဆောင်ပစ္စည်းတွေ၊ ဆေးဖက်ဝင် သစ်မြစ်၊ သစ်ဥ၊ သစ်ဖု၊ ဆေးပင်ငယ်တွေ ရောင်းချနေပါတယ်။ ဒီနှစ် ဘုရားပွဲတော်မှာ ဈေးဆိုင်ခန်းပေါင်း ၁၀၀၀ ကျော်ရှိပါတယ်"ဟု ပြောသည်။

ဘုရားပွဲတော်သို့ လာရောက်၍ ဈေးရောင်းနေသော ကျောက်ဆည်မြို့နယ် ညောင်ဝန်းကျေးရွာမှ ဈေးသည်တစ်ဦးက ''တပေါင်းလဆန်းလောက်ကတည်းက ဒီမှာ ထန်းရွက်နဲ့လုပ်ထားတဲ့ မြန်မာမှုပစ္စည်းတွေ လာရောင်းနေတာပါ။ ထန်းရွက်ပုတီးဆိုရင် နှစ်ကုံး ငါးရာကျပ်၊ ငါးကုံး တစ်ထောင်ကျပ်နဲ့ ရောင်းပါတယ်။ ထန်းရွက်ငါး အသေးတွေကတော့ နှစ်ကောင် ငါးရာပါ။ ထန်းရွက်ငါးကတော့ အရွယ်အစား ကြီးရင်ကြီးသလို ဈေးနှုန်းပိုများသွားပါတယ်။ မြန်မာမှုပစ္စည်းတွေကို ကိုယ်တိုင်လုပ်ပြီး ရောင်းတာဖြစ်လို့ ဈေးနှုန်းချိုသာပါတယ်။ ဈေးနှုန်းချိုသာပြီး ပွဲတော်ရဲ့ အထိမ်းအမှတ် ပစ္စည်းလေးတွေဆိုတော့ ရောင်းကောင်းပါတယ်"ဟု ပြောသည်။

ရွှေစာရံစေတီတော်သည် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီး၏ မိဖုရားတစ်ပါးဖြစ်သော ရှမ်းမင်းသမီး စောမွန်လှ တည်ထားခဲ့သော ဘုရားဖြစ်ပြီး ဘုရားပွဲမှာလည်း ရှမ်းလူမျိုးများ အများအပြား လာရောက်လေ့ရှိသော ပွဲတော်တစ်ခုဖြစ်ရာ ရှမ်းရိုးရာယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာအရ ရှမ်းအိုးစည်ဝိုင်းဖြင့် ကပြ ဂါဝရပြုမှုများလည်းရှိကြောင်း သိရသည်။ ထို့အပြင် ရွှေစာရံဘုရားပွဲတော်သည် နှစ်စဉ်မြန်မာနိုင်ငံအနှံ့မှ ဘုရားဖူးများဖြင့် ကြိတ်ကြိတ်တိုးစည်ကားသော ပွဲတော်တစ်ခုလည်းဖြစ်ကြောင်း သိရသည်။

သန်းဇော်မင်း(ပြန်/ဆက်)



# အင်းတော်ကြီး ရွှေမဉ္ဇူရေလယ်ဘုရားပွဲ ဖွင့်ပွဲနှင့် ငါးကောင်ရေ ၁၂၀၀၀၀ လွှတ်ပွဲကျင်းပ

အင်းတော်ကြီး မတ် ၂

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးမြို့ရှိ ရွှေမဉ္ဇူ ရေလယ်ဘုရား၏ (၁၅၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားနှင့် အင်းအတွင်းသို့ ငါးကောင်ရေ ၁၂၀၀၀၀ လွှတ်ပွဲကို မတ် ၁ ရက်က ကျင်းပခဲ့သည်။

ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲတွင် ချောင်းဝဆရာတော် ဦးတေဇနိယ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးဝေလင်း၊ လူမှုရေးဝန်ကြီး ဦးနေလင်း၊ စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းစိန်လင်း၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခင်မောင်မြင့်(ခ)ဦးဒိတ်နှင့် တာဝန်ရှိသူများက ဘုရားပွဲမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ရွှေမဉ္ဇူရေလယ်ဘုရားရင်ပြင်၌ ဟဲပုကျောင်းတိုက်ဆရာတော်က ဦးဆောင်၍ ဘုရားအနေကဇာတင်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းဦးက သာသနာရေးဆိုင်ရာများနှင့် ဘုရားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားမှုများကို လျှောက်ထားကာ ချောင်းဝဆရာတော်က သြဝါဒချီးမြှင့်ခဲ့သည်။ ဆက်လက်၍ အင်းတော်ကြီးအတွင်းသို့ ဇီဝိတဒါန ငါးလွှတ်ပွဲကို ကျင်းပပြီး ဆရာတော် သံဃာတော်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ငါးအကောင်ရေ ၁၂၀၀၀၀ ကို အင်းအတွင်း လွှတ်ပေးခဲ့သည်။

ဘုရားပွဲဖွင့်ပွဲသို့လာရောက်သည့် ဧည့်ပရိသတ်များအား ဝူဟန်အဆုတ်ရောင်ရောဂါအကြောင်း အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့သလို ပွဲတော်သို့လာသူများ အချိန်မရွေး လက်ဆေးနိုင်ရန်အတွက် လက်ဆေးကန်များနှင့် ဆေးဝါးကုသမှုပေးနိုင်မည့် အစီအစဉ်များကိုလည်း ပြင်ဆင်ဆောင်ရွက်ထားကြောင်း သိရသည်။

နီတိုး

# သံဃာတော်များနှင့် သီလရှင်များအား မျက်စိစမ်းသပ်ခြင်းနှင့် အထွေထွေဆေးကုသပေးခြင်းများ ပြုလုပ်ပေး

သထုံ မတ် ၂

မွန်ပြည်နယ် သထုံမြို့ပေါ်ရှိ ဆရာတော် သံဃာတော်များနှင့် သီလရှင်များအား ဆွစ်ဇာလန်နိုင်ငံအခြေစိုက် One Dollar Glasses အဖွဲ့မှ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် သမားတော်ကြီးများက သထုံမြို့ မြသပိတ်တောင်ခြေရှိ သဒ္ဓမ ဇောတိကာရာမကျောင်းတိုက်၌ ဖေဖော်ဝါရီ ၂၉ ရက်နှင့် မတ် ၁ ရက်က အခမဲ့ မျက်စိစမ်းသပ်စစ်ဆေး ခွဲစိတ်ပေးခြင်းနှင့် မျက်မှန်များပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ဆွစ်ဇာလန်သမားတော်ကြီးများအဖွဲ့၏ အခမဲ့ မျက်စိစမ်းသပ် ခွဲစိတ်ကုသပေးမှုတွင် သထုံမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်မာမာခိုင်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်တို့၏ ဦးဆောင်မှုဖြင့် သထုံမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များက လိုအပ်သည်များကို ကူညီပေးခဲ့သလို သထုံခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအိနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်း(သထုံ)မှ ဒေါက်တာပြုံးချိုနှင့် အဖွဲ့ဝင်များကလည်း သံဃာတော်နှင့် သီလရှင်များအား အထွေထွေ ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သက်ဦး(သထုံ)


## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 67W/64440 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းလတ် ၉/မထလ(နိုင်) ၀၅၁၇၈၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 57W/97069 Honda Scoopy 110ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးအောင် ၉/ကပတ(နိုင်)၂၀၄၀၇၁ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ) ရပ်ကွက်၊ ၁၅၇လမ်း၊ အမှတ် ၉၇/၉၉ ခုနစ်ထပ်တိုက်၊ သုံးခန်းတွဲ အလယ်၊ ပထမထပ်၊နှစ်လွှာ ၊ အခန်း(B-2)အခန်း တရားဝင်ပိုင်ဆိုင်သူအနေဖြင့် မြေရှင်/တိုက်ရှင်နှင့် ညှိနှိုင်း၍ ရောင်း/ပေါင်/လွှဲပြောင်းကိစ္စများ ဆောင်ရွက်ပါရန်နှင့် မိမိတို့သဘောဆန္ဒအရ တစ်ဖက်သတ်ဆောင်ရွက်သော ကိစ္စရပ်များအတွက် မြေပိုင်ရှင်မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြေရှင်/တိုက်ရှင်
ဦးခင်မောင်ကြူး
ဖုန်း -၀၁-၅၅၄၈၅၇

## ကားငှားမည်

1- Prado YGN-3J-----(ကျောက်စိမ်းရောင်)
တစ်လ ငှားရမ်းခ (၇) သိန်း
2- AD Van(နွားကြီး)2008 နံပါတ်အနက် YGN- 4E
တစ်လ ငှားရမ်းခ - သုံးသိန်းခွဲ၊ စပေါ်တစ်လစာ တင်ရမည်။

Ph-09-5131831, 09- 459031747

## ပျောက်ဆုံးခြင်း

SMART WINNER LIFE ကုမ္ပဏီသည် မန္တလေးတိုင်းဒေသကြီး၊ အမှတ်(၃)၊ ချမ်းအေးသာဇံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အမှတ်၁၂၈၊ ၆၄လမ်း၊ ၂၆x၂၇ လမ်းကြားတွင် ရုံးခန်းဖွင့်လှစ်လုပ်ကိုင်လျက်ရှိပါသည်။ SMART WINNER LIFE ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်သူ ဦးကျော်မျိုးလှိုင်(ဘ)ဦးသိန်း ၅/ကဘလ(နိုင်)၁၂၄၆၀၄ သည် SMART WINNER LIFEကုမ္ပဏီ၏ သွင်းကုန်ထုတ်ကုန် လိုင်စင်မှာ ၂၄-၂-၂၀၂၀ ရက်တွင် သွင်းကုန်ထုတ်ကုန်လုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း ၎င်းလိုင်စင်မှာ ကုမ္ပဏီ၏ ရုံးခန်းတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဆက်သွယ်ရန်ဖုန်း-၀၉-၇၇၇၇၀၂၀၂၀၊ ၀၉-၂၅၄၂၂၂၁၃၁

## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း
### တင်ဒါအမှတ်(၃/၂၀၁၉-၂၀၂၀)

ရန်ကုန်-ပုသိမ်လမ်း (ဧရာဝတီတိုင်းဒေသကြီးအပိုင်း) မိုင်(၁၇/၄-၄၁/၃) ကြား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် Slope Protection လုပ်ငန်းများတွင် အသုံးပြုမည့် Steel Sheet Pile နှင့် PVC Sheet Pile များအား လုပ်ငန်းခွင်အရောက်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

လိုအပ်သည့်ပစ္စည်းများ၏ အမျိုးအစား၊ အရည်အသွေး၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် ၆-၃-၂၀၂၀ ရက်မှစ၍ ဖော်ပြထားပါမည်။

၁။ တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန် - ၆-၃-၂၀၂၀ရက် သောကြာနေ့ (နံနက် ၁၀:၀၀)နာရီ
၂။ တင်ဒါပိတ်မည့်ရက်/အချိန် - ၃၀-၃-၂၀၂၀ရက်(တနင်္လာနေ့) (ညနေ ၄:၃၀)နာရီ
၃။ တင်ဒါဖွင့်မည့်ရက်/အချိန် - ၃၁-၃-၂၀၂၀ရက်(အင်္ဂါနေ့) (နံနက် ၁၀:၀၀)နာရီ
၄။ တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ - လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့။

တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ဖုန်း-၀၄၂-၂၁၁၁၈တွင် ၆-၃-၂၀၂၀ ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၄၂-၂၁၁၁၈

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၁၈၈၇၊ ဧရိယာ ၀ဒသမ၀၈၂ ဧကရှိ ဦးဝင်းယု အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်နှင်းအေးခိုင်(ဘ)ဦးလွင်မြိုင် ၁၂/လမန(နိုင်)၁၂၂၃၁၈ မှ မြေပေးမိန့် ၊အရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာ အမှတ်(၆၀၇/၂၀၂၀)၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်၊ လျှောက်ထားသူ ၏ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ကြော်ငြာပါသည့်ရက်မှ စ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
### ကျွန်းလှမြို့နယ်တရားရုံးတော်
### ၂၀၁၉ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၄

ဦးသိန်းဝင်း နှင့်
၁။ ဦးအုန်းလှိုင်
၂။ ဦးကြည်ဝင်း
၃။ ဒေါ်စိန်
၄။ ဦးသန်းထွန်း
၅။ ဒေါ်ပု
၆။ ဦးရွှေဥ
၇။ ဦးစိုး
၈။ ဦးစိုးရွှေ
၉။ ဦးသန်းဇော်ထွေး
၁၀။ ဒေါ်စိန်ကြည်
၁၁။ ဦးသန်းမြင့်
၁၂။ ဦးအောင်မင်း
၁၃။ ဒေါ်ဝင်းကြည်

တရားလို တရားပြိုင်များ

မြစ်ကြီးနားမြို့နယ်၊ ဆင်းဘိုတာလောကြီးရွာ နေ အမှတ်(၆)တရားပြိုင် ဦးရွှေဥ(ယခုနေရပ်လိပ်စာမသိ)နှင့် ပင်လည်ဘူး မြို့နယ်၊ ကျွဲတက်ရပ်ကွက်နေ အမှတ်(၇)တရားပြိုင် ဦးစိုး(ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

သင့်အပေါ် တရားလိုက "အမွေပုံစီမံခန့်ခွဲပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် ဆက်စပ်၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့ တည်းမဟုတ် ၎င်းအမှုနှင့် ဆက်စပ်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် မတ် ၂၄ရက် (၁၃၈၁ခုနှစ် နှောင်းတန်ခူးလဆန်း ၁ရက် ) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါ ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ယင်းငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုရန်လိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အေးယုမွန်)
မြို့နယ်တရားသူကြီး
ကျွန်းလှမြို့နယ်တရားရုံး

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျုံပျော်မြို့နယ်၊ ပင်လုံ(၄)ရပ်ကွက်၊ ခဲဘောင်ခရေလမ်း အထက(၁) ပဉ္စမတန်း(E)မှ မခင်ဝေထက်နှင့် နဝမတန်း(A)မှ မယမင်းထက်တို့၏ဖခင် ဦးဆန်းလင်း(ခ)ဦးစံလင်း ၁၄/ကပန(နိုင်)၁၄၃၆၅၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 49W/48031.Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၁၂၅၅၉, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ Ever Ok Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)

စာအုပ်
စာပေ
လူ့မိတ်ဆွေ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စန်းမြင့် အသက်(၇၈)နှစ်

ဟသ်ာတမြို့နေ (ဦးအဝင်း-ဒေါ်စိန်ရင်)တို့၏ သမီးငယ်၊ သာစည်မြို့နေ(ဦးစံမြ-ဒေါ်စောလှ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေပုန်းညက်ရိပ်မွန်အိမ်ရာ၊ ရွှေမဥ္ဇူလမ်း၊ အမှတ် (အက်စ် 1)နေ (ဦးပုကြည်၊ ညွှန်ကြားရေးမှူး-ငြိမ်း၊ MPPE) ၏ဇနီး၊ ဦးကျော်သန့် (PUMA Energy)- ဒေါ်မိုးနီလာအောင် (YCDC)၊ မထွန်းပပ(Shwe FM)တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မသင်းနန္ဒီဆွေ၊ မအေးမြတ်စန္ဒီကျော်၊ မောင်စိုးပြည့်ထွန်းတို့၏ အဘွားသည် ၁-၃-၂၀၂၀ရက် ည ၆:၁၀နာရီတွင် ဂရင်းဟံသာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၂၀ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၇-၃-၂၀၂၀ရက် (စနေနေ့)နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ဖော်ပြပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတား၊
ရေတွင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်စန်းရီ

### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ၎/စက်မှုလက်မှုရပ်ကွက်၊ ပဒုမ္မာလမ်း၊ အမှတ်(၁၆၈)နေ (ဦးတီ-ဒေါ်တူး)တို့၏ သမီး၊ (ဦးကြိုင်-ဒေါ်အုန်းရင်)တို့၏ချွေးမ၊ ဦးပြုံး-ဒေါ်စိန်သန်းတို့၏ညီမ၊ ဦးလှမြိုင်-(ဒေါ်စန်းကြည်)၊ (ဦးစိန်လှ)-ဒေါ်ခင်ကြူကြူ၊ (ဦး အောင်ဆွေ-ဒေါ်မြင့်ကြည်)၊ ဦးမြင့်ဆွေ-ဒေါ်ရီလေး၊ ဦးဇော်တင်-ဒေါ်လှလှဌေး၊ ဦးသောင်းငွေ-ဒေါ်ညွန့်ရီ၊ ဦးဘိုဝ-ဒေါ်ကျင်ငွေ၊ (ဦးချစ်သိန်း)-ဒေါ်ကျင်ရွှေ၊ ဦးသိန်းထွန်းအောင်-ဒေါ်ခင်အေး၊ ဦးသန်းအောင်-ဒေါ်စန်းဌေးတို့၏အစ်မ၊ ဦးမျိုးခိုင်-ဒေါ်ကြူကြူသင်း၊ ဦးသိန်းဌေး-ဒေါ်ကြူကြူမွှေး၊ ဦးတင်မောင်အုန်း-ဒေါ်နီလာဝင်း၊ ဦးကျော်စွာလင်း-ဒေါ်ကေခိုင်စိုး တို့၏မိခင်၊ ဦးသောင်းရွှေ၏ဇနီး၊ မြေးရှစ် ယောက်တို့၏အဘွားသည် ၂-၃-၂၀၂၀ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၃-၂၀၂၀ရက်(တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါ မြောက်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း

## ဦးမျိုးမြင့်

### အသင်းဝင်အမှတ်(၂၂၂)

### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁)ရပ်ကွက်၊ မဟော်သဓာလမ်း၊ အမှတ်(၄၁၀)နေ ဒေါ်ခင်ခင်ဆွေ၏ခင်ပွန်း ဦးမျိုးမြင့်သည် ၂-၃-၂၀၂၀ရက် နံနက် ၇:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၂၀ရက် ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးကိုကို

### အသက်(၇၈)နှစ်

နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ ကြိုးကြာအင်းအုပ်စု၊ ကြိုးကြာအင်းကျေးရွာနေ ဒေါ်မမလေး၏ ချစ် လှစွာသောခင်ပွန်း၊ ဦးခင်မောင်အေး-ဒေါ်ခင်သိန်း၊ ဦးခင်မောင်ငွေ-ဒေါ်ဝင်းနွဲ့၊ ဦးမင်းသိန်း(ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန)-ဒေါ်လွင်မာလတ်၊ ဦးကိုကြီး-ဒေါ်ခင်အေးမူ၊ ဦးကြည်လွင်(မြို့နယ်ဦးစီးမှူး၊ ဖားကန့်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန)-ဒေါ်ဝင်းဝင်းအေး၊ ဦးမြင့်ထွန်း-ဒေါ်ခင်အေးကြူ၊ ဦးစိုးမိုးအောင်(မြေတိုင်း-၄၊ ဇေယျာသီရိမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန)-ဒေါ်ခင်အေးနွယ်တို့၏ဖခင်၊ မြေး ၁၉ ယောက်၊ မြစ် ခုနစ်ယောက်တို့၏အဘိုးသည် ၂-၃-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၀:၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာသုဂတိလားပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ဦးသက်နိုင်ဦး(ညွှန်ကြားရေးမှူးချုပ်)ဇနီး ဒေါ်ဝင်းစံဖြူ**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တဂါရဝါလင်္ကာရာဘိဝံသ

### သက်တော်(၅၇)နှစ်၊ သိက္ခာတော်(၃၇)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်(ဇေကမ္ဗာဝင်း)၊ မဟာဂန္ဓာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် သက်တော်(၅၇)နှစ်၊ သိက္ခာတော်(၃၇)ဝါ၊ ဘဒ္ဒန္တဂါရဝါလင်္ကာရာဘိဝံသ(သာသနာလင်္ကာရသာမဏေကျော်၊ သ-စ-အ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ တိုင်းသံဃဝန်ဆောင် (ရွှေကျင်)၊ ရွှေကျင်နိကာယဂိုဏ်းလုံးဝန်ဆောင်နာယက)သည်(၁၃၈၁ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်)၂၀၂၀ပြည့်နှစ် မတ် ၁ ရက် မွန်းလွဲ ၁၂:၅၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါသည်။

သို့ဖြစ်ပါ၍ (၁၃၈၁ခုနှစ် တပေါင်းလဆန်း ၁၂ရက်)၂၀၂၀ပြည့်နှစ် မတ် ၅ ရက် မွန်းတည့် ၁၂နာရီတွင် မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ မဟာဂန္ဓာရုံကျောင်းတိုက်၌ သာစုကီဠနသဘင် အခမ်းအနားဆင်ယင်ကျင်းပပြီး ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနပူဇာသတင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာများနှင့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပပူဇော်ရေးကော်မတီ

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်အေးအေးမြင့် (မော်လမြိုင်)

### အသက်(၈၇)နှစ်

ရန်ကုန်မြို့နေ (ဦးထွန်းမြိုင်-ဒေါ်ငြိမ်းရင်)တို့၏သမီး၊ (ဦးဘိုးတင်-ဒေါ်ထွန်းမယ်)တို့၏သမီးချွေးမ၊ (ဗိုလ်ကြီးထွန်းလွင်) ၏ဇနီး၊ (ဦးငွေဘော်-ဒေါ်ချစ်စိန်)၊ (ဦးမောင်ဝင်း-ဒေါ်သန်းမေ)၊ (ဦးဝင်းကြည်-ဒေါ်တင်ရီ)တို့၏ညီမ၊ (ဦးမောင်ထိန်)-ဒေါ်အေးကြည်တို့၏ အစ်မ၊ ဦးတင်မောင်ကို-ဒေါ်ဌေးဌေးမြင့်၊ ဦးကျော်ဝင်းသန်း-ဒေါ်ရီရီဝင်း၊ ဒုတိယဗိုလ်မှူးကြီးမောင်မောင်စိုး(ငြိမ်း)(လေယာဉ်မှူးကြီး AWA)-ဒေါ်သိင်္ဂီအေး(အလယ်တန်းပြ-ငြိမ်း၊ အထက-၄၊ ဗိုလ်တထောင်)၊ ဗိုလ်ကြီးခင်မောင်ဦး(ငြိမ်း)-ဒေါ်ရီရီချို( အလယ်တန်းပြ၊ အထက-၂၊ မင်္ဂလာဒုံ)တို့၏မိခင်၊ ကိုအောင်ကျော်ထူး-မအိအိချို၊ ဗိုလ်မှူးကျော်ဖြိုးခိုင်-ဒေါ်လဲ့မွန်မောင်မောင်(ကထိက၊ ဂျာမန်ဘာသာ၊ Y.U.F.L)၊ ကိုဘုန်းမင်းဇော်၊ ကိုအောင်ကျော်သန်း၊ ကိုသန့်စင်ထွန်း၊ ကိုခန့်စင်သော်တို့၏အဘွား၊ မောင်ဖြိုးတေဇကျော်(Grade-1, T.T.C ပြည်လမ်း)၊ မောင်ကောင်းဇေဟိန်း၊ မောင်ဖြိုးသူရကျော်တို့၏ဘွားဘွားကြီးသည် ၁-၃-၂၀၂၀ရက် ညနေ ၆:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂-၃-၂၀၂၀ရက် နံနက် ၈:၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၇-၃-၂၀၂၀ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်း၊ သစ္စာဝါဒီလမ်း၊ အမှတ်(၄၄-၅) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်လှကြည်(အထပြ-ငြိမ်း)

### ရန်ကုန်/စစ်တွေ

### အသက်(၇၇)နှစ်

ရန်ကုန်မြို့နေ ဆရာဝန်ကြီး (ဦးစိန်ခိုင်-ဒေါ်မသာဦး)တို့၏မြေး၊ (ဦးစိန်ထွန်း-စိုက်ဘဏ် မန်နေဂျာ၊ငြိမ်း- ဒေါ်အေးမြ) တို့၏သမီး၊ စစ်တွေမြို့နေ (ဦးမောင်သာမြ-ဒေါ်စန္ဒာ)ရှုဝံဘိလပ်ရည်တို့၏ သမီးချွေးမ၊ စစ်တွေမြို့၊ ရွှေပြားရပ်ကွက်၊ စက်ရုံလမ်းနေ ဦးသန်းရွှေ(အထက ကျောင်းအုပ်၊ ငြိမ်း)၏ချစ်လှစွာသော ဇနီး၊ (ဦးကျော်လှမောင်)ကုန်းလမ်းသယ်ယူပို့ဆောင်ရေး-(ဒေါ်မြင့်မြင့်)၊ (ဦးဘသိန်း)မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်-(ဒေါ်စန်းစန်း)တို့၏ ညီမ၊ (ဒေါ်ကြူကြူ) သမဝါယမဦးစီးဌာနတို့၏ အစ်မသည် ၂၇-၂-၂၀၂၀ရက် ည ၉:၅၀ နာရီတွင် စစ်တွေပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၂-၂၀၂၀ရက် (စနေနေ့)မွန်းလွဲ ၂နာရီတွင် အာကျိတ်တော်ကုန်းသုသာန်၌ သင်္ဂြိုဟ်ပြီး ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေး

### အသက်(၇၆)နှစ်

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ အင်းကန်ကျေးရွာနေ (ဦးစံရီ-ဒေါ်နန်းလုံ)တို့၏ချွေးမ၊ (ဦးကံတော်- ဒေါ်ဖြူဒုတ်)တို့၏ သမီး၊ (ဒေါ်မမ)၏မွေးစားသမီး၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာရပ်ကွက်၊ ဣန္ဒာသယပတ်လမ်း၊ (၇၂/၇၃)၊ အခန်း ၀၀၁နေ ဦးလှခိုင်၏ ချစ်လှစွာသော ဇနီး၊ ဦးလှထွန်းဦး-ဒေါ်နိုင်နိုင်မော်၊ (ဦးသန်းကျော်အေး)၊ ဦးအောင်လှဝင်း(ဆသရ၊ Facility Facilities Department)- ဒေါ်ချစ်မိုးဆွေထွန်း၊ မသိန်းညွန့်(ခ)မသီတာလှိုင်၊ ကိုအောင်ကျော်စိုး(APL Shipping)၊ မစိန်မြကြည်(Carnival Cruise Line)တို့၏ ချစ်လှစွာသောမိခင်၊ မောင်ဇေခန့်အောင်၊ မောင်ဟိန်းဇာနည်၊ မသန့်သစ္စာဥာဏ်တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၂၉-၂-၂၀၂၀ရက်(စနေနေ့)နံနက် ၈:၄၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၁၅နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၃-၂၀၂၀ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အလွမ်း

### (အာရှတော်ဝင်ဆေးရုံနှင့် တော်ဝင်အထူးကုဆေးခန်း)

### အသက်(၈၇)နှစ်

မြင်းခြံမြို့နေ [ဦးငွေ-ဒေါ်သန်းလှ(ဆင်မင်းစတိုး)]တို့၏သမီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၇၆၀)နေ ဦးစွန်တိတ်(နာယက-အာရှတော်ဝင်ဆေးရုံကြီး)၏ ချစ်လှစွာသောဇနီး၊ ရန်ကုန်မြို့နေ ဦးတင့်ဇော်-ဒေါ်ကြည်ကြည်(ဆေးကမ္ဘာဆေးဆိုင်)၊ ဦးသန်းဌေး-ဒေါ်အေးအေး(ကျောက်ဆူးပလတ်စတစ်လုပ်ငန်း)၊ ဦးထွန်းကြည်-ဒေါ်ခင်ခင်သက်(တော်ဝင်ဆေးခန်း)၊ Dr လှဝင်း-Dr တင်တင်မော်(တော်ဝင်ဆေးခန်း)၊ Dr မြတ်သူ-Drခင်ချိုဦး(အာရှတော်ဝင်ဆေးရုံ)၊ ဦးသိန်းဟန်-Drသန်းသန်းနု(အာရှတော်ဝင်ဆေးရုံ)တို့၏ ချစ်လှစွာသော မိခင်၊ မြေး ၁၅ယောက်တို့၏အဘွား၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၂-၃-၂၀၂၀ ရက် (တနင်္လာနေ့)မွန်းလွဲ ၁:၃၄နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့်ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၈-၃-၂၀၂၀ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ် တော်ဝင်ဆေးခန်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်လှ(အင်္ဂပူမြို့)

### လှထိပ်ခေါင်အထည်ဆိုင်

### အသက်(၈၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နေ (ဦးဉာဏ်-ဒေါ်လေးစိန်)တို့၏သမီး၊ (ဦးမောင်ရှင်-ဒေါ်ပု)တို့၏သမီးချွေးမ၊ (ဒေါ်တင်တင်)၏ညီမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၄၈၊ သုံးလွှာ၊ သီတာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်နေ ဦးကျော်ညွန့် (အငြိမ်းစား၊ဗိုလ်တထောင်သတင်းစာတိုက်)၏ဇနီး၊ ဦးသိန်းထွဋ်-ဒေါ်နီလာဝင်း၊ ဒေါ်ကြည်ကြည်ညွန့်၊ ဦးမင်းနိုင်-ဒေါ်သိင်္ဂီထွေး(ရွှေငါးမုန့်)၊ ဒေါ်စိုးစိုးညွန့်တို့၏ မိခင်၊ မောင်ဝင်းထွဋ်ကျော်(တတိယနှစ်၊IC ဒဂုံတက္ကသိုလ်)၊ မောင်ဖွဲ့ခန့်ဝင်း(RMIT Melbourne)၊ မောင်မြတ်မင်းသူ (Grade- 10. TTC )တို့၏ အဘွားသည် ၁-၃-၂၀၂၀ရက် ည ၁၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၃-၂၀၂၀ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၇-၃-၂၀၂၀ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးမျိုးမြင့်

### ဆည်မြောင်းဝန်ထောက်(ငြိမ်း)

### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေဥဒေါင်း-မဟော်သဓာလမ်း၊ အမှတ်(1/410)နေ ကိုဝဏ္ဏအောင်သူ-မနုနုယဉ်၊ ကိုအေးအောင်မျိုး-မကေသီအောင်၊ ကိုအောင်မြင့်မြတ်မျိုး-မဖြူဖြူဝင်း၊ ကိုထွေးအောင်မျိုး-မသိမ့်ထက်ထက်ရှင်၊ ကိုလွင်ကိုကို-မတင်နီလာမျိုး၊ ကိုချိုအောင်မျိုး၊ ကိုသက်အောင်မျိုး-မနန်းသီတာစိုးတို့၏ဖခင်၊ ဒေါ်ခင်ခင်ဆွေ၏ခင်ပွန်း၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂-၃-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၃-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒေါက်တာ စောရှဲလ်တန်မင်း

### အသက်(၅၉)နှစ်

(စောတီဘမင်း-နော်ရှဲလာစံ)တို့၏ သား၊ (ဦးတင်ဦး)-ဒေါ်နိုးနာကြွယ်တို့၏ သားသမက်၊ နော်ချူးလာမင်း-စောဂျောရှုဝါဂျေကော့ဘ်၊ နော်ချူးလစ်မင်း-စောဖူးလ်တန်၊ နော်ထီးနာမင်း-စောနေဘဲလ်တို့၏ မောင်၊ နော်ထရီးဇာမင်း-စောအောရစ်စံဝင်း၊ စောဆန်းဒေးမင်း-နော်ကပြူထူး၊ စောဆမ်မ်ဆင်မင်း-နော်လေးဝါးတို့၏ အစ်ကို၊ အမှတ်(၁၃/စီ)ဒေါ်လှပန်းလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေနော်မိမိစု၏ ချစ်လှစွာသော ခင်ပွန်း၊ Drစောဂေါ်ဒွင်မင်း-နော်မေရီ၊ Dr စောဂျောနသန်မင်း၊ နော်အဘီဂေးလ်မင်းတို့၏ချစ်လှစွာသော ဖခင်၊ တူ/တူမ(၁၄)ယောက်တို့၏ ဦးလေး ဒေါက်တာစောရှဲလ်တန်မင်းသည် ၁-၃-၂၀၂၀ရက် ည၁၀:၂၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၄-၃-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉ နာရီတွင် သမိုင်းကရင်နှစ်ခြင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရန်ကုန်ကရင်နှစ်ခြင်းအနီးသာသနာသုသာန်(ထိန်ပင်)သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးမင်းလွင်

### Vice President

### ACE Data Systems Group

### အသက်(၅၁)နှစ်

ACE Data Systems Group၏ Vice President ဆရာ ဦးမင်းလွင်သည် ၁-၃-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ACE Data Systems Group**

အားလုံးအနာဂတ်လှပဖို့
ခရီးသွားလုပ်ငန်း
မြှင့်တင်စို့

ဆောင်းပါး စာ - ၆

COVID-19 ရောဂါ
စောင့်ကြပ်ကြည့်ရှုမှုနှင့်
ပတ်သက်၍
သတင်းထုတ်ပြန်ခြင်း

စာ - ၁၁

ဆီဆိုင်-မဘိမ်းမြို့နယ်တွင်
စိတ်ကြွရူးသွပ်ဆေးပြားများ
ဖမ်းဆီးရမိ

စာ - ၁၃

# ပထမဆုံးအကြိမ် စစ်တုရင် စီးချင်းထိုးပြိုင်ပွဲ ကျင်းပ

ရန်ကုန် မတ် ၂

ပထမဆုံးအကြိမ်ကျင်းပသည့် မြန်မာနိုင်ငံစစ်တုရင်ချန်ပီယံ အင်တာနေရှင်နယ်မာစတာ ဝင်းဇော်ထွန်းနှင့် စင်ကာပူနိုင်ငံစစ်တုရင် ချန်ပီယံအင်တာနေရှင်နယ်မာစတာ ကီဗင်ဂိုဝီမင်းတို့၏ စစ်တုရင်စီးချင်းထိုးပြိုင်ပွဲ(Match) ကို မတ် ၁ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ပြိုင်ပွဲခန်းမ၌ ကျင်းပသည်။

"ဒီနေ့ပွဲကတော့ စီးချင်းထိုးတဲ့ လက်ရည်စမ်းပွဲပေါ့နော်၊ ကမ္ဘာ့စစ်တုရင် အိုလံပစ်ပြိုင်ပွဲအတွက်လည်း ပြင်ဆင်တဲ့အနေနဲ့ ကစားတာဖြစ်တယ်။ နောက်တစ်ခုက မြန်မာပြည်မှာ ဒီလိုမျိုး စစ်တုရင်မှာ ပြိုင်ပွဲကြီးတွေ ကျင်းပဖူးတယ်။ ဒါပေမယ့် ဒီလိုတစ်ဦးချင်း စီးချင်းထိုးတဲ့ ပွဲဆိုတာမျိုးက မကျင်းပဖူးဘူး" ဟု မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ပြောသည်။

အဆိုပါ စစ်တုရင်စီးချင်းထိုးပြိုင်ပွဲတွင် နံနက် ၉ နာရီတစ်ပွဲ၊ ညနေ ၃ နာရီ တစ်ပွဲ တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ယှဉ်ပြိုင်မည်ဖြစ်ပြီး မတ် ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၅* ❏




မြန်မာနိုင်ငံစစ်တုရင်ချန်ပီယံ အင်တာနေရှင်နယ်မာစတာ ဝင်းဇော်ထွန်းနှင့် စင်ကာပူနိုင်ငံစစ်တုရင် ချန်ပီယံ အင်တာနေရှင်နယ်မာစတာ ကီဗင်ဂိုဝီမင်းတို့ စစ်တုရင်စီးချင်းထိုးယှဉ်ပြိုင်စဉ်။

# ၂၀၂၀ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ အသင်းပေါင်း ၂၅ သင်းဖြင့် ကျင်းပမည်

ရန်ကုန် မတ် ၂

၂၀၂၀ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ဘောလုံးပြိုင်ပွဲကို အသင်းအရေအတွက် တိုးမြှင့်ထားပြီး အသင်းပေါင်း ၂၅ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။

ယခုနှစ်တွင် MNL ကလပ်အသင်းများ၊ MNL-2 (ပထမတန်း) ကလပ်အသင်းများအပြင် အပျော်တမ်းအသင်းများကိုလည်း ပထမဆုံးယှဉ်ပြိုင်ခွင့်ပြုထားသည်။ MNL ကလပ် ၁၂ သင်း၊ MNL-2 ကလပ်အသင်း ရှစ်သင်း၊ အပျော်တမ်းကလပ် ငါးသင်း စုစုပေါင်း ၂၅ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယခုရာသီတွင် အသင်းအရေအတွက် တိုးမြှင့်ထားသောကြောင့် ပြိုင်ပွဲကျင်းပသည့် ပုံစံကိုလည်း အနည်းငယ် အပြောင်းအလဲပြုလုပ်ထားပြီး ဆီမီးဖိုင်နယ်မှလွဲ၍ ကျန်အဆင့်များကို တစ်ကျော့တည်းကျင်းပမည်ဖြစ်သည်။

ပထမအဆင့်တွင် အပျော်တမ်းကလပ်အသင်းများနှင့် ပထမတန်းကလပ်အသင်းအချို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး MNL ကလပ်အသင်းများမှာမူ ဒုတိယအဆင့်မှစတင်ကာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပထမအဆင့်တွင် အပျော်တမ်း ငါးသင်း၊ ပထမတန်းကလပ်အသင်းများဖြစ်သည့် မြဝတီ၊ တက္ကသိုလ်၊ ငွေကြယ်ပွင့်၊ ကချင်ယူနိုက်တက်၊ မောရဝတီ၊ ယောမြေ၊ Junior Lions အသင်း၊ ဒုတိယအဆင့်တွင် ပထမအဆင့်မှ အနိုင်ရလာသည့်ခြောက်သင်းနှင့် MNL နှင့် ပထမတန်းကလပ်အသင်းများဖြစ်သည့် မကွေး၊ Southern၊ ဖွဲ့ကပင်၊ ချင်းယူနိုက်တက်၊ အား/ကာ သိပ္ပံ၊ Chinland အသင်း၊ တတိယအဆင့်တွင် ဒုတိယအဆင့်မှ အနိုင်ရလာသည့်

*စာမျက်နှာ ၁၂ ကော်လံ ၁* ✤




ကာရာဘောင်ဖလား ဗိုလ်စွဲသွားသည့် မန်စီးတီးအသင်းသားများ အောင်ပွဲခံနေစဉ်။

# သုံးနှစ်ဆက် ကာရာဘောင်ဖလားချန်ပီယံဖြစ်ခဲ့တဲ့ မန်စီးတီး

ကာရာဘောင်ဖလားဗိုလ်လုပွဲစဉ်ကို မတ် ၁ ရက် ညပိုင်းက လန်ဒန်ရှိ ဝင်ဘလေ အားကစားကွင်းတွင် အက်စ်တွန်ဗီလာနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကာရာဘောင်ဖလားကို သုံးနှစ်ဆက် ဆွတ်ခူးနိုင်ခဲ့သည်။

မန်စီးတီးအသင်းအတွက် ဂိုးများကို ပွဲကစားချိန် ၂၀ မိနစ်တွင် ဖိုဒန်၏ ဖန်တီးပေးမှုမှတစ်ဆင့် အဂူရိုက သွင်းယူပေးနိုင်ခဲ့သည်။ မန်စီးတီးအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် မိနစ် ၃၀ တွင် ဂန်ဒိုဂန်၏ ဖန်တီးပေးမှုမှတစ်ဆင့် ဖာနန်ဒက်ဇ်က သွင်းယူပေးနိုင်ခဲ့သည်။ ဗီလာအသင်းအတွက် ချေပဂိုးကို ပွဲကစားချိန် ၄၁ မိနစ်တွင် ဂါဇီ၏ ဖန်တီးပေးမှုမှတစ်ဆင့် ဆမ်မတ်သာက သွင်းယူပေးနိုင်ခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❁

# မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာ ဥရောပ၌ကျင်းပမည့်ပြိုင်ပွဲများတွင် ဆက်လက်ယှဉ်ပြိုင်မည်

ရန်ကုန် မတ် ၂

**မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် ဥရောပနိုင်ငံများတွင် ကျင်းပမည့် ကြက်တောင်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။**



သက်ထားသူဇာသည် အာဖရိကနိုင်ငံများတွင် ပြိုင်ပွဲများ ယှဉ်ပြိုင်ပြီးနောက် ပေါ်တူဂီ၊ ချက်နှင့် ဆွစ်ဇာလန်နိုင်ငံများတွင် ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်မည် ဖြစ်သည်။ သက်ထားသူဇာသည် ယခင်က ပိုလန်နိုင်ငံ၌ ကျင်းပမည့်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန် စီစဉ်ထားသော်လည်း ပြိုင်ပွဲပျက်ပြယ်သွားသောကြောင့် ခရီးစဉ်အပြောင်းအလဲပြုလုပ်ခဲ့ရပြီး ဆွစ်ဇာလန်ပြိုင်ပွဲအပြီးတွင် မြန်မာနိုင်ငံသို့ ခေတ္တပြန်လာကာ ဧပြီလဆန်းတွင် ကျင်းပမည့် ပြိုင်ပွဲတွင်ယှဉ်ပြိုင်ရန် ဖင်လန်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။ သက်ထားသူဇာသည် ဖင်လန်ပြိုင်ပွဲ အပြီးတွင်

*စာမျက်နှာ ၁၂ ကော်လံ ၅* ❍

DECOLAND COMPANY LIMITED
DECO
စက္ကူ၊ စာအုပ်နှင့် စာရေးကိရိယာ အမျိုးမျိုး
ONE-STOP TRUSTED PAPER SUPPLIER

**Copy Paper**
Copy Paper
Color Copy Paper

**Printing Paper**
Art Card
Art Paper
Woodfree
Newsprint

**Packaging Paper**
Duplex
Grey Chip Board
Ivory Board

**Special Paper**
Brief Card
Color Brief Card
Color Paper
Color Embossed Card
Gold/Silver Card
NCR Paper
Sticker paper
Tracing Paper

**Stationery paper**
Continuous Form
Fax Roll
NCR Register Roll
Register Roll
Thermal Paper Roll



Hot Line : 013 684292